ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့




## ၂၀၁၆ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ

ကန့်သတ်

ကန့်သတ်

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

# ၂၀၁၆ ခုနှစ် နှစ်ချုပ်အစီရင်ခံစာ

## မာတိကာ


- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ၏ ဥယျောဇဉ်
- ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ၏ အာဘော်

အပိုင်း ( ၁ )

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များ

၁။ နိဒါန်း

- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းမှု
- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၆) ကျင်းပပြုလုပ်ခြင်း
- ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းမှု

အပိုင်း ( ၂ )

သတင်းပို့ဌာနများမှ သတင်းပို့ချက်များ လက်ခံရရှိမှု အခြေအနေ

၂။ သတင်းပို့အဖွဲ့အစည်းများ

၃။ သတင်းပေးပို့ခြင်း

၄။ သတင်းပို့ချက်များ လက်ခံခြင်း၊ စိစစ်ခြင်း၊ ဖြန့်ဝေခြင်းလုပ်ငန်းစဉ်များ တိုးတက်မှုရှိစေရန် ဆောင်ရွက်မှုအခြေအနေ

အပိုင်း ( ၃ )

အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေ

၅။ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းစိစစ်မှု အခြေအနေများ

- စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညှိနှိုင်းမှုများ
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညှိနှိုင်းမှုများ
- ဘဏ်များမှပေးပို့သည့် သတင်းပို့ချက်များအပေါ် စိစစ်ဆောင်ရွက်မှုများ

၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးမှု အခြေအနေများ

၇။ အမှုဖွင့်အရေးယူဆောင်ရွက်ရန် ညွှန်ကြားထားရှိမှု အခြေအနေ

၈။ သက်ဆိုင်ရာတရားရုံးများသို့ တရားစွဲတင်ထားရှိမှု အခြေအနေ

၉။ ၂၀၁၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေအရ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမိန့် ထုတ်ပြန်ပြီး စီးပွါးရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ တို့သို့ တင်ပြ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်သို့ လွှဲပြောင်းပေးပို့မှု အခြေအနေ

၁၀။ ၂၀၁၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ရောင်းချရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှု အခြေအနေ

၁၁။ အခြေပြဇယားများ

## အပိုင်း ( ၄ )

## စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်မှုများ

၁၂။ စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်မှုများ

- သင်တန်းကျောင်းများသို့ သွားရောက်ပို့ချမှု
- စွမ်းရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်မှု

## အပိုင်း ( ၅ )

## နိုင်ငံတကာ ဆက်ဆံရေး

၁၃။ နိုင်ငံတကာ ဆက်ဆံရေး

၁၄။ နိုင်ငံတကာနှင့်ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာများ

- စက်ဘ်ပူနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးရာဌာန၊ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်ဆိုင်ရာရုံး

၁၅။ ပြည်ပအလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေး တက်ရောက်ခဲ့မှုများ

## အပိုင်း ( ၆ )

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း ဆောင်ရွက်မှုများ

၁၆။ နိဒါန်း

၁၇။ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း၏ အဓိပ္ပာယ်

၁၈။ ရည်ရွယ်ချက်

၁၉။ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ ရည်မှန်းချက်တာဝန်များ

၂၀။ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ

၂၁။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အကြောင်းအရင်း

၂၂။ FATF ၏ အများပြည်သူသို့ ထုတ်ပြန်ကြေညာချက် (Public Statement) မှ ပယ်ဖျက်ပေးခြင်း နှင့် အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ခြင်း

၂၃။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး အကြောင်း

- ပထမအဆင့်
- ဒုတိယအဆင့်

၂၄။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းစဉ်

၂၅။ မူဝါဒချမှတ်ပေးခြင်း

ကန့်သတ်

၂၆။ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

၂၇။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ နည်းပညာအကူအညီပေးမည့် အစီအစဉ်

၂၈။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းစဉ်(၈)ရပ်

- လုပ်ငန်းစဉ်(၁) ကြိုတင်ပြင်ဆင်ခြင်း
- လုပ်ငန်းစဉ်(၂) ခြိမ်းခြောက်မှုဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း
- လုပ်ငန်းစဉ်(၃) ခြိမ်းခြောက်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း
- လုပ်ငန်းစဉ်(၄) အားနည်းချက်ဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း
- လုပ်ငန်းစဉ်(၅) အားနည်းချက်များအား ခွဲခြမ်းစိတ်ဖြာခြင်း
- လုပ်ငန်းစဉ်(၆) အကျိုးဆက်ဆိုင်ရာ အချက်အလက်များကို စုဆောင်းခြင်း
- လုပ်ငန်းစဉ်(၇) အကျိုးဆက်များအား ခွဲခြမ်းစိတ်ဖြာခြင်း
- လုပ်ငန်းစဉ်(၈) မူကြမ်းရေးဆွဲခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

၂၉။ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၃၀။ လုပ်ငန်းစဉ်(၂)အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ခြိမ်းခြောက်မှုသတင်းအချက်အလက်များ စုဆောင်းခြင်း

၃၁။ လုပ်ငန်းစဉ်(၃)အရ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ငွေကြေးခဝါချမှု အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ရာမှရရှိသော အကျိုးအမြတ်များ၏ ခြိမ်းခြောက်မှုများ (Threats) ခွဲခြမ်းစိတ်ဖြာခြင်းအလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း

- Perception Survey
- Statistics Survey

၃၂။ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်မှု

၃၃။ နိဂုံး

ကန့်သတ်

ကန့်သတ်

## အပိုင်း ( ၇ )

## ဥပဒေများ ပြင်ဆင်ရေးဆွဲမှု

၃၄။ တရားခံလွှဲပြောင်းရေးဥပဒေ(မူကြမ်း) ရေးဆွဲဆောင်ရွက်မှု

၃၅။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ရေးဆွဲဆောင်ရွက်မှု

## အပိုင်း ( ၈ )

## မြန်မာနိုင်ငံ၏ Public Statement မှ ပယ်ဖျက်ရေး ဆောင်ရွက်ချက်များ

၃၆။ မြန်မာနိုင်ငံ၏ Public Statement မှ ပယ်ဖျက်ရေး ဆောင်ရွက်ချက်များ

၃၇။ ဥပဒေ/နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း

၃၈။ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
- အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
- အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီ
- ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့
- ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
- အမျိုးသားအဆင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆိုင်ရာ အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းကော်မတီ

၃၉။ အမိန့်များ ထုတ်ပြန်ခြင်း

- အမိန့်အမှတ် (၁/၂၀၁၅)
- အမိန့်အမှတ် (၃/၂၀၁၅)
- အမိန့်အမှတ် (၁၁/၂၀၁၅)
- အမိန့်အမှတ် (၁/၂၀၁၆)
- အမိန့်အမှတ် (၃/၂၀၁၆)

၄၀။ သတင်းပို့ချက်များ လက်ခံစိစစ်ခြင်း၊ မှုခင်းများ စစ်ဆေးခြင်း

ကန့်သတ်

၄၁။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်း

၄၂။ Public Statement မှ ပယ်ဖျက်ခြင်း၊ ကွင်းဆင်းလေ့လာရေးအဖွဲ့ လာရောက်ခြင်းနှင့် ICRG လုပ်ငန်းစဉ်အောက်မှ ပယ်ဖျက်ခြင်း

## အပိုင်း ( ၉ )

## အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်မှုလုပ်ငန်းစဉ်

၄၃။ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)

၄၄။ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG)

၄၅။ APG မှ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ခြင်း

၄၆။ အကျိုးသက်ရောက်မှု အဆင့်သတ်မှတ်ခြင်း

၄၇။ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ရေးလုပ်ငန်းစဉ်

၄၈။ မြန်မာနိုင်ငံအပေါ် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်း (ပထမအကြိမ်)

## အပိုင်း ( ၁၀ )

## အထွေထွေ

၄၉။ ၂၀၁၇ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

၅၀။ သုံးသပ်တင်ပြချက်များ

၅၁။ နိဂုံး

၅၂။ နောက်ဆက်တွဲများ

၅၃။ ဓါတ်ပုံမှတ်တမ်းများ

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ ဥက္ကဋ္ဌ



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး

ကန့်သတ်

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ ဥက္ကဋ္ဌ
## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ၏ ဥယျောဇဉ်

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း ၂၀၁၆ ခုနှစ်သည် ထူးခြားအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်နှစ်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) မှ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး တစ်ကမ္ဘာလုံးဆိုင်ရာ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်မှု တိုးတက်သည့်စာရင်း (ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်) တွင် မြန်မာနိုင်ငံအား စတင်ထည့်သွင်း သတ်မှတ်ခဲ့ရာမှာ ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့၌ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပခဲ့သည့် FATF မျက်နှာစုံညီ အစည်းအဝေးတွင် ပယ်ဖျက်ပေးခဲ့ပါသည်။

FATF အနေဖြင့် မြန်မာနိုင်ငံအပေါ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် သိသာထင်ရှားသော တိုးတက်ဆောင်ရွက်မှုများ မရှိသည့်အတွက် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာချက် (Public Statement) ဖြစ်သည့် ဆိုးရွားနိုင်ခြေအန္တရာယ်မြင့်မားခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိသောနိုင်ငံနှင့် ဒေသများစာရင်း (High-risk and non-cooperative jurisdictions) တွင် ထည့်သွင်းထားရာမှ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေးတွင် ပယ်ဖျက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုကဲ့သို့ နိုင်ငံတကာအရေးယူပိတ်ဆို့မှုများနှင့် ကြုံတွေ့ချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်ခက်ခဲခြင်း၊ မိမိနိုင်ငံမှ ပို့ကုန်သွင်းကုန်များ တင်သွင်း တင်ပို့ရန်ခက်ခဲခြင်း စသည့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသောကြောင့် စီးပွားရေး အကြပ်အတည်း ဖြစ်ပေါ်ခဲ့ပါသည်။ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတကာ အရေးယူပိတ်ဆို့မှုများမှ ပယ်ဖျက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကန့်သတ်

မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးကိစ္စရပ်များတွင် သိသာထင်ရှားစွာဆောင်ရွက်ခဲ့မှု မရှိခြင်းကြောင့် ၂၀၀၁ ခုနှစ် မှ ၂၀၀၆ ခုနှစ်အထိ တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် နိုင်ငံတကာအရေးယူပိတ်ဆို့မှုများ ကြုံတွေ့ခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ယခင် အတွေ့အကြုံများထဲမှ သင်ခန်းစာယူပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြည်တွင်းအမျိုးသားအကျိုးစီးပွားများ တိုးတက်စေရန်အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ အနေဖြင့်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား တာဝန်ခံဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ငန်းများတွင် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများ စီးဝင်မှုမရှိစေရန် နှင့် အများပြည်သူ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးစေမည့် အကြမ်းဖက်မှုများအပေါ် ငွေကြေးထောက်ပံ့မှုများကိုလည်း အစွမ်းကုန် အားထုတ်ကြိုးပမ်း တိုက်ဖျက်သွားမည် ဖြစ်ပါသည်။

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ

ဥက္ကဋ္ဌ

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ကန့်သတ်

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အတွင်းရေးမှူး



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်

ကန့်သတ်

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အတွင်းရေးမှူး
## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ၏ အာဘော်

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင် ရောင်းဝယ်ခြင်း တိုက်ဖျက်ရေး ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ချိန်မှစ၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဆောင်ရွက်ရန် စိတ်အား ထက်သန်မှုကို ပြသခဲ့ခြင်း ဖြစ်ပါသည်။

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ တွင် မူးယစ်ဆေးဝါးရောင်းဝယ်ရာမှ ရရှိသော အကျိုးအမြတ်များအား ခဝါချပါက ငွေကြေးခဝါချမှုဖြင့်ပါ အရေးယူရန် ပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်း ငွေကြေးခဝါချမှုများကို စတင် အရေးယူခဲ့ပါသည်။ ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေး နှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ၊ ၂၀၁၄ ခုနှစ်တွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပါသည်။

ငွေကြေးခဝါချမှုသည် တိုက်ရိုက်ကျူးလွန်နိုင်သည့် ပြစ်မှုမဟုတ်ဘဲ မူလ ပြစ်မှု (ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့်ပြစ်မှု) တစ်ခုခုကို ကျူးလွန်ပြီးမှသာ ကျူးလွန် နိုင်သည့်အတွက် မှုခင်းများကို စတင်စုံစမ်းစစ်ဆေးသည့် စုံစမ်းစစ်ဆေးရေးအရာရှိများ ၏ အခန်းကဏ္ဍသည် အလွန်အရေးပါခဲ့ပါသည်။ စုံစမ်းစစ်ဆေးရေးအရာရှိများ အနေဖြင့် မိမိတို့ ကိုင်တွယ်စစ်ဆေးရသည့် မှုခင်းများတွင် ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးခြင်းသာမက ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းများကိုလည်း မလွဲမသွေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် သံသယဖြစ်သူများ၊ ပြစ်မှုကျူးလွန်သူများ၏ ပိုင်ဆိုင်မှု များကို ဖော်ထုတ်နိုင်သည့်အပြင် အဆိုပါ လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် ဆက်နွယ်မှုရှိသူ များကိုပါ ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ငွေကြေးခဝါချမှုများ ကျူးလွန်ခြင်း ရှိ /မရှိ ကိုပါ စုံစမ်းဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ စုံစမ်းစစ်ဆေးရေးအရာရှိများ၏ စုံစမ်းစစ်ဆေးခြင်း နည်းပညာများတွင် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့်ပတ်သက် သည့် စွမ်းရည်များ တိုးမြှင့်ရန် လိုအပ်ပါသည်။

# ကန့်သတ်

ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အနေဖြင့်လည်း ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ အပါအဝင် သတင်းပို့အဖွဲ့အစည်းများအကြား ကြားခံပေါင်းကူးဆက်စပ်ပေးသည့်အဖွဲ့ ဖြစ်သည့်အတွက် အရည်အသွေးရှိသော သတင်းပို့ချက်များ လက်ခံရရှိခြင်းနှင့် ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များ ဖြန့်ဝေခြင်းသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေးလုပ်ငန်းအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။ ငွေကြေးဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရေးအတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ လုပ်ငန်းပိုင်းဆိုင်ရာ စိစစ်ခြင်းနှင့် မဟာဗျူဟာ စိစစ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သတင်းအချက်အလက်များအား သတင်းပို့အဖွဲ့အစည်းများ၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများမှ ကူညီပံ့ပိုးမှုသည် အရေးကြီးသကဲ့သို့ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများမှလည်း လက်ခံရရှိသည့် ဖြန့်ဝေချက်များကို တည်ဆဲဥပဒေများနှင့်အညီ စောင့်ကြည့်ခြင်း၊ အတည်ပြုဖော်ထုတ်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပြစ်မှုကျူးလွန်သူများသည် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများကို အသုံးပြုပြီး ထပ်မံ၍ ပြစ်မှုများ ကျူးလွန်ကြသည့်အတွက် မှုခင်းများ ဖော်ထုတ်ရာတွင် လတ်တလောကျူးလွန်သည့် မှုခင်းများသာမက ၎င်းတို့၏ ရေသောက်မြစ်ဖြစ်သည့် ပိုင်ဆိုင်မှုများကိုပါ ဖော်ထုတ်အရေးယူရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကရည်မှန်းချက်ဖြစ်သော ရပ်ရွာအေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးပမ်းအားထုတ်ပြီး ပြည်သူလူထုဘဝ လုံခြုံငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရဲချုပ် ဇော်ဝင်း<br>အတွင်းရေးမှူး<br>ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## အပိုင်း ( ၁ )

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များ

**နိဒါန်း**

၁။ မြန်မာနိုင်ငံတွင် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေအား ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးနောက် ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၏ အကြံပြုချက်များ၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ လိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၁)ဖြင့် အသစ်ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းခဲ့ပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ အခန်း(၄)၊ ပုဒ်မ ၆ အရ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၄)ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ အဖြစ် အဖွဲ့ဝင်(၁၅)ဦး ပါဝင်သော ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့အား ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ အဖွဲ့သည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အခန်း(၅)၊ ပုဒ်မ ၉ နှင့် နည်းဥပဒေ အခန်း(၃)၊ ပုဒ်မ ၉ တို့ အရ လုပ်ငန်းတာဝန်များ အထောက်အကူပြုနိုင်ရန်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများ စုံစမ်းထောက်လှမ်းရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေး ဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ တပ်ဖွဲ့မှူး အဖွဲ့ခေါင်းဆောင်အဖြစ် အဖွဲ့ဝင်(၂၁)ဦး ပါဝင် သော ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် စတင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၏ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး နည်းဥပဒေများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီး နှိမ်နင်းခြင်း နည်းဥပဒေများ ရေးဆွဲထုတ်ပြန်ခြင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ ၂၀၁၆ ခုနှစ်အတွင်း ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် အခြား ဆက်စပ်မှုခင်းများဆိုင်ရာ သတင်းအချက်အလက်များဖလှယ်နိုင်ရေးအတွက် စင်္ကာပူနိုင်ငံ ငွေကြေး ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ငွေကြေး

ဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေးအဖွဲ့ (International Cooperation Review Group-ICRG) လုပ်ငန်းစဉ်အရ စောင့်ကြည့်ခံရခြင်းမှ ပါယ်ဖျက်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ခြင်းတို့အား ဆောင်ရွက်နိုင်ခဲ့ပါသည်။

၅။ သတင်းပို့ဌာန (၂၅) ခုမှ ၂၀၁၆ ခုနှစ်အတွင်း ပေးပို့သောသတင်းပို့ချက် (၁၇၆,၈၅၃) စောင် လက်ခံရရှိခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စိစစ်ရေးအဖွဲ့ဖြင့် စစ်ဆေးသည့်အမှု (၁၀)မှု၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးသည့်အမှု (၇)မှု စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဘဏ်ချေးငွေမှန်ကန်မှု ရှိ/မရှိ နှင့် ငွေကြေးခဝါချမှု ကင်းရှင်းခြင်း ရှိ/မရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ တည်ထောင်ခြင်း၊ အစုရှယ်ယာများ ထည့်ဝင်ခြင်း/လွှဲပြောင်းရောင်းချခြင်း တို့တွင် ငွေကြေးခဝါချမှု ကင်းရှင်းခြင်း ရှိ/မရှိ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ သတင်းပို့ချက်များ၌ သံသယဖြစ်ဖွယ် ငွေသွင်း/ငွေထုတ် ဆောင်ရွက်ချက်များအပေါ် ငွေကြေးခဝါချမှု ကင်းရှင်းခြင်း ရှိ/မရှိ စိစစ်ရန် စိစစ်ရေးအဖွဲ့ (၇၃)ဖွဲ့ တို့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းမှု**

၆။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၄) ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ အဖြစ် ပါဝင်ပြီး စုစုပေါင်း အဖွဲ့ဝင် (၁၅) ဦးဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ (Anti Money Laundering Central Board-AMLCB) ဖွဲ့စည်းခဲ့မှုအား ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ် (၂၇/၂၀၁၆) <u>**နောက်ဆက်တွဲ(က)**</u> ဖြင့်လည်းကောင်း၊ ဇွန်လ ၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၃၂/၂၀၁၆) <u>**နောက်ဆက်တွဲ(ခ)**</u> ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၆) ကျင်းပပြုလုပ်ခြင်း**

၇။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်အား အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီမှ ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit-FIU) မှ သတင်းပို့ချက်များ လက်ခံရာတွင် Paper Base စနစ်မှ Data Base စနစ် ပြောင်းလဲကျင့်သုံးနေမှု အခြေအနေတို့နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးရန်အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) အား နေပြည်တော်၊ ရုံးအမှတ် (၁၀) ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး အစည်းအဝေးခန်းမ

တွင် ၂-၉-၂၀၁၆ ရက်နေ့ ၁၄၀၀ အချိန်မှ ၁၅၂၅ အချိန်အထိ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်၍ ဗဟိုအဖွဲ့ဝင် (၁၃)ဦး၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အဖွဲ့ဝင်(၅)ဦး၊ အထူးဖိတ်ကြားထားသူ (၈)ဦး၊ စုစုပေါင်း (၂၆) ဦး တို့ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

(က) အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ် (NRA) ဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားရန်၊

(ခ) NRA လုပ်ငန်းဆောင်ရွက်မည့် နယ်ပယ်အတိုင်းအတာ စစ်တမ်း (Surveys) များကောက်ယူရာတွင် စစ်မှန်သည့် သတင်းအချက်အလက်များနှင့် ကိန်းဂဏန်းများရရှိရေး ဆောင်ရွက်သွားရန်၊

(ဂ) ၂၀၁၇ ခုနှစ်တွင် အပြန်အလှန် အကဲဖြတ်ရေးအဖွဲ့ (ME) မြန်မာနိုင်ငံသို့ လာရောက်စဉ် အဆင်ပြေချောမွေ့စေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊

(ဃ) မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင် ပါဝင်သည့် အဖွဲ့အစည်းများ၊ ဝန်ထမ်းများအား စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်၊

(င) တရားခံလွှဲပြောင်းရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေး ၂၀၁၆ ခုနှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်သွားရန်၊

(စ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေတွင် FIU နှင့် AFCD အခန်းကဏ္ဍများ ပီပြင်စွာ ရေးဆွဲပြဋ္ဌာန်းထည့်သွင်းနိုင်ရေး ဆောင်ရွက်သွားရန်၊

(ဆ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ရေးဆွဲမှု ၂၀၁၇ ခုနှစ်အတွင်း အပြီးဆောင်ရွက်သွားရန်၊

(ဇ) FIU အနေဖြင့် သတင်းပို့ချက်များအား Online Reporting စနစ်ဖြင့် ဆောင်ရွက်နေမှုအား စဉ်ဆက်မပြတ် တင်ပြသွားရန်၊

(ဈ) FIU လက်စွဲစာစောင် Manual ကို ၂၀၁၇ ခုနှစ်အတွင်း ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားရန်၊

(ည) လတ်တလော AMLL မပြင်ဆင်နိုင်ခင် နိုင်ငံတကာစံနှင့်ကိုက်ညီသည့် FIU ဖွဲ့စည်းနိုင်ရေး သီးခြားတင်ပြ ဆောင်ရွက်သွားရန်၊

(ဋ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းများတွင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်၊

(ဌ) Egmont Group သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေး ဆောင်ရွက်သွားရန်။

**ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းမှု**

၈။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အမိန့်အမှတ် (၁/၂၀၁၄) ဖြင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ တပ်ဖွဲ့မှူး အဖွဲ့ခေါင်းဆောင် အဖြစ်ပါဝင်၍ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်စုစုပေါင်း (၂၁) ဦးဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အမိန့်အမှတ်(၁/၂၀၁၅)ဖြင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အား အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ခေါင်းဆောင် အဖြစ်ပါဝင်၍ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ် စုစုပေါင်း (၃၂)ဦးဖြင့် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ အမိန့်အမှတ် (၃/၂၀၁၆) ဖြင့် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ နောက်ဆက်တွဲ(ဂ)

# အပိုင်း ( ၂ )

## သတင်းပို့ဌာနများမှ သတင်းပို့ချက်များ လက်ခံရရှိမှုအခြေအနေ

**သတင်းပို့အဖွဲ့အစည်းများ**

၉။ မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ သတင်းပို့ဌာနများမှ သတင်းပို့ချက်များကို နေ့စဉ် လက်ခံရရှိလျက်ရှိပါသည်။ မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန် သတင်းပို့အဖွဲ့အစည်း(၂၅)ခု သတ်မှတ်ထားရှိပြီး ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများ၊

(ခ) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများ)၊

(ဂ) အကောက်ခွန်ဦးစီးဌာန၊

(ဃ) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊

(င) စည်ပင်သာယာရေးဦးစီးဌာန၊

(စ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊

(ဆ) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊

(ဇ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊

(ဈ) ပြည်တွင်းအခွန်များဦးစီးဌာန၊

(ည) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊

(ဋ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊

(ဌ) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊

(ဍ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊

(ဎ) ရွှေငွေအပါအဝင် လက်ဝတ်ရတနာ လက်လီလက္ကား အရောင်းဆိုင်များနှင့် ကုမ္ပဏီများ၊

(ဏ) ရှေ့နေများအသင်း၊

(တ) စာရင်းကိုင်များအသင်း၊

(ထ) နိုထရီပတ်ဗလစ်များ၊

(ဒ) မြန်မာ့ချေးငွေသက်သေခံလက်မှတ် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊

(ဓ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊

(န) မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊

(ပ) မြန်မာ့အာမခံလုပ်ငန်း၊

(ဖ) သတ္တုတွင်းဦးစီးဌာန၊

(ဗ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊

(ဘ) အက်ဒမန်ကလပ်ဟိုတယ် (သူဌေးကျွန်း)၊

(မ) နိုင်ငံခြားငွေ လဲလှယ်ရေးကောင်တာများ (ဗဟိုဘဏ်မှ အမိန့်ထုတ်ပြန်)။

**သတင်းပေးပို့ခြင်း**

၁၀။ သတင်းပို့ဌာနများသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ သတ်မှတ်ပမာဏထက် ကျော်လွန်သည့် လွှဲပြောင်းမှုသတင်းပို့ချက်နှင့် ပတ်သက်၍ မြန်မာကျပ်ငွေ သန်း (၁၀၀) နှင့်အထက် ကျော်လွန်ပါက သတင်းပို့ရန် သတ်မှတ်ပေးထားပြီး သံသယဖြစ်ဖွယ် တွေ့ရှိရပါက သတင်းပို့ဌာနများသည် ကျိုးကြောင်းဖော်ပြ၍ သံသယဖြစ်ဖွယ် သတင်းပို့ချက်အဖြစ် ပေးပို့ရမည်ဖြစ်ပါသည်။ သတင်းပို့ရန်သတ်မှတ်ထားသော ငွေရေးကြေးရေး မဟုတ်သည့် စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကြောင်းပညာရှင်များမှ သတင်းပို့ချက်များကို ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဆိုင်ရာ သတင်းပို့ချက်များအဖြစ် သတင်းပို့လျက်ရှိပြီး ၎င်းတို့ထဲတွင် သံသယဖြစ်ဖွယ်တွေ့ရှိရပါက သံသယဖြစ်ဖွယ်သတင်းပို့ချက်အဖြစ် ပေးပို့လျက်ရှိပါသည်။

၁၁။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ သတင်းပို့အဖွဲ့အစည်းများမှ အမြန်ချောစနစ်ဖြင့် စာတိုက်မှတစ်ဆင့်ပေးပို့သော သတင်းပို့ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများမှ သတင်းပို့ချက်(၂၂၃၇၁၁)ကြိမ်၊

(ခ) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ သတင်းပို့ချက်(၃၃၇၈)ကြိမ်၊

(ဂ) ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ သတင်းပို့ချက်(၁၁၂)ကြိမ်၊

(ဃ) အကောက်ခွန်ဦးစီးဌာနမှ သတင်းပို့ချက်(၆၀၂)ကြိမ်၊

(င) အစုရှယ်ယာထည့်ဝင်မှု သတင်းပို့ချက်(၃)ကြိမ်။

၁၂။ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရာတွင် သတင်းပို့ပုံစံစာရွက်ဖြင့် စာတိုက်မှတစ်ဆင့် သတင်းပေးပို့လျက်ရှိရာမှ ၂၀၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍ အွန်လိုင်းစနစ်ကိုအသုံးပြု၍ အီးမေးလ်ဖြင့်ပေးပို့သည့် စနစ်အား ပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သတင်းပို့အဖွဲ့အစည်းများမှ အွန်လိုင်းစနစ်ဖြင့် ပေးပို့သော ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှု သတင်းပို့ချက် (၁၇၆၀၆၇)စောင်နှင့် သံသယဖြစ်ဖွယ် သတင်းပို့ချက် (၇၈၆)စောင်၊ စုစုပေါင်း(၁၇၆၈၅၃)စောင် အား လက်ခံရရှိခဲ့ပါသည်။






၁၃။ ၂၀၁၆ ခုနှစ်အတွင်း ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများမှ ပေးပို့သော ငွေကြေးလွှဲပြောင်းမှု သတင်းပို့ချက်များ၊ သတ်မှတ်ပမာဏထက် ကျော်လွန်သည့် လွှဲပြောင်းမှု သတင်းပို့ချက်များ၊ သံသယဖြစ်ဖွယ် သတင်းပို့ချက်များ လက်ခံရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




၁၄။ ၂၀၀၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများမှပေးပို့သော ငွေကြေးလွှဲပြောင်းမှု သတင်းပို့ချက်များ၊ သတ်မှတ်ပမာဏထက်ကျော်လွန်သည့် လွှဲပြောင်းမှုသတင်းပို့ချက် သံသယဖြစ်ဖွယ်သတင်းပို့ချက်များ လက်ခံရရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



**သတင်းပို့ချက်များ လက်ခံခြင်း၊ စိစစ်ခြင်း၊ ဖြန့်ဝေခြင်းလုပ်ငန်းစဉ်များ တိုးတက်မှုရှိစေရန် ဆောင်ရွက်မှု အခြေအနေ**

၁၅။ မြန်မာနိုင်ငံ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် သတင်းပို့ အဖွဲ့အစည်းများမှပေးပို့လာသော သတင်းပို့ချက်များအား စနစ်တကျလက်ခံခြင်း၊ စာရင်းသွင်းခြင်း၊ စိစစ်တွေ့ရှိချက်များအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ တင်ပြခြင်းနှင့် ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ လက်ခံရရှိသည့် သတင်းပို့ချက်များအား ထိန်းသိမ်းခြင်းဆောင်ရွက်ရာတွင် နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ ပျက်စီးမှုများဖြစ်ပေါ်လာနိုင်ခြင်း၊ ပြန်လည်ရှာဖွေရာတွင် အခက်အခဲရှိနိုင်ခြင်းတို့ကြောင့် အဆိုပါလက်ခံရရှိသည့် Hard Copy သတင်းပို့ချက်များအား Scan ဖတ်၍ သိမ်းဆည်းခြင်း ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်အတွင်း စောင်ရေ(၁၆၀၀၄၈)စောင်အား Scan ဖတ်သိမ်းဆည်းခြင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှပေးပို့ခဲ့သည့် မရွှေ့ပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်စောင်ရေ (၄၁၅၀)စောင်အား ကွန်ပျူတာအတွင်း Excel Sheet ဖြင့် ထည့်သွင်း သိမ်းဆည်းခြင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သတင်းပို့ချက်များအား လုံခြုံလျင်မြန်စွာဖြင့် သတင်းပေးပို့နိုင်ရန်အတွက် အင်တာနက်အသုံးပြု၍ အွန်လိုင်းမှ အီးမေးလ်ဖြင့် သတင်းပေးပို့သည့်စနစ်အား ၂၀၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။

၁၆။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် သတင်းပို့အဖွဲ့အစည်းများမှ ပေးပို့သော သံသယဖြစ်ဖွယ်သတင်းပို့ချက်များအား လက်ခံစိစစ်ခဲ့ပြီး စိစစ်တွေ့ရှိချက်များအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ခဲ့ပါသည်။ စိစစ်တင်ပြခဲ့သည့် သတင်းပို့ချက်များအနက် ဆက်လက်စုံစမ်းစိစစ်ရန်လိုအပ်သည့် စိစစ်တွေ့ရှိချက်များအား သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသို့ ဖြန့်ဝေခဲ့ရာ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ (၂၈)ကြိမ်၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့(၉)ကြိမ်၊ ပြည်နယ်/တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးများသို့ (၆)ကြိမ် ဖြန့်ဝေခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၇။ ထို့အပြင် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား မိတ်ဖက်အဖွဲ့အစည်းများနှင့် အများပြည်သူတို့သိရှိနိုင်စေရန်အတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုဒ်အား ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှစ၍ လွှင့်တင်ထားရှိခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံအား ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ

ပူးပေါင်းဆောင်ရွက်မှု မရှိသည့် နိုင်ငံများစာရင်းမှ ပယ်ဖျက်နိုင်ရေးဆောင်ရွက်ခဲ့မှုအခြေအနေ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၂၆၇ ပါ အကြမ်းဖက်သမားများစာရင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ ပိုင်ဆိုင်မှုများအား ထိန်းချုပ်တားမြစ်ခြင်းဆိုင်ရာ အမိန့်များအား ထပ်မံထည့်သွင်း တင်ပြနိုင်ခဲ့ပါသည်။

၁၈။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် အင်တာနက်အသုံးပြု၍ အွန်လိုင်းမှ အီးမေးလ်ဖြင့် သတင်းပေးပို့သည့်စနစ်အား ပိုမိုကောင်းမွန်ရန်အတွက် လုံခြုံမှုစနစ်မြှင့်တင်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းတို့ဆောင်ရွက်နိုင်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပူးပေါင်း၍ Web Server၊ Mail Server စသည့် Colocation Server များ တပ်ဆင်ခြင်းအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၉။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များအား ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီဖြစ်စေရန်နှင့် နိုင်ငံတကာရှိ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့များနည်းတူ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်စေရန်အတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းများလမ်းညွှန်စာစောင်ကို ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးနှင့်ပူးပေါင်း၍ ၁၂-၇-၂၀၁၆ ရက်နေ့မှစတင်၍ မူကြမ်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။

၂၀။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အဓိက ပင်မလုပ်ငန်းစဉ်ဖြစ်သော သတင်းပို့ချက်များ လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်စေရန်လည်းကောင်း၊ ပြည်တွင်းရှိအစိုးရဌာနအဖွဲ့အစည်းများ၊ နိုင်ငံတကာရှိ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့၊ ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့်ဆုံးရှုံးနိုင်ခြေအဖွဲ့၊ အမေရိကန်နိုင်ငံ စီးပွားရေးမှုခင်းများအဖွဲ့၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၊ ထိုင်းနိုင်ငံ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံး စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြုလုပ်ကျင်းပခဲ့သည့် အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အမေရိကန်နိုင်ငံ၊ အခွန်ဝန်ကြီးဌာန၊ စီးပွားရေးမှုခင်းများအဖွဲ့ (Economic Crime Team-ECT)၊ အမေရိကန်နိုင်ငံ၊ အခွန်ဝန်ကြီးဌာန၊ စီးပွားရေးမှုခင်းများဆိုင်ရာ နည်းပညာအကူအညီ

ပေးရေးရုံး (Office of Technical Assistance-OTA) တို့နှင့်ပူးပေါင်း၍ အီလက်ထရောနစ်စနစ်ဖြင့် သတင်းပို့ခြင်းဆိုင်ရာကိစ္စရပ်များ လေ့လာဆန်းစစ်ခြင်းနှင့် လုပ်ငန်းလည်ပတ်ပုံနည်းစနစ်များ အလုပ်ရုံဆွေးနွေးပွဲအား ရုံးအမှတ်(၃၈)ရှိ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၌ ၂၅-၁-၂၀၁၆ ရက်နေ့မှ ၂၉-၁-၂၀၁၆ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။

( ခ ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ (International Monetary Fund-IMF) တို့နှင့်ပူးပေါင်း၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများ ပြန်လည်လေ့လာသုံးသပ်ရေး အစည်းအဝေးအား ရုံးအမှတ်(၃၈)ရှိ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၌ ၈-၂-၂၀၁၆ ရက်နေ့မှ ၁၁-၂-၂၀၁၆ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။

( ဂ ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေအဖွဲ့ (The International Governance and Risk Institute-GovRisk) နှင့် ဗြိတိန်နိုင်ငံ သံရုံးတို့ပူးပေါင်းပြုလုပ်သော မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် လတ်တလောဆောင်ရွက်ရမည့် အမျိုးသားအဆင့် မဟာဗျူဟာဆိုင်ရာ အကြံပြုချက်များနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲအား Park Royal Hotel ရှိ နီလာခန်းမ၌ ၁၆-၂-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(ဃ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေအဖွဲ့ (The International Governance and Risk Institute-GovRisk) တို့ပူးပေါင်းပြုလုပ်သည့် ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များနှင့် ငွေကြေးလွှဲပြောင်းဆောင်ရွက်ချက်များ သတင်းပို့ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ရန်ကုန်မြို့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ အစည်းအဝေးခန်းမ၌ ၁၅-၃-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

( င ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေအဖွဲ့ (The International Governance and Risk Institute-GovRisk) တို့ပူးပေါင်းပြုလုပ်သည့် ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများမှကိုယ်စားလှယ်များနှင့် ပစ္စည်းလွှဲပြောင်းဆောင်ရွက်ချက်များ သတင်းပို့ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ရန်ကုန်မြို့၊

မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ၁၆-၃-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

( စ ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ထိုင်းနိုင်ငံ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးရုံး (Thai Anti-Money Laundering Office) တို့ ပူးပေါင်း ပြုလုပ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ၄-၄-၂၀၁၆ ရက်နေ့မှ ၅-၄-၂၀၁၆ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။

( ဆ ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကုန်သည်ကြီးများ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ပူးပေါင်းပြုလုပ်သည့် ငွေရေး ကြေးရေးမဟုတ်သော အဖွဲ့အစည်းများ၊ ဥပဒေအကျိုးဆောင်များ ပူးပေါင်း ပါဝင်မှုဆိုင်ရာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ၇-၄-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

( ဇ ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အမေရိကန်နိုင်ငံ၊ အခွန်ဝန်ကြီး ဌာန၊ စီးပွားရေးမှုခင်းများဆိုင်ရာ နည်းပညာအကူအညီပေးရေးရုံး (Office of Technical Assistance-OTA) တို့နှင့် ပူးပေါင်း၍ အီလက်ထရောနစ် သတင်းပို့စနစ်များနှင့်ပတ်သက်၍ နည်းပညာအကူအညီပေးရေး အလုပ်ရုံ ဆွေးနွေးပွဲအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးရှိ အစည်းအဝေး ခန်းမ၌ ၁၇-၅-၂၀၁၆ ရက်နေ့မှ ၁၉-၅-၂၀၁၆ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။

( ဈ ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nation Office on Drugs and Crime-UNODC) တို့ ပူးပေါင်းပြုလုပ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures-SOPs) နှင့်ပတ်သက်သည့် နည်းပညာပေးရေး အစည်းအဝေးအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးရှိ အစည်း အဝေးခန်းမ၌ ၃၀-၅-၂၀၁၆ ရက်နေ့မှ ၁-၆-၂၀၁၆ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။

(ည) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nation Office on Drugs and Crime-UNODC) တို့ပူးပေါင်းပြုလုပ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures-SOPs) နှင့်ပတ်သက်သည့် နည်းပညာပေးရေး အစည်းအဝေးအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ၁၂-၇-၂၀၁၆ ရက်နေ့မှ ၁၄-၇-၂၀၁၆ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။

(ဋ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အမေရိကန်နိုင်ငံ၊ အခွန်ဝန်ကြီးဌာန၊ စီးပွားရေးမှုခင်းများဆိုင်ရာ နည်းပညာအကူအညီပေးရေးရုံး (Office of Technical Assistance-OTA) တို့နှင့်ပူးပေါင်း၍ အီလက်ထရောနစ်သတင်းပို့ စနစ်များနှင့်ပတ်သက်၍ နည်းပညာအကူအညီပေးရေး အလုပ်ရုံဆွေးနွေးပွဲအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ၁၃-၇-၂၀၁၆ ရက်နေ့မှ ၁၅-၇-၂၀၁၆ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။

(ဌ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေအဖွဲ့ (The International Governance and Risk Institute-GovRisk) တို့ ပူးပေါင်းပြုလုပ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာနှင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ၂-၈-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(ဍ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် တို့ ပူးပေါင်းပြုလုပ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအား ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘဏ်များအသင်းရှိ အစည်းအဝေးခန်းမ၌ ၇-၈-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(ဎ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ ဗြိတိန်နိုင်ငံအခြေစိုက် အတိုင်ပင်ခံအဖွဲ့အစည်း၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အကြံပေးအရာရှိ Ms. Elizabeth Hart နှင့်အဖွဲ့အားတွေ့ဆုံ၍

ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းဆွေးနွေးခြင်းအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ၁၄-၉-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(ဏ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nation Office on Drugs and Crime-UNODC) တို့ပူးပေါင်းပြုလုပ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အစည်းအဝေးအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ၅-၁၀-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

(တ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေအဖွဲ့ (The International Governance and Risk Institute-GovRisk) တို့ ပူးပေါင်းပြုလုပ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာနှင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ၇-၁၂-၂၀၁၆ ရက်နေ့မှ ၉-၁၂-၂၀၁၆ ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။

(ထ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေအဖွဲ့ (The International Governance and Risk Institute-GovRisk) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်း ပြုလုပ်သော သံသယဖြစ်ဖွယ်သတင်းပေးပို့ချက်နှင့် ဆက်သွယ်ဆောင်ရွက်သူ အပေါ် အလေးထား စိစစ်ခြင်းနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲအား ရန်ကုန်မြို့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ အစည်းအဝေးခန်းမ၌ ၂၃-၁၂-၂၀၁၆ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

## အပိုင်း ( ၃ )

## အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေ

၂၁။ **စိစစ်ရေးအဖွဲ့ ဖွဲ့စည်းစိစစ်မှု အခြေအနေများ။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၄-၃-၂၀၁၄ ရက်စွဲပါ ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၁)အရ ပြဋ္ဌာန်းခဲ့သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အခန်း(၆)၊ ပုဒ်မ ၁၃ တွင် ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ စိစစ်ရေးအဖွဲ့များအား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်-

( က ) **စိစစ်ရေးအဖွဲ့(၅/၂၀၁၆)။** ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းမြင့်ဦးစီးအဖွဲ့သည် မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာဝင်း အိုးအိမ်(၆)လမ်းသွား လမ်းမပေါ်၌ KIA Bongo အမျိုးအစား ကွန်တိန်နာဘောက်အဖြူရောင် ယာဉ်အမှတ် 4G/8554 ယာဉ်ပေါ်မှ WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား(၂၆.၇)သန်း ဖမ်းဆီးရမိမှုမှ ပိုင်ဆိုင်မှုများအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ လွှဲပြောင်းပေးပို့လာမှုအပေါ် ငွေကြေးခဝါချမှုကင်းရှင်းခြင်း ရှိ/မရှိ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းညွှန့် ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၂-၂-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။

( ခ ) **စိစစ်ရေးအဖွဲ့(၁၃/၂၀၁၆)။** ရွှေပြည်သာမြို့မရဲစခန်း (ပ) ၆၄/၂၀၁၆ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈၊ (ပ)၆၅/၂၀၁၆၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈၊ (ပ)၆၆/၂၀၁၆၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(င)၊ (ပ)၆၇/၂၀၁၆၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(င)၊ (ပ)၆၈/၂၀၁၆ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆ (၁) တို့ဖြင့် အရေးယူထားရှိသော တရားခံ ကျော်ဝင်းစိန် (ခ) ကျင်စိမ်း (ခ) လှမျိုး ၏ ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာ၊ လှိုင်သာယာမြို့နယ်များရှိ မြေနှင့်အဆောက်အဦများအား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ လွှဲပြောင်းပေးပို့လာမှုအပေါ် ငွေကြေးခဝါချမှု

ကင်းရှင်းခြင်း ရှိ/မရှိ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့မှ ၂၆-၂-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။

( ဂ ) **စိစစ်ရေးအဖွဲ့(၁၉/၂၀၁၆)။** တာမွေမြို့မရဲစခန်း (ပ)၁၁၇/၂၀၁၆၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(စ)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း (ပ)၁၃၄/၂၀၁၆၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ ၆(၁)၊ (ပ)၁၃၅/၂၀၁၆ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇၊ မြောက်ဥက္ကလာပမြို့မရဲစခန်း မယ(ပ)၅/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁၊ သောင်ကြီးနယ်မြေရဲစခန်း (ပ)၈၀/၂၀၁၆၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(စ) တို့ဖြင့် အရေးယူထားရှိသော တရားခံ Arakan Army (AA)အဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး အဆင့်ရှိ အောင်မြတ်ကျော် (ခ) ညီညီစိုး (ခ) မင်းခန့် (ခ) ညီညီ ၏ မူးယစ်ဆေးဝါးရောင်းချရငွေများ စီးဆင်းနေမှုနှင့် စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ လွှဲပြောင်းပေးပို့လာမှုအပေါ် ငွေကြေးခဝါချမှု ကင်းရှင်းခြင်း ရှိ/မရှိ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင် ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့မှ ၁၅-၃-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။

( ဃ ) **စိစစ်ရေးအဖွဲ့(၃၆/၂၀၁၆)။** ဘုရင့်နောင်နယ်မြေရဲစခန်း မယ(ပ) ၂/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဥပဒေ ပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ တို့ဖြင့် အရေးယူထားရှိသော မူးယစ်တရားခံ စောဘာလာစော (ခ) ဝဏ္ဏစိုး သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကို ကျူးလွန်မှုပြုလုပ်ပြီး တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများဖြင့် ယာဉ်အမှတ် 6K/6666 Land Cruiser အနက်ရောင် ယာဉ်(၁)စီး၊ ယာဉ်အမှတ် 4K/4444 RangRover အနက်ရောင် ယာဉ်(၁)စီး၊ စုစုပေါင်း ယာဉ် (၂)စီးအား ဝယ်ယူပိုင်ဆိုင်ကြောင်းပေါ်ပေါက်သဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ စိစစ်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ အမှုတွဲလွှဲပြောင်း တင်ပြမှုအပေါ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း

ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန် အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့မှ ၁၂-၅-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သောအမှု ဖြစ်ပါသည်။

( င ) **စိစစ်ရေးအဖွဲ့(၄၂/၂၀၁၆)။** တာချီလိတ်မြို့နယ်၊ ဝမ်ပုံနယ်မြေရဲစခန်း မယ(ပ) ၃/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဥပဒေ ပုဒ်မ ၁၅/၁၉(က)/၂၂(ခ)/၂၁ တို့ဖြင့် အရေးယူထားရှိသော မူးယစ်တရားခံ အိုက်ကျွမ် ပါ (၈)ဦးတို့ ပိုင်ဆိုင်သည့် နေအိမ်၊ ဈေးဆိုင်နှင့် စက်ရုံ၊ စပါးကျီ စုစုပေါင်း အဆောက်အဦ(၁၄)လုံးတို့သည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေး နှင့်ပစ္စည်းများကို တရားဝင်ဖြစ်အောင် ပြုလုပ်ထားကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရ၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စိစစ်အရေးယူ ဆောင်ရွက် နိုင်ရေးအတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အမှုတွဲလွှဲပြောင်း တင်ပြမှုအပေါ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ နှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနောင်ဦး ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေး ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၁၈-၅-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သောအမှု ဖြစ်ပါသည်။

( စ ) **စိစစ်ရေးအဖွဲ့(၄၆/၂၀၁၆)။** ဗဟန်းမြို့မရဲစခန်း မယ(ပ) ၁၂/၂၀၁၆၊ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/ ၂၀(က)/၂၁/၂၂(ခ) တို့ဖြင့် အရေးယူထားရှိသော တရားခံ နေစောဦး (ခ) ပုပု ပိုင်ဆိုင်သည့် မော်တော်ယာဉ်(၈)စီးမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများဆိုင်ရာဥပဒေကို ကျူးလွန်မှု ပြုလုပ်ပြီး တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများအား အသွင်ပြောင်းလဲထားခြင်း ဖြစ်နိုင် ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စိစစ် အရေးယူဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ အမှုတွဲလွှဲပြောင်းတင်ပြမှုအပေါ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေး နှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့်ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ ခေါင်းဆောင်သော စိစစ်ရေး

အဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၁၅-၆-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သောအမှု ဖြစ်ပါသည်။

( ဆ ) **စိစစ်ရေးအဖွဲ့(၇၄/၂၀၁၆)။** ပြည်ကြီးတံခွန်မြို့မရဲစခန်း မယ(ပ)၂၂/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁နှင့် မိတ္ထီလာမြို့မရဲစခန်း မယ(ပ)၃/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အမှုတို့ဖြင့် အရေးယူထားသော တရားခံ အာမက်ဒူလာ (ခ) စိုးမင်း နှင့် ၎င်း၏ဇနီး အိအိနွေး တို့ပိုင်ဆိုင်သည့် ချမ်းအေးသာဇံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ် နှင့် မိတ္ထီလာမြို့တို့ရှိ နေအိမ်အဆောက်အဦ၊ ခြံဝန်းတို့သည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများနှင့်ပစ္စည်းများအား တရားဝင်ဖြစ်အောင် ပြုလုပ်ထားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရ၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အမှုတွဲလွှဲပြောင်းတင်ပြမှုအပေါ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင် ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၃၁-၁၀-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သောအမှု ဖြစ်ပါသည်။

( ဇ ) **စိစစ်ရေးအဖွဲ့(၇၅/၂၀၁၆)။** သာစည်မြို့မရဲစခန်း မယ(ပ)၁၇/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ အမှုဖြင့် အရေးယူထားသော တရားခံ တင်ဝင်း ပါ (၃)ဦးတို့ပိုင်ဆိုင်သည့် တာချီလိတ်မြို့ရှိ နေအိမ်အဆောက်အဦ၊ သရက်ခြံနှင့် ရှဲလ်တစ်ကုမ္ပဏီလီမိတက်တို့သည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများနှင့်ပစ္စည်းများအား တရားဝင်ဖြစ်အောင် ပြုလုပ်ထားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရ၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အမှုတွဲလွှဲပြောင်း တင်ပြမှုအပေါ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်

လုမ်းရေးအဖွဲ့မှ ၃၁-၁၀-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သောအမှု ဖြစ်ပါသည်။

( ဈ ) **စိစစ်ရေးအဖွဲ့(၇၆/၂၀၁၆)။** ကျိုင်းတုံမြို့မရဲစခန်း မယ(ပ)၈၈/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အမှုဖြင့် အရေးယူထားသော တိမ်းရှောင်တရားခံ မီဆော့ နှင့် အားဒိုချာတို့ပိုင်ဆိုင်သည့်တာချီလိတ်မြို့ရှိနေအိမ်နှင့် မိုင်းဆတ်မြို့ရှိ မိသားစုသောက်ရေသန့်စက်ရုံတို့သည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများအား တရားဝင်ဖြစ်အောင် ပြုလုပ်ထားကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရ၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ စိစစ်အရေးယူ ဆောင်ရွက်နိုင်ရေး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အမှုတွဲလွှဲပြောင်း တင်ပြမှုအပေါ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနောင်ဦး ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၃၁-၁၀-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သောအမှု ဖြစ်ပါသည်။

( ည ) **စိစစ်ရေးအဖွဲ့(၇၉/၂၀၁၆)။** ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း (ပ)၇၆၅/၂၀၁၆၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၈ အရ တရားစွဲဆိုထားသော တရားခံ ဖြိုးသူရကျော် (ဘ) ဦးတင်ထွန်းအောင် [၁၂/ဗဟန(နိုင်) ၀၈၆၅၆၄] နှင့် အာကာကံ့ကော် (ဘ) ဦးချက်ကြူး (ခ) မျိုးအောင် [၁၂/ပဇတ (နိုင်) ၀၂၉၆၅၅] တို့သည် ရိုးမဘဏ်လီမိတက်မှ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကိုအလွဲသုံးစား ပြုလုပ်ပြီး လိမ်လည်ရယူထားသောငွေကြေးများကို မရမ်းကုန်းမြို့နယ်၊ ဧရာဝတီဘဏ်ခွဲ(ဘုရင့်နောင်)တွင် ငွေစာရင်းအမှတ် ၀၀၅၄၁၀၃၀၁၀၀၀၆၅၃၁၊ Nine Plus Co., Ltd အမည်ဖြင့် စုဆောင်းထားမှုနှင့်ပတ်သက်၍ အဆိုပါလူပုဂ္ဂိုလ်တို့၏ နောက်ကြောင်းရာဇဝင်နှင့် ၎င်းတို့မိသားစုအမည်များဖြင့် စုဆောင်းထားသည့် ငွေကြေးရင်းမြစ် (Source of Fund) သည် ငွေကြေးခဝါချမှုကင်းရှင်းခြင်း ရှိ/မရှိ စိစစ်အရေးယူ ဆောင်ရွက်နိုင်ရေး ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားလာမှုအပေါ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယ

ညွှန်ကြားရေးမှူး ဦးကျော်ဝဏ္ဏ ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ရန် တင်ပြထားဆဲ ဖြစ်ပါသည်။

၂၂။ (က) **ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညှိနှိုင်းမှုများ။** ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဘဏ်ချေးငွေ ပြန်ဆပ်ချိန်တွင် ဝင်ငွေရလမ်းစိစစ်ပြီး အခွန်စည်းကြပ်နိုင်ရေးအတွက် ဘဏ်ချေးငွေ မှန်ကန်မှု ရှိ/မရှိ၊ ငွေကြေးခဝါချမှု ရှိ/မရှိ စိစစ်ပြန်ကြားပေးရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားချက်အရ အောက်ပါအမှုများ စိစစ်ခဲ့ပါသည်-

(၁) ဦးချိုမြင့် နှင့် ဒေါ်စန္ဒာ တို့မှ မြတ်နန်းယုံဟိုတယ် ဆောက်လုပ်ရာတွင် ဝင်ငွေရလမ်းအနေဖြင့် ကမ္ဘောဇဘဏ်လီမိတက် (ကမာရွတ်ဘဏ်ခွဲ) မှ ချေးယူငွေ ကျပ်သိန်း(၁၃၅,၀၀၀)ရှိပါကြောင်း ဝင်ငွေရလမ်းတင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၆/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၂) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် ခွင့်ပြုချက်အရ မြေနှင့်အဆောက်အဦများအား ဝယ်ယူခွင့်ရရှိသူ ဒေါ်မြင့်မြင့်သိန်း သည် ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းရှိ မြေနှင့်အဆောက်အဦကို ကမ္ဘောဇဘဏ်လီမိတက်တွင် အာမခံအပေါင်ထားပြီး ကျပ်သိန်း(၃၈,၀၀၀) ချေးယူထားကြောင်း ဝင်ငွေရလမ်း တင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၈/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၃) ဦးအေးမြင့်ဦး နှင့် ဒေါ်ခင်အေးခိုင် တို့က ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ မြေကွက်အား တန်ဖိုးငွေကျပ် ၁,၆၁၀,၀၀၀,၀၀၀ ဖြင့် ဝယ်ယူရာတွင် ကမ္ဘောဇဘဏ်လီမိတက်မှ ငွေကျပ်(၁၀)ဘီလီယံ ချေးယူ၍ ဝယ်ယူထားကြောင်း ဝင်ငွေရလမ်းတင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၁၀/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၄) New Campus Co., Ltd ၏ ကိုယ်ပိုင်မူကြိုကျောင်း ဆောက်လုပ်ခြင်းအတွက် ကာလတန်ဖိုးမှာ ကျပ်သိန်း(၁,၆၀၇)ရှိပြီး ဝင်ငွေရလမ်းအနေဖြင့် ရန်ကုန်မြို့၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက် (ကျောက်တံတားမြို့နယ်) မှ ချေးယူငွေ ကျပ်သိန်း(၁,၅၀၀)ရှိပါကြောင်း ဝင်ငွေရလမ်းတင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၁၅/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၅) Kempinski Hotel Naypyitaw ဆောက်လုပ်ခြင်းအတွက် နီလာရိုးမ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်မှ ကျပ်သန်း(၂၈,၇၄၉.၃၆၈)ရှိပြီး

ဝင်ငွေရလမ်းအနေဖြင့် နေပြည်တော်စည်ပင်ဘဏ်လီမိတက်မှ ချေးယူငွေ ကျပ်သန်း (၂၉,၂၀၀) ရှိပါကြောင်း ဝင်ငွေရလမ်း တင်ပြလာခြင်းအပေါ် စိစစ်ရေးအဖွဲ့(၁၆/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

( ၆ ) ပြည်ထောင်စုနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ အမှတ်(H-11) ဟိုတယ်ဇုန်(၂) တွင် ဂရိတ်ဝေါလ်ဟိုတယ် ဆောက်လုပ်ခြင်းအတွက် ဟိုတယ်ပိုင်ရှင် ဦးတင်မောင်၊ ဇနီးဖြစ်သူ ဒေါ်နန်းလှစိန် တို့အား ခေါ်ယူစစ်ဆေးရာ အဆိုပါ မြေကွက်ဝယ်ယူခြင်း နှင့် အဆောက်အဦ ဆောက်လုပ်ရာတွင် ရောဝတီဘဏ် (မန္တလေးဘဏ်ခွဲ-၂) မှ ချေးယူငွေ ကျပ်သန်း (၅,၅၀၀) ရှိပါကြောင်း ဝင်ငွေရလမ်း တင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၂၂/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

( ၇ ) ပြည်ထောင်စုနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(H-2) ဟိုတယ်ဇုန်(၂)တွင် ပန်းသီးဟိုတယ် ဆောက်လုပ်ခြင်းအတွက် ဟိုတယ်ပိုင်ရှင် Family United Power Co., Ltd အား ခေါ်ယူစစ်ဆေးရာ ယူနိုက်တက်အမရ ဘဏ်လီမိတက်၊ စမ်းချောင်းဘဏ်ခွဲမှ ချေးယူငွေ ကျပ်သိန်း (၇၀,၀၀၀) ရှိပါကြောင်း ဝင်ငွေရလမ်း တင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၂၆/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

( ၈ ) ဦးရဲမြင့် [၈/မကန(နိုင်)၀၁၄၂၈၈] သည် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းနှင့် ပန်းလှိုင်လမ်းထောင့်ရှိ ပန်းလှိုင် အိမ်ရာ(ရဲတံခွန်တာဝါ)စီမံကိန်းအား ကျပ်(၄,၇၈၆.၈၀၈)သန်းဖြင့် ဝယ်ယူရာတွင် ၎င်းမိသားစု အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီးရှိ မြေနှင့်အဆောက်အဦအား ကမ္ဘောဇဘဏ်တွင် ကျပ်သန်း(၁,၅၀၀)ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မြေနှင့်အဆောက်အဦများအား မြဝတီဘဏ်လီမိတက်တွင် ကျပ်သန်း(၁,၀၀၀)ဖြင့်လည်းကောင်း အာမခံ အပေါင်ထား ချေးငွေရယူ၍ ဝယ်ယူထားကြောင်း ဝင်ငွေရလမ်းတင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၂၇/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

( ၉ ) ဦးလှမျိုး [၉/မနတ (နိုင်) ၁၀၁၅၄၉]မှ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆K)၊ မြေကွက်အမှတ် [၁၁၁/ဂျီ(၁)]၊ ဧရိယာ(၀.၅၅၄)ဧကရှိ မြေကွက်ဝယ်ယူခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး ကာလတန်ဖိုးစိစစ် သတ်မှတ်ရေးအဖွဲ့မှ တန်ဖိုးကျပ်သန်း(၅,၂၀၀) သတ်မှတ်ပေးခဲ့ရာ ကမ္ဘောဇ ဘဏ်၊ ရွှေဂုံတိုင်ဘဏ်ခွဲတွင် ကျပ်သန်း(၃,၆၄၀) ချေးယူထားပါကြောင်း

ဝင်ငွေရလမ်း တင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၃၁/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၁၀) ဘုရင့်နောင် ဆောက်လုပ်ရေးကုမ္ပဏီသည် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် (၅၇၃/၅၇၅) ရှိ မြန်မာ့ထီးစက်ရုံ (ကြက်ဆင်) မြေကွက်နှင့်အဆောက်အဦ ဝယ်ယူခြင်းအတွက် ကမ္ဘောဇ ဘဏ်၊ လမ်းမတော်ဘဏ်ခွဲတွင် ကျပ်သန်း(၂,၈၀၀)နှင့် သမဝါယမဘဏ် တွင် ကျပ်သန်း(၈၀၀)တို့ ချေးယူထားပါကြောင်း ဝင်ငွေရလမ်းတင်ပြ လာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၃၂/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၁၁) ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၉၇)ရှိ မြေနှင့်အဆောက်အဦ(၁)ခုကို နိုင်ငံတော်ပိုင်အဆောက်အဦရောင်းချရေး ကော်မတီ ဆုံးဖြတ်ချက်အရ ဦးသင်းမောင်အေး မှ ကျပ်သန်း (၃,၅၀၀) ဖြင့် ဝယ်ယူခွင့်ရရှိခဲ့ပြီး ၎င်းမြေနှင့်အဆောက်အဦ တန်ဖိုးပေးသွင်းရန် ကျန်ငွေအနက် ကျပ်သန်း (၂,၄၅၀) အား Asia Green Development Bank မှ ချေးယူထားပါကြောင်း ဝင်ငွေရလမ်းတင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၃၃/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၁၂) မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ လူပုဂ္ဂိုလ်(၄)ဦးတို့မှ အစုရှယ်ယာထည့်ဝင်ခြင်း၊ အဆောက်အဦဆောက်လုပ်ခြင်း၊ မြေကွက်နှင့် အဆောက်အဦ ဝယ်ယူခြင်းတို့အတွက် ကမ္ဘာ့ရတနာဘဏ်မှ ကျပ် (၅၀, ၀၀၀,၀၀၀)၊ မြန်မာ့စီးပွါးရေးဘဏ်(၁) [မန္တလေး] မှ ကျပ် (၄၀၀,၀၀၀, ၀၀၀)၊ ကမ္ဘောဇဘဏ်၊ ကမာရွတ်ဘဏ်ခွဲမှ ကျပ်(၁,၁၇၉,၆၁၉,၈၆၀) နှင့် မြန်မာ့စီးပွါးရေးဘဏ်(၄)[ရန်ကုန်]မှ ကျပ်(၃,၅၀၀,၀၀၀,၀၀၀)တို့ ချေးယူထားပါကြောင်း ဝင်ငွေရလမ်းတင်ပြလာခြင်းအပေါ် စိစစ်ရေးအဖွဲ့ (၃၄/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၁၃) မန္တလေးတိုင်းဒေသကြီး၊ မင်္ဂလာအိမ်ယာ တည်ဆောက်ရေးစီမံကိန်းနှင့် ရှမ်းပြည်နယ်၊ မူဆယ်မြို့၊ မင်္ဂလာမူဆယ်အိမ်ယာ တည်ဆောက်ရေး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် New Star Light Co. Ltd, Mandalay Investment and Development Group Co. Ltd နှင့် Real Hospitality Co. Ltd တို့တွင် လူပုဂ္ဂိုလ်(၆)ဦးတို့မှ ရှယ်ယာ ထည့်ဝင်ထားပြီး ၎င်းတို့ ရှယ်ယာထည့်ဝင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ ဆောင်ရွက်ခြင်း တို့အတွက် ကမ္ဘောဇဘဏ် (ဘဏ်ခွဲ-၁၊ မန္တလေးမြို့)၊

မြန်မာ့ရှေ့ဆောင်ဘဏ် (မန္တလေး-၁၊ ဈေးချိုဘဏ်ခွဲ)၊ ရိုးမဘဏ် (၇၈ လမ်းဘဏ်ခွဲ၊ မန္တလေးမြို့) တို့တွင် ချေးငွေများရယူထားပါကြောင်း ဝင်ငွေရလမ်းတင်ပြလာခြင်းအပေါ် စိစစ်ရေးအဖွဲ့ (၄၀/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၁၄) ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့မှ ကျပ်သိန်း(၂၂၈,၆၁၁) သတ်မှတ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၆၉)ရှိ မြေကွက်အား Alliance Properties Co., Ltd မှ ဝယ်ယူခဲ့ရာ၌ ကမ္ဘောဇဘဏ်လီမိတက် (ကမာရွတ်ဘဏ်ခွဲ) ၌ ကျပ်သိန်း (၁၃၀,၀၀၀) ချေးငွေရယူထားကြောင်း ဝင်ငွေရလမ်းတင်ပြလာခြင်းအပေါ် စိစစ်ရေးအဖွဲ့ (၆၄/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၁၅) ဦးမျိုးခိုင် ပါ လူပုဂ္ဂိုလ်(၄)ဦး ပိုင်ဆိုင်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ပုသိမ်-ချောင်းသာကားလမ်း၊ မြေကွက်အမှတ် (ဈ-၆) ရှိ Golden Beach Hotel တွင် (၃)ထပ် အာရ်စီအဆောက်အဦ တိုးချဲ့ဆောက်လုပ်ရန် ၎င်းဟိုတယ်နှင့်မြေအား ကမ္ဘောဇဘဏ် (ဗိုလ်တထောင်ဘဏ်ခွဲ)၌ အာမခံထား၍ နှစ်ရှည်ချေးငွေ ကျပ်သိန်း (၁၀,၀၀၀) ချေးငွေရယူထားကြောင်း ဝင်ငွေရလမ်း တင်ပြလာခြင်းအပေါ် စိစစ်ရေးအဖွဲ့ (၆၆/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၁၆) ပြည်ထောင်စုနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ ဟိုတယ်ဇုံ(၁)ရှိ မြေကွက်အမှတ်(H-40/41) အား ဝယ်ယူ၍ မြနန်းတော်ဟိုတယ် ဆောက်လုပ်ရန်အတွက် မြန်မာစည်းလုံးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ အဆိုပါမြေကွက်အား ကမ္ဘောဇဘဏ်လီမိတက် (မြေနီကုန်းဘဏ်ခွဲ) တွင် အာမခံထား၍ ကျပ်သိန်းပေါင်း (၅၅,၀၀၀) ချေးငွေရယူထားကြောင်း ဝင်ငွေရလမ်း တင်ပြလာခြင်းအပေါ် စိစစ်ရေးအဖွဲ့ (၇၁/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၁၇) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၀/၂၁)ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၃၆၉)တွင် အကျယ်အဝန်း (၆၇၂၉၄.၅) စတုရန်းပေရှိ (၈)ထပ်တွဲ အဆောက်အဦဆောက်ရန်အတွက် ဦးအိုက်စံ (ခ) ဦးမြင့်မောင် နှင့် ဒေါ်ကြူရှုဟောင် (ခ) ဒေါ်တင်တင်မွေး တို့မှ အဆိုပါမြေကွက်နှင့်အဆောက်အဦတို့အား မြဝတီဘဏ်လီမိတက်(ရန်ကုန်) တွင် အာမခံထား၍ ကျပ်သိန်းပေါင်း(၃၉,၇၅၀) ချေးငွေရယူထားကြောင်း ဝင်ငွေရလမ်း တင်ပြလာခြင်းအပေါ် စိစစ်ရေးအဖွဲ့ (၈၃/၂၀၁၆) ဖြင့် စိစစ်ခြင်း။

(ခ) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညှိနှိုင်းမှုများ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်နှင့်ငွေရေးကြေးရေးကုမ္ပဏီအသစ် တည်ထောင်ခြင်း၊ အစုရှယ်ယာ တိုးမြှင့်ထည့်ဝင်ခြင်း၊ အစုရှယ်ယာ ဝယ်ယူ၍ အစုရှယ်ယာ ထည့်ဝင်ခြင်းနှင့် အစုရှယ်ယာ လွှဲပြောင်းရောင်းချခြင်းတို့အား တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ငွေကြေးအရင်းအမြစ် (Source of Fund) သည် နောက်ကြောင်းရာဇဝင် ကင်းရှင်းမှု ရှိ/မရှိ၊ ငွေကြေးခဝါချမှု ကင်းရှင်းခြင်း ရှိ/မရှိ စိစစ်ပြန်ကြားပေးရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားချက်အရ အောက်ပါအမှုများ စိစစ်ခဲ့ပါသည်-

(၁) ကမ္ဘောဇဘဏ်လီမိတက်သို့ လူပုဂ္ဂိုလ်(၂)ဦးမှ ကျပ်သန်း (၂,၀၀၀) အား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၁/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၂) အစုရှယ်ယာရှင်(၂)ဦးမှ ကုမ္ပဏီများ၏အခွန်ဆောင်ပြီး အမြတ်ငွေ ကျပ်သန်း(၃,၀၀၀)ထည့်ဝင်၍ Pacific-AA Finance Limited အမည်ဖြင့် ငွေရေးကြေးရေးကုမ္ပဏီ တည်ထောင်လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၂/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၃) အစုရှယ်ယာရှင်(၄)ဦးတို့မှ ကုမ္ပဏီ၏အခွန်ဆောင်ပြီး အမြတ်ငွေ ကျပ်သန်း (၃,၀၀၀)ထည့်ဝင်၍ Maha Agri အမည်ဖြင့် ငွေရေးကြေးရေးကုမ္ပဏီ တည်ထောင်လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၃/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၄) မြန်မာနိုင်ငံသားများဘဏ်လီမိတက်သို့ အစုရှယ်ယာရှင် (၈၇) ဦးတို့မှ ကျပ်(၁၀,၂၁၄.၁၂၅)သန်းအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၄/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၅) နေပြည်တော်စည်ပင်ဘဏ်လီမိတက်သို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထည့်ဝင်ထားသော ရှယ်ယာတန်ဖိုး ကျပ်(၇)ဘီလီယံအား လူပုဂ္ဂိုလ်(၄)ဦးသို့ လွှဲပြောင်းရောင်းချခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၇/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၆) ပထမပုဂ္ဂလိကဘဏ်လီမိတက်သို့ လူပုဂ္ဂိုလ်(၁၇၄)ဦးတို့မှ အစုရှယ်ယာတန်ဖိုး ကျပ်သန်း(၂၇၆.၁၄) ဝယ်ယူပြီး အဆိုပါငွေအား ထည့်ဝင်ပြီး

မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၉/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

( ၇ ) လူပုဂ္ဂိုလ်(၅)ဦးတို့မှ ကုမ္ပဏီများ၏ အခွန်ဆောင်ပြီးအမြတ်ငွေ ကျပ်သန်း (၃,၀၀၀) ထည့်ဝင်၍ Pay Day Loan Co., Ltd အမည်ဖြင့် ငွေရေးကြေးရေးကုမ္ပဏီ တည်ထောင်လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၁၁/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

( ၈ ) ဦးဇော်ဇော် မှ ဧရာဝတီဘဏ်လီမိတက်၏ အစုရှယ်ယာတန်ဖိုး ကျပ်သန်း (၁၁,၀၀၀)ဝယ်ယူပြီး ယင်းငွေအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၁၂/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

( ၉ ) မြန်မာအရှေ့တိုင်းဘဏ်လီမိတက်သို့ အစုရှယ်ယာရှင် ဦးမျိုးတင့် ၏ အစုရှယ်ယာ ၂၄၄၅ စုအား မဇင်သူသူဝင်း သို့ လွှဲပြောင်းရောင်းချခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၁၄/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၁၀) ကမ္ဘောဇဘဏ်လီမိတက်သို့ လူပုဂ္ဂိုလ်(၂)ဦးမှ ကျပ်သန်း(၃,၀၀၀)အား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၁၇/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၁၁) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်လီမိတက်သို့ လူပုဂ္ဂိုလ်(၃)ဦးတို့မှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) ကျပ် (၁၀.၅)သန်း တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၁၈/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၁၂) လူပုဂ္ဂိုလ်(၃)ဦးတို့မှ ကုမ္ပဏီ၏ အခွန်ဆောင်ပြီးအမြတ်ငွေ ကျပ်သန်း (၃,၀၀၀) ထည့်ဝင်၍ သစ်လွင်သော ကမ္ဘာ့ငွေကြေးထောက်ပံ့ရေးကုမ္ပဏီ လီမိတက် (Pristine Global Finance Company Limited) အမည်ဖြင့် ငွေရေးကြေးရေးကုမ္ပဏီ တည်ထောင်လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၂၀/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၁၃) လူပုဂ္ဂိုလ်(၃၉)ဦးတို့မှ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ကုမ္ပဏီများမှရရှိသည့် အခွန်ဆောင်ပြီးအမြတ်ငွေ ကျပ်(၂၂.၆)ဘီလီယံ ထည့်ဝင်၍ အမှတ်(၆၆)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် သတ္တဖွံ့ဖြိုးရေးဘဏ်အမည်ဖြင့် ဖွံ့ဖြိုးရေးဘဏ် တည်ထောင်လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၂၁/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၁၄) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ လူပုဂ္ဂိုလ် (၂)ဦး တို့မှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် ကျပ် (၈၁.၅) သန်း တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၂၃/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၁၅) ကမ္ဘောဇဘဏ်သို့ ဒေါ်နန်းခမ်းနောင့်၊ ဒေါ်နန်းလိုင်ခမ်း၊ ဒေါ်နန်းမိုဟွမ် တို့မှ ကျပ်သန်း(၁,၀၀၀)စီ၊ စုစုပေါင်း ကျပ်သန်း(၃,၀၀၀)အား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့် ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၂၄/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၁၆) ရောဝတီ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် အမည်ဖြင့် ဘဏ် တည်ထောင်ရန် မတည်ငွေရင်း ကျပ်(၁၅)ဘီလီယံ ကနဦး ထည့်ဝင်မှု အား စိစစ်ခဲ့ပြီး ယခုထပ်မံ၍ အစုရှင်(၁၅)ဦးတို့မှ မတည်ငွေရင်း (Paid up Capital) ကျပ်(၅)ဘီလီယံ တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်း ကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၂၅/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၁၇) ပထမပုဂ္ဂလိကဘဏ်သို့ အစုရှင်(၃၄၆)ဦးတို့မှ အစုရှယ်ယာတန်ဖိုး ကျပ် (၅၉,၀၄၀,၀၀၀)အား ၃၀-၃-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ အစုရှင် (၆)ဦးတို့မှ ရှယ်ယာတန်ဖိုး ကျပ်(၃,၀၂၀,၉၅၅,၀၀၀)အား ၄-၄-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ဝယ်ယူပြီး အဆိုပါငွေများအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၂၈/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၁၈) ဦးဇော်ဇော်၊ မှတ်ပုံတင်အမှတ် ၁၂/ဗဟန (နိုင်) ၀၈၄၅၄၄ ကိုင်ဆောင်သူ သည် ရောဝတီဘဏ်လီမိတက်၏ ရှယ်ယာတန်ဖိုး ကျပ် (၁၀) ဘီလီယံ ဝယ်ယူ၍ ယင်းငွေအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့် ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၂၉/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၁၉) ရိုးမဘဏ်လီမိတက်သို့ ကုမ္ပဏီ(၂)ခုနှင့် အစုရှင်(၁)ဦး တို့မှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) ကျပ်(၁,၅၀၀)သန်း တိုးမြှင့်ထည့် ဝင်ခွင့်ပြုပါရန်နှင့် ကျပ်(၁၇,၂၅၀)သန်းအား Share Premium A/C သို့ ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၃၀/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၂၀) အင်းဝဘဏ်လီမိတက်သို့ မြန်မာစီးပွါးရေးကော်ပိုရေးရှင်းမှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) ကျပ်သန်း(၁,၅၀၀) တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၃၅/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၂၁) ကမ္ဘောဇဘဏ်လီမိတက်သို့ လူပုဂ္ဂိုလ် (၂) ဦးမှ ကျပ်သန်း(၂,၀၀၀)အား ၂၁-၄-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ လူပုဂ္ဂိုလ်(၄)ဦးမှ ကျပ်သန်း (၂,၀၀၀) အား ၂-၅-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ စုစုပေါင်း ကျပ်သန်း (၄,၀၀၀) အား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၃၇/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၂၂) ပထမပုဂ္ဂလိကဘဏ်သို့ အစုရှင်(၂၄၇)ဦး တို့မှ အစုရှယ်ယာ တန်ဖိုးကျပ် (၁,၆၅၄,၄၄၀,၀၀၀)အား ၂-၅-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ အစုရှင် (၅၆)ဦးတို့မှ ရှယ်ယာတန်ဖိုး ကျပ်(၃၅၁,၇၂၅,၀၀၀)အား ၉-၅-၂၀၁၆ နေ့တွင်လည်းကောင်း၊ စုစုပေါင်းကျပ် (၂,၀၀၆,၁၆၅,၀၀၀) ဝယ်ယူပြီး အဆိုပါငွေဖြင့် ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၃၈/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၂၃) ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်သို့ အစုရှင်(၁၁)ဦးတို့မှ ရှယ်ယာတန်ဖိုး ကျပ်(၁၀,၀၀၀,၀၀၀,၀၀၀)အား ၄-၅-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ ကျပ်(၁၀,၀၀၀,၀၀၀,၀၀၀)အား ၉-၅-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ ကျပ်(၁၀,၀၀၀,၀၀၀,၀၀၀)အား ၁၇-၅-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ စုစုပေါင်း ကျပ်(၃၀,၀၀၀,၀၀၀,၀၀၀)အား ဝယ်ယူပြီး အဆိုပါငွေဖြင့် ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၃၉/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၂၄) မြန်မာနိုင်ငံသားများဘဏ်သို့ ပြည်ချမ်းသာကုမ္ပဏီမှ ကျပ်သန်း(၂,၀၀၀) အား ၁၀-၅-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ အစုရှင်(၆)ဦးမှ ကျပ် (၁၃၅.၁၆၅) သန်းအား ၁၂-၅-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ စုစုပေါင်း ကျပ်သန်း(၂,၁၃၅.၁၆၅)အား ဝယ်ယူ၍ အဆိုပါငွေဖြင့် ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန်တင်ပြခြင်း ကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၄၁/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၂၅) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ အစုရှင်(၂) ဦးတို့မှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) ကျပ်(၆)သန်း တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၄၃/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၂၆) ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်သို့ လူပုဂ္ဂိုလ်(၁၁)ဦးတို့မှ အစုရှယ်ယာတန်ဖိုး ကျပ်(၁၀,၀၀၀,၀၀၀,၀၀၀)အား ဝယ်ယူပြီး အဆိုပါ ငွေဖြင့် ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့် ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၄၄/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၂၇) သမဝါယမဘဏ်သို့ သမဝါယမဘဏ် ဝန်ထမ်း(၆)ဦးနှင့် ကေတုမတီ ကုမ္ပဏီမှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) ကျပ် (၇.၃၀) သန်း၊ ပရီမီယံကြေး ကျပ် (၅.၉၉) သန်း၊ ဦးအောင်နိုင် မှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) ကျပ်(၂၅)သန်း၊ ပရီမီယံကြေး ကျပ် (၅၇.၅၀) သန်းအား ၂၃-၅-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ လူပုဂ္ဂိုလ် (၁၃) ဦးတို့မှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) ကျပ် (၂,၃၆၈.၈၅)သန်းအား ၂၇-၅-၂၀၁၆ ရက်နေ့တွင်လည်းကောင်း တိုးမြှင့် ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၄၅/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၂၈) ဂုဏ်ထူးဆောင် တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးဘဏ် အမည်ဖြင့် ဘဏ်တည်ထောင်ရန် မတည်ငွေရင်း ကျပ်(၁၀.၈)ဘီလီယံ ကနဦး ထည့်ဝင်မှုအား စိစစ်ခဲ့ပြီး ယခုထပ်မံ၍ လူပုဂ္ဂိုလ်(၃)ဦးမှ မတည်ငွေရင်း (Paid up Capital) ကျပ် (၉.၂) ဘီလီယံ တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၄၇/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၂၉) ယူနိုက်တက်အမရာဘဏ်သို့ လူပုဂ္ဂိုလ်(၂)ဦးမှ ရှယ်ယာတန်ဖိုး ကျပ်(၄) ဘီလီယံ ဝယ်ယူ၍ ယင်းငွေအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၄၈/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၃၀) အစုရှင်(၂)ဦးမှ ကျပ်သန်း(၃,၀၀၀) ထည့်ဝင်၍ နေပြည်တော်တွင် ပထမ ပူးပေါင်းဆောင်ရွက်သော ငွေရေးကြေးရေး (အက်ဖ်စီအက်ဖ်) ကုမ္ပဏီ လီမိတက် [First Collaborative Finance (FCF) Co., Ltd] အမည်

ဖြင့် ငွေရေးကြေးရေးကုမ္ပဏီ တည်ထောင်လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၄၉/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၃၁) ရတနာပုံဘဏ်သို့ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီမှ အစုရှယ်ယာတန်ဖိုး ကျပ် (၃,၀၀၀) သန်းအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၅၀/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၃၂) အာရှရန်ကုန်ဘဏ်သို့ လူပုဂ္ဂိုလ်(၂)ဦးမှ အစုရှယ်ယာတန်ဖိုး ကျပ်သန်း (၉၀၀) ဝယ်ယူပြီး အဆိုပါငွေအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၅၁/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၃၃) သမဝါယမဘဏ်သို့ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် ကျပ်(၄၇၄.၇၅)သန်းအား အစုရှင်(၂၁)ဦးနှင့် သမဝါယမအသင်း(၄) သင်းတို့မှ ၁၆-၆-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ ကျပ်(၆.၄၁)သန်း အား အစုရှင် (၁၃) ဦးတို့မှ ၁၇-၆-၂၀၁၆ ရက်နေ့တွင်လည်းကောင်း တိုးမြှင့် ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၅၂/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၃၄) မြဝတီဘဏ်သို့ မြန်မာ့စီးပွါးရေးဦးပိုင်မှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် ကျပ် (၃၀) ဘီလီယံ တိုးမြှင့်ထည့်ဝင်ခွင့် ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၅၃/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၃၅) ကမ္ဘောဇဘဏ်သို့ အစုရှင်(၃)ဦးမှ ကျပ်သန်း(၁,၅၀၀)အား ၂၁-၆-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ အစုရှင်(၃)ဦးမှ ကျပ်သန်း(၁,၅၀၀)နှင့် အစုရှင် (၂)ဦးမှ ကျပ်သန်း(၁,၀၀၀)အား ၅-၇-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ စုစုပေါင်း ကျပ်သန်း (၄,၀၀၀) အား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၅၄/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၃၆) ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးသို့ အစုရှင်(၂)ဦးတို့မှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် ကျပ်သန်း (၂,၈၀၀) တိုးမြှင့် ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၅၅/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၃၇) ကျေးလက်ဖွံ့ဖြိုးရေးဘဏ်သို့ ဦးအုန်းမြင့် မှ ယင်းဘဏ်၏ ရှယ်ယာတန်ဖိုး ကျပ်သိန်း (၁၀၀) ဝယ်ယူ၍ အဆိုပါငွေအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စ အပေါ် စိစစ်ရေးအဖွဲ့ (၅၆/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၃၈) ရိုးမဘဏ်သို့ ကုမ္ပဏီ(၂)ခုနှင့် အစုရှင်(၁)ဦးမှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) ကျပ်(၁၇၅)သန်း တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန်နှင့် ကျပ်သန်း(၂,၀၁၂.၅၀)အား Share Premium A/C သို့ ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၅၇/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၃၉) ရန်ကုန်မြို့တော်ဘဏ်သို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မှ ယင်းဘဏ်၏ ရှယ်ယာတန်ဖိုး ကျပ် (၂.၄) ဘီလီယံ ဝယ်ယူ၍ အဆိုပါငွေအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၅၈/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၄၀) ပထမပုဂ္ဂလိကဘဏ်သို့ အစုရှင်(၁၃၇)ဦးတို့မှ ယင်းဘဏ်၏ ရှယ်ယာတန်ဖိုး ကျပ်(၆၁၇,၇၆၀,၀၀၀) ဝယ်ယူ၍ အဆိုပါငွေအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၅၉/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၄၁) Telenor မှ ၅၁ %၊ First Myanmar Investment (FMI) Co., Ltd နှင့် ရိုးမဘဏ်မှ ၅ % ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် Digital Money Myanmar Ltd (Wave Money) မှ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၆၀/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၄၂) ရိုးမဘဏ်သို့ ကုမ္ပဏီ(၁)ခုနှင့် လူပုဂ္ဂိုလ်(၁)ဦးမှ ၂၉-၇-၂၀၁၆ ရက်နေ့တွင် ကျပ်(၅၁၉.၇၅)သန်းအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ်နှင့် ကျပ်သန်း(၅,၉၇၇.၁၂၅)အား Share Premium A/C အဖြစ်သို့လည်းကောင်း၊ ကုမ္ပဏီ(၁)ခုမှ ၁၂-၈-၂၀၁၆ ရက်နေ့တွင် ကျပ်(၄၂၅.၂၅) သန်းအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် နှင့် ကျပ်သန်း(၄,၈၉၀.၃၇၅)အား Share Premium A/C အဖြစ် သို့လည်းကောင်း ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၆၁/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၄၃) ကမ္ဘောဇဘဏ်သို့ အစုရှင်(၂)ဦးမှ ကျပ်သန်း (၂,၀၀၀) အား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၆၂/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၄၄) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ လူပုဂ္ဂိုလ် (၁၂)ဦးမှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) ကျပ် (၅၇.၅) သန်း တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၆၃/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၄၅) သမဝါယမဘဏ်သို့ လူပုဂ္ဂိုလ်(၇)ဦးမှ ကျပ်(၈၁၄.၃၂)သန်းအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ်လည်းကောင်း၊ ကျပ် (၆၂၇.၇၂၆)သန်းအား ပရီမီယံကြေးအဖြစ်လည်းကောင်း တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့(၆၅/၂၀၁၆)ဖြင့် စိစစ်ခြင်း၊

(၄၆) Oriental Leasing ကုမ္ပဏီလီမိတက်သို့ လူပုဂ္ဂိုလ်(၃)ဦးမှ ကျပ်သန်း (၁,၀၀၀) အား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၆၇/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၄၇) ပထမပုဂ္ဂလိကသို့ လူပုဂ္ဂိုလ် (၁၀၀၄) ဦးတို့မှ အစုရှယ်ယာတန်ဖိုး ကျပ် (၂,၀၈၄,၃၇၀,၀၀၀) ဝယ်ယူ၍ အဆိုပါငွေအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၆၈/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၄၈) ဧရာဝတီဘဏ်သို့ လူပုဂ္ဂိုလ်(၆)ဦးမှ ကျပ်(၅)ဘီလီယံအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၆၉/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၄၉) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ လူပုဂ္ဂိုလ် (၁၇)ဦးမှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) ကျပ်(၁၂၃)သန်း တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၇၀/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၅၀) ရန်ကုန်မြို့တော်ဘဏ်သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ယင်းဘဏ်၏ အစုရှယ်ယာတန်ဖိုး ကျပ်(၄.၈)ဘီလီယံ ဝယ်ယူပြီး အဆိုပါငွေအား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ်

တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၇၃/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၅၁) ကမ္ဘောဇဘဏ်သို့ လူပုဂ္ဂိုလ်(၅)ဦးမှ ကျပ်သန်း(၇,၀၀၀)အား ကျပ်သန်း(၇,၀၀၀) အား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၇၇/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၅၂) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ လူပုဂ္ဂိုလ်(၁)ဦးမှ ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် ကျပ်(၁၄)သန်း တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၇၈/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၅၃) လူပုဂ္ဂိုလ်(၂)ဦးမှ Excellent Fortune Insurance Co., Ltd၊ Jade King & Queen Gems & Jewellery Co., Ltd၊ Rammar Automobile Co., Ltd၊ Myanmar Force Industry Co., Ltd၊ Myanmar Force Trading Co., Ltd နှင့် Soe Naing Phyo Co., Ltd များမှ ရရှိသော ဝင်ငွေ ကျပ်သန်း (၃,၀၀၀) ထည့်ဝင်၍ အမှတ်(၅-အေ)၊ ပြည်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် Excellent Fortune Finance Co., Ltd အမည်ဖြင့် ငွေရေးကြေးရေးကုမ္ပဏီ တည်ထောင်လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၈၀/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၅၄) လူပုဂ္ဂိုလ်(၅)ဦးမှ ၎င်းတို့လုပ်ငန်းများအလိုက် အခွန်ဆောင်ပြီး အမြတ်ငွေ ကျပ်သန်း (၃,၀၀၀) ထည့်ဝင်၍ အမှတ်(၁၉၄၄)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ နဝဒေးအိမ်ယာ၊ ပီမိုးနင်းလမ်းထောင့်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရီလိုင်းယေးဘဲလ်အင်န်ထရပ်စ်တက် (Reliable & Trusted Co., Ltd) အမည်ဖြင့် ငွေရေးကြေးရေးကုမ္ပဏီ တည်ထောင်လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၈၁/၂၀၁၆) ဖြင့် စိစစ်ခြင်း၊

(၅၅) ကမ္ဘောဇဘဏ်သို့ လူပုဂ္ဂိုလ်(၃)ဦးမှ ကျပ်သန်း(၂,၅၀၀)အား ထည့်ဝင်ပြီး မတည်ငွေရင်း (Paid up Capital) အဖြစ် တိုးမြှင့်ထည့်ဝင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စအပေါ် စိစစ်ရေးအဖွဲ့ (၈၂/၂၀၁၆) ဖြင့် စိစစ်ခြင်း။

(ဂ) **ဘဏ်များမှပေးပို့သည့် သတင်းပို့ချက်များအပေါ် စိစစ်ဆောင်ရွက်မှုများ။** ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ နေ့စဉ်လက်ခံရရှိသည့် သတင်းပို့ချက်များအား စိစစ်လျက်ရှိရာတွင် သတင်းပို့ချက်များမှ သံသယဖြစ်ဖွယ်တွေ့ရှိရသော ငွေကြေးဆောင်ရွက်ချက်များအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့တင်ပြ၍ ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ၏ လမ်းညွှန်ချက်အရ အမေရိကန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံအခြေစိုက် (Community & Family Services International - CFSI) မှ Western Union ငွေလွှဲလုပ်ငန်းနှင့်ချိတ်ဆက်ထားသော မောင်တောမြို့ရှိ ကမ္ဘောဇဘဏ်လီမိတက်သို့ ၁-၅-၂၀၁၆ ရက်နေ့မှ ၂၂-၇-၂၀၁၆ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၁.၆၉ သိန်းကျော် ငွေကြေးလွှဲပြောင်းဆောင်ရွက်ချက်များအပေါ် သံသယဖြစ်ဖွယ်တွေ့ရှိရခြင်းနှင့်စပ်လျဉ်း၍ စိစစ်ရေးအဖွဲ့(၇၂/၂၀၁၆)ဖြင့် စိစစ်ခဲ့ပါသည်။

၂၃။ **စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးမှု အခြေအနေများ။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၄-၃-၂၀၁၄ ရက်စွဲပါ ၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၁)အရ ပြဋ္ဌာန်းခဲ့သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၆ တွင် ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ စုံစမ်းစစ်ဆေးရေးအဖွဲ့များအား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

(က) **စုံစမ်းစစ်ဆေးရေးအဖွဲ့(၁/၂၀၁၆)။** ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင် နယ်မြေရဲစခန်း (ပ)၆၇၃/၂၀၁၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ (ပ)၆၇၄/၂၀၁၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အမှုတို့မှ တရားခံ ဦးမျိုးဝင်း နှင့် (ပ)၁၀၂/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အမှုမှ တရားခံ ဒေါ်ချိုသွေးလင်းတို့သည် စုစုပေါင်း မတ်ပဲ(၁၁၇၄၂)အိတ်အား လိမ်လည်အလွဲသုံးစား ပြုလုပ်ထားမှုနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးမှညွှန်ကြားချက်အရ ၎င်းတို့၏ပိုင်ဆိုင်မှုများအပေါ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင် ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၂၄-၉-၂၀၁၅ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။ ၎င်းအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက်အစီရင်ခံစာအရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌ

အဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့အား ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ၂၈-၁-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။

( ခ ) **စုံစမ်းစစ်ဆေးရေးအဖွဲ့(၂/၂၀၁၆)။** တာချီလိတ်မြို့မရဲစခန်း မယ(ပ)၁၀၀/၂၀၁၅၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ခ)/ ၁၉(က)/၂၀(က)/၂၂ အရ အမှုဖွင့်ထားရှိသော တရားခံ စိုင်းလျှန်နှင့် ၎င်း၏ဇနီး နန်းကိန်မွန်း တို့ပိုင် စိုင်းဘော့စ် အမည်ဖြင့် စက်ဘီးအရောင်းဆိုင်နှင့် ပရိဘောဂအရောင်းဆိုင်ဖွင့်လှစ်ထားသည့် ဂိုဒေါင်နှင့်တွဲလျက် တိုက်(၁)လုံး၊ စိုင်းလျှန် နှင့် အိုက်ရှိန် တို့(၂)ဦးမှဝယ်ယူထားသော (၀.၀၉)ဧက မြေကွက်(၁)ကွက်တို့သည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများအား အသွင်ပြောင်းလဲထားခြင်းဖြစ်သည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရ၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ လွှဲပြောင်းပေးပို့လာမှုအပေါ် ငွေကြေးခဝါချမှုကင်းရှင်းခြင်း ရှိ/မရှိ၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၂-၁၀-၂၀၁၅ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။ ၎င်းအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက်အစီရင်ခံစာအရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌ အဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့အား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၂၈-၁-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။

( ဂ ) **စုံစမ်းစစ်ဆေးရေးအဖွဲ့(၃/၂၀၁၆)။** တာချီလိတ်မြို့မရဲစခန်း မယ(ပ)၁၁၃/၂၀၁၅၊ မယ(ပ)၁၁၄/၂၀၁၅၊ မယ(ပ)၁၁၅/၂၀၁၅၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆(ခ)/၁၉(က)/၂၂ အရ အမှုဖွင့်ထားရှိသော တရားခံ ဖားဖာ ပိုင် တာချီလိတ်မြို့နယ်၊ မိုင်းကိုးအုပ်စု၊ မယ်လိပါကော်(အပေါ်) ရွာရှိ နေအိမ်နှင့် မယ်လိပါကော်(အပေါ်)ရွာနှင့် (၃)မိုင်ခန့်အကွာရှိ ရာဘာခြံ(၄) ဧကခန့်တို့သည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများအား အသွင်ပြောင်းလဲထားခြင်းဖြစ်သည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရ၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး

ဗဟိုအဖွဲ့မှ လွှဲပြောင်းပေးပို့လာမှုအပေါ် ငွေကြေးခဝါချမှုကင်းရှင်းခြင်း ရှိ/မရှိ၊ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၂-၁၀-၂၀၁၅ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။ ၎င်းအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက် အစီရင်ခံစာအရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့အား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၂၈-၁-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။

(ဃ) **စုံစမ်းစစ်ဆေးရေးအဖွဲ့(၄/၂၀၁၆)**။ ရွှေပြည်သာမြို့မရဲစခန်း(ပ)၆၄/၂၀၁၆၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈၊ (ပ)၆၅/၂၀၁၆၊ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈၊ (ပ)၆၆/၂၀၁၆၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(င)၊ (ပ)၆၇/၂၀၁၆၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(င)၊ (ပ)၆၈/၂၀၁၆ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆ (၁) တို့ဖြင့် အရေးယူထားရှိသော တရားခံ ကျော်ဝင်းစိန် (ခ) ကျင်စိမ်း (ခ) လှမျိုး ၏ ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာ၊ လှိုင်သာယာမြို့နယ်များရှိ မြေနှင့်အဆောက်အဦများအား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ လွှဲပြောင်းပေးပို့လာမှုအပေါ် ငွေကြေးခဝါချမှုကင်းရှင်းခြင်း ရှိ/မရှိ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၂၆-၂-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။ ၎င်းအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက် အစီရင်ခံစာအရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့အား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၂၂-၁၀-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။

(င) **စုံစမ်းစစ်ဆေးရေးအဖွဲ့(၅/၂၀၁၆)**။ တာမွေမြို့မရဲစခန်း(ပ)၁၁၇/၂၀၁၆၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(စ)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း (ပ)၁၃၄/၂၀၁၆၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ ၆(၁)၊ (ပ)၁၃၅/၂၀၁၆ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇၊ မြောက်ဥက္ကလာပမြို့မရဲစခန်း မယ(ပ)

၅/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅/၁၉(က)/၂၁၊ သောင်ကြီးနယ်မြေရဲစခန်း (ပ)၈၀/၂၀၁၆၊ လက်နက်အက်ဥပဒေပုဒ်မ ၁၉(စ) တို့ဖြင့် အရေးယူထားရှိသော တရားခံ Arakan Army (AA)အဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး အဆင့်ရှိ အောင်မြတ်ကျော် (ခ) ညီညီစိုး (ခ) မင်းခန့် (ခ) ညီညီ ၏ မူးယစ်ဆေးဝါးရောင်းချရငွေများ စီးဆင်းနေမှုနှင့် စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ လွှဲပြောင်းပေးပို့လာမှုအပေါ် ငွေကြေးခဝါချမှု ကင်းရှင်းခြင်း ရှိ/မရှိ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင် ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၁၅-၃-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။ ၎င်းအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက် အစီရင်ခံစာအရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့အား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၂၂-၁၀-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။

( စ ) **စုံစမ်းစစ်ဆေးရေးအဖွဲ့(၆/၂၀၁၆)။** ဘုရင့်နောင်နယ်မြေရဲစခန်း မယ(ပ)၂/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဥပဒေ ပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ တို့ဖြင့် အရေးယူထားရှိသော မူးယစ်တရားခံ စောဘာလာစော (ခ) ဝဏ္ဏစိုး သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကို ကျူးလွန်မှုပြုလုပ်ပြီး တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများဖြင့် ယာဉ်အမှတ် 6K/6666 Land Cruiser အနက်ရောင် ယာဉ်(၁)စီး၊ ယာဉ်အမှတ် 4K/4444 RangRover အနက်ရောင် ယာဉ်(၁)စီး၊ စုစုပေါင်း ယာဉ်(၂)စီးအား ဝယ်ယူပိုင်ဆိုင်ကြောင်းပေါ်ပေါက်သဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စိစစ်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ အမှုတွဲလွှဲပြောင်း တင်ပြမှုအပေါ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၁၂-၅-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သောအမှု ဖြစ်ပါသည်။

၎င်းအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက် အစီရင်ခံစာအရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့အား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၂၂-၁၀-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။

(ဆ) **စုံစမ်းစစ်ဆေးရေးအဖွဲ့(၇/၂၀၁၆)။** ဗဟန်းမြို့မရဲစခန်း မယ(ပ)၁၂/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁/၂၂(ခ) တို့ဖြင့် အရေးယူထားရှိသော တရားခံ နေစောဦး (ခ) ပုပု ပိုင်ဆိုင်သည့် မော်တော်ယာဉ်(၈)စီးမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ကျူးလွန်မှုပြုလုပ်ပြီး တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးများအား အသွင်ပြောင်းလဲထားခြင်း ဖြစ်နိုင်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ အမှုတွဲ လွှဲပြောင်းတင်ပြမှုအပေါ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၁၅-၆-၂၀၁၆ ရက်နေ့၌ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သောအမှု ဖြစ်ပါသည်။ ၎င်းအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက် အစီရင်ခံစာအရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့အား ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ၁၄-၁၂-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု ဖြစ်ပါသည်။

**အမှုဖွင့်အရေးယူဆောင်ရွက်ရန် ညွှန်ကြားထားရှိမှု အခြေအနေ**

၂၄။ (က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဝင်းသိန်း အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့ (၂/၂၀၁၄) အား ၂၂-၁၂-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့(၁/၂၀၁၅)အား ၂၃-၂-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်း

တာဝန်ပေးအပ်ခဲ့သော အမှုမှ ဟာစံ (ခ) ဟာစန် (ခ) သိန်းဝင်း နှင့် ၎င်း၏ဇနီး ဖြူဖြူဝင်း တို့ မိသားစုထံမှသိမ်းဆည်းထားသော ၂၀၀၇ ခုနှစ်မှ ၁၃-၃-၂၀၁၄ ရက်နေ့အထိ မတိုင်မီ ပိုင်ဆိုင်မှုများဖြစ်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြေကွက် (၁)ကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ(၂)လုံး၊ မြစ်ကြီးနားမြို့ရှိ မြေကွက် (၂)ကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ(၈)လုံး၊ ဗန်းမော်မြို့ရှိ မြေကွက်(၂) ကွက်၊ ဖားကန့်မြို့ရှိ မြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိ ပျဉ်ထောင်အိမ်ရှည် (၁)လုံး၊ လင်ခရူဇာယာဉ် (၁)စီး၊ (၁၂)ဘီးကုန်တင်ယာဉ် (၂)စီး၊ စုစုပေါင်းခန့်မှန်း တန်ဖိုး ကျပ် (၄၆,၃၂၈) သိန်းအား ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၂၃ အရလည်းကောင်း၊ ၁၄-၃-၂၀၁၄ ရက်နေ့ နောက်ပိုင်း ပိုင်ဆိုင်မှုဖြစ်သည့် မြစ်ကြီးနားမြို့ရှိ မြေနှင့် ယင်းမြေပေါ်ရှိ ပျဉ်ထောင်နှစ်ထပ်အိမ် (၁)လုံး၊ ခန့်မှန်းတန်ဖိုး ကျပ်(၂,၆၁၀)သိန်း အား ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၄၃ အရ လည်းကောင်း၊ တရားခံ ဟာစံ (ခ) ဟာစန် (ခ) သိန်းဝင်း အား ဖမ်းဆီးရမိခြင်း မရှိပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ အရလည်းကောင်း အမှုဖွင့် အရေးယူဆောင်ရွက်သွားရန် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ရဲမှူးကြီး ကျော်ဝင်းသိန်း အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့(၂/၂၀၁၄)အား ၇-၉-၂၀၁၅ ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

(ခ) ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန့်ဇော် အဖွဲ့ခေါင်းဆောင် အဖြစ် ပါဝင်သော စိစစ်ရေးအဖွဲ့(၁/၂၀၁၄)အား ၁၀-၁၀-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ငွေကြေး ခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၂/၂၀၁၅)အား ၂၂-၄-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ် ခဲ့သော အမှုမှ ရဲထွန်းကျော် နှင့် ၎င်း၏ဇနီး ခင်သန္တာဝင်း တို့အပေါ် မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ဖြစ်စေ၊ ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၇ အရဖြစ်စေ၊ သက်ဆိုင်ရာတရားရုံး များက ပြစ်ဒဏ်ချမှတ်သည့်အမိန့် အပြီးအပြတ်အတည်ဖြစ်သည့်အခါ ၎င်းတို့ ပိုင်ဆိုင်သည့်ပစ္စည်း(၄၅)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၃,၉၅၂.၆၂) သန်း၊ အမေရိကန်ဒေါ်လာ (၁၆၃,၇၂၀.၄၈) နှင့် ပြည်ပရှိငွေကြေးများစာရင်း(၇)ခုအား ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ

ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၂၂၊ ၂၃ အရလည်းကောင်း၊ ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်း (၂၃)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၃၄၂.၉၅၂၇) သန်း၊ အမေရိကန်ဒေါ်လာ (၃၂၂,၇၁၇)၊ စင်္ကာပူဒေါ်လာ (၁၇၀)၊ မလေးရှားရင်းဂစ် (၂၉) တို့အား ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃ အရလည်းကောင်း အမှုဖွင့် အရေးယူဆောင်ရွက်သွားရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန့်ဇော် အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော စိစစ်ရေးအဖွဲ့(၁/၂၀၁၄)အား ၃-၁၂-၂၀၁၅ ရက်နေ့တွင် အကြောင်းကြား ခဲ့ပါသည်။

( ဂ ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ငွေကြေးဆိုင်ရာ မှုခင်းတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဝင်းသိန်း အဖွဲ့ခေါင်းဆောင် အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့ (၂၀/၂၀၁၅) အား ၆-၅-၂၀၁၅ ရက်နေ့တွင် လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်း စစ်ဆေးရေးအဖွဲ့(၄/၂၀၁၅)အား ၄-၈-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သော အမှုမှ မူးယစ်အမှုဖြင့် ထောင်ဒဏ်(၇)နှစ် ချမှတ်ထားသည့် တရားခံ တင်ဝင်းထွန်း ပိုင်ဆိုင်သည့် တမူးမြို့ရှိ ပျဉ်ထောင်တစ်ထပ်တိုက်အိမ် (၁)လုံး တန်ဖိုး ကျပ်(၇၆.၈)သိန်းနှင့် ဆိုင်ခန်း(၁)ခန်း တန်ဖိုး ကျပ်(၃၂.၅၆)သိန်း၊ စုစုပေါင်းတန်ဖိုး ကျပ် (၁၀၉.၃၆) သိန်း သည် မူးယစ်ဆေးဝါး အရောင်းအဝယ် ပြုလုပ်ရာမှ ရရှိသောငွေကြေးများဖြင့် အသွင်ပြောင်းလဲဆောက်လုပ်ထားကြောင်း ပေါ်ပေါက်သဖြင့် ယင်းတို့အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ရေး ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၂၂ အရ အမှုဖွင့် အရေးယူဆောင်ရွက်သွားရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ရဲမှူးကြီး ကျော်ဝင်းသိန်း အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင် သော စိစစ်ရေးအဖွဲ့ (၂၀/၂၀၁၅) အား ၇-၁-၂၀၁၆ ရက်နေ့တွင် အကြောင်းကြား ခဲ့ပါသည်။

(ဃ) ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းညွန့် အဖွဲ့ခေါင်းဆောင် အဖြစ် ပါဝင်သော စိစစ်ရေးအဖွဲ့(၃/၂၀၁၄)အား ၃၁-၁၀-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ငွေကြေး ခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့

(၃/၂၀၁၅)အား ၁၅-၆-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော အမှုမှ စဖီယာဘီ (ခ) မိငယ်၊ သမီး သီတာချို၊ သား ကိုကိုနိုင် တို့ ပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ မြဝတီမြို့နှင့် မော်လမြိုင်မြို့တို့ရှိ မြေနှင့်အိမ်(၅)လုံး၊ တိုက်ခန်း(၃)ခန်း၊ မြေကွက်(၅)ကွက်၊ ဆိုင်ခန်း(၄)ခန်းနှင့် မော်တော်ယာဉ်(၆)စီး၊ စုစုပေါင်း ကာလတန်ဖိုး ကျပ်(၂,၄၂၆.၈၀)သန်းအား ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၂၂၊ ၂၃ အရလည်းကောင်း၊ ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့ရှိ မြေနှင့်အိမ်(၁)လုံး၊ မြေကွက်(၃)ကွက်နှင့် မော်တော်ယာဉ်(၁)စီး၊ စုစုပေါင်း ကာလတန်ဖိုး ကျပ်(၄၁၅.၂၁)သန်းအား ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃ အရလည်းကောင်း အမှုဖွင့် အရေးယူဆောင်ရွက်သွားရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းညွန့် အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော စိစစ်ရေးအဖွဲ့ (၃/၂၀၁၄) အား ၁၆-၂-၂၀၁၆ ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

( င ) ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင် အဖွဲ့ခေါင်းဆောင် အဖြစ် ပါဝင်သော စိစစ်ရေးအဖွဲ့(၅၀/၂၀၁၅)အား ၁၂-၈-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့(၈/၂၀၁၅)အား ၂၇-၁၀-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော အမှုမှ တရားခံ ထိုင်းနိုင်ငံသား Koo Milk(ခ)Phi Milk(ခ)Nathapong Samthong (ခ) စိုးဝင်း ပိုင်ဆိုင်သည့် ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၇၇)ရှိ "မီးမီး" ဆိုင်ကယ်ပစ္စည်းအရောင်းဆိုင်မှ ဆိုင်ကယ်အပိုပစ္စည်း (၁၀၉)မျိုး၊ တန်ဖိုး ကျပ်(၁၅၁)သိန်း နှင့် အောင်တံခွန်(၉) စက်လှေ(၁)စီး တန်ဖိုး ကျပ်(၉၂)သိန်း၊ စုစုပေါင်းတန်ဖိုး ကျပ်(၂၄၃)သိန်းအား ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃ အရ အမှုဖွင့် အရေးယူဆောင်ရွက်သွားရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင် အဖွဲ့ခေါင်းဆောင် အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့(၅၀/၂၀၁၅)အား ၁-၃-၂၀၁၆ ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

( စ ) ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းညွန့် အဖွဲ့ခေါင်းဆောင် အဖြစ် ပါဝင်သော စိစစ်ရေးအဖွဲ့(၂၅/၂၀၁၅)အား ၆-၅-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ငွေကြေး ခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၅/၂၀၁၅)အား ၄-၉-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ် ခဲ့သော အမှုမှ တရားခံ တင်စော (ခ) ရဲထွဏ်း (ခ) ရွှေထွန်း နှင့် ၎င်း၏မိသားစု ပိုင်ဆိုင်သည့် ကော့သောင်းမြို့ရှိ အိမ်ခြံမြေ (၃)ခု၊ မြေကွက် (၁၄)ကွက်၊ မော်တော်ယာဉ် (၁)စီး၊ မော်တော်ဆိုင်ကယ်(၂)စီးနှင့် ငွေစာရင်း(၈)ခု၊ စုစုပေါင်း ကာလတန်ဖိုး ကျပ်(၄၃၈.၄၄၈)သန်းအား ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်း ဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၂၂၊ ၂၃ အရ လည်းကောင်း၊ မြေကွက်(၁)ကွက်နှင့် မော်တော်ယာဉ်(၁)စီး၊ စုစုပေါင်းကာလ တန်ဖိုး ကျပ်(၆၈.၁၄)သန်းအား ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃ အရလည်းကောင်း အမှုဖွင့် အရေးယူဆောင်ရွက်သွားရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းညွန့် အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သော စိစစ်ရေးအဖွဲ့ (၂၅/၂၀၁၅) အား ၃-၃-၂၀၁၆ ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

( ဆ ) ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့(၁၉/၂၀၁၅)အား ၆-၅-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ငွေကြေး ခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၇/၂၀၁၅)အား ၂၇-၁၀-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ် ခဲ့သော အမှုမှ မူးယစ်တရားခံပြေး မြင့်နွယ် (ခ) မောင်မောင် နှင့် ၎င်း၏ဇနီး နှင်းနှင်းဝေ တို့ပိုင်ဆိုင်သည့် တာမွေမြို့နယ်ရှိ တိုက်ခန်း(၂)ခန်း၊ သာကေတမြို့နယ် ရှိ မြေပါအာရ်စီနှစ်ထပ်တိုက်(၁)လုံး၊ စုစုပေါင်း ကာလတန်ဖိုး ကျပ်(၅၈၆.၃)သန်း အား ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်း များ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၂၂၊ ၂၃ အရလည်းကောင်း၊ တောင်ဥက္ကလာမြို့နယ်၊ အင်းဝလမ်း၊ အမှတ်(၅၃၅/ဘီ-၁)၊ မြေညီထပ် နေအိမ်တိုက်ခန်း ခန့်မှန်းတန်ဖိုး ကျပ်သန်း(၂၀၀)အား ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ

၄၃ အရလည်းကောင်း အမှုဖွင့် အရေးယူဆောင်ရွက်သွားရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့ (၁၉/၂၀၁၅) အား ၂၉-၃-၂၀၁၆ ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

( ဓ ) ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင် အဖွဲ့ခေါင်းဆောင် အဖြစ် ပါဝင်သော စိစစ်ရေးအဖွဲ့(၅၇/၂၀၁၅)အား ၂၄-၉-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ငွေကြေး ခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၁/၂၀၁၆)အား ၂၈-၁-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ် ခဲ့သော အမှုမှ တရားခံ မျိုးဝင်း နှင့် ၎င်း၏ဇနီး ချိုသွေးလင်း တို့ ပိုင်ဆိုင်သည့် ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ သရက်တော(၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ အမှတ်(၃၉၈)၊ ဧရိယာ(၀.၁၃၃)ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ အာရ်စီသုံးထပ်ခွဲနေအိမ်(၁)လုံး တန်ဖိုး ကျပ်သန်း(၁,၀၀၀)နှင့် မော်တော်ယာဉ် (၁)စီး တန်ဖိုး ကျပ်(၁၂.၅)သန်း၊ စုစုပေါင်း ကာလတန်ဖိုး ကျပ်(၁,၀၁၂.၅)သန်း တို့အား ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်း များ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၂၃ အရ အမှုဖွင့် အရေးယူဆောင်ရွက်သွားရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင် အဖွဲ့ခေါင်းဆောင် အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့ (၅၇/၂၀၁၅) အား ၇-၄-၂၀၁၆ ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

( ဈ ) ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့(၆၀/၂၀၁၅)အား ၂-၁၀-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ငွေကြေး ခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၂/၂၀၁၆)အား ၂၈-၁-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ် ခဲ့သော အမှုမှ တရားခံပြေး စိုင်းလျှန် နှင့် ၎င်း၏ဇနီး နန်းကိန်မွန်း တို့ ပိုင်ဆိုင် သည့် တာချီလိတ်မြို့နယ်ရှိ မြေကွက်(၂)ကွက်၊ တိုက်(၃)လုံးနှင့် ဂိုဒေါင်(၁)လုံး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်(၄၉၀.၈၂)သန်းအား ၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၂၂ အရ

လည်းကောင်း၊ တာချီလိတ်မြို့နယ်၊ ကမ္ဘောဇဘဏ်ခွဲ(၂)ရှိ ကျပ်သိန်း(၁,၀၀၀)ကျော်ပါ ငွေစုစာအုပ်(၁)အုပ်၊ မြေကွက်(၁)ကွက်၊ တိုက်(၁)လုံး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၃၀၇.၅၇) သန်းအား ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃ အရလည်းကောင်း အမှုဖွင့် အရေးယူဆောင်ရွက်သွားရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့ (၆၀/၂၀၁၅) အား ၇-၄-၂၀၁၆ ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

(ည) ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့(၆၁/၂၀၁၅)အား ၂-၁၀-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ ငွေကြေး ခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၃/၂၀၁၆)အား ၂၈-၁-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော အမှုမှ မူးယစ်တရားခံ အားဖာ (ခ) ဖားဖာ ပိုင်ဆိုင်သည့် တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ မယ်လိပါကော်(အပေါ်)ကျေးရွာ၊ ဧရိယာ(၀.၂၀) ဧကခန့်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အာရ်စီ တစ်ထပ်တိုက် (မြေမပါ) တန်ဖိုး ကျပ်(၁၅)သန်း၊ ယင်းကျေးရွာနှင့် (၃)မိုင်ခန့်အကွာ ဧရိယာ (၁၄.၅၆) ဧကခန့်ရှိ ရာဘာခြံ တန်ဖိုး ကျပ် (၂.၉၁) သန်းနှင့် ယင်းမြေပေါ်တွင် စိုက်ပျိုးထားရှိသော ရာဘာပင်(၃၄၀၀)ခန့်၊ တန်ဖိုးကျပ်(၃၆.၇၂)သန်း၊ စုစုပေါင်း ကာလတန်ဖိုး ကျပ်(၅၄.၆၃)သန်းအား ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်း ဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၂၂ အရ အမှုဖွင့် အရေးယူဆောင်ရွက်သွားရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ အဖွဲ့ခေါင်းဆောင် အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့ (၆၁/၂၀၁၅) အား ၇-၄-၂၀၁၆ ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

**သက်ဆိုင်ရာ တရားရုံးများသို့ တရားစွဲတင်ထားရှိမှု အခြေအနေ**

၂၅။ (က) စိစစ်ရေးအဖွဲ့ (၂/၂၀၁၄) နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (၁/၂၀၁၅) တို့ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သော အမှုမှ ဟာစံ (ခ) ဟာစန် (ခ) သိန်းဝင်း နှင့် ၎င်း၏ဇနီး ဖြူဖြူဝင်း တို့အား စိစစ်ရေးအဖွဲ့ (၂/၂၀၁၄) အတွင်းရေးမှူး ရဲ ၂၆၉၂ ရဲမှူး

မိုးအောင် မှ တရားလိုပြုလုပ်၍ မြစ်ကြီးနားမြို့မရဲစခန်း (ပ)၁၄၂/၂၀၁၅၊ CMLL ပုဒ်မ ၂၃၊ ရာဇသတ်ကြီးပြစ်မှုဆိုင်ရာ ကျင့် ၅၁၂၊ (ပ)၁၄၃/၂၀၁၅၊ AMLL ပုဒ်မ ၄၃ တို့ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး ၁၆-၁၂-၂၀၁၅ ရက်နေ့တွင် မြစ်ကြီးနားခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၎င်းတရားရုံးမှ ပြစ်မှုကြီးအမှတ် ၁၈၀/၂၀၁၅၊ ပြစ်မှုအထွေထွေအမှတ်၂၄/၂၀၁၅ ဖြင့်လည်းကောင်း၊ ပြစ်မှုကြီးအမှတ်၁၈၁/၂၀၁၅၊ ပြစ်မှုအထွေထွေအမှတ်၂၅/၂၀၁၅ ဖြင့်လည်းကောင်း လက်ခံ၍ ကြားနာစစ်ဆေးဆဲ ဖြစ်ပါသည်။

( ခ ) စိစစ်ရေးအဖွဲ့ (၆၀/၂၀၁၅) နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (၂/၂၀၁၆) တို့ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သော အမှုမှ တရားခံပြေး စိုင်းလျန် နှင့် ဇနီး နန်းကိန်မွန်း တို့အား အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ စ/၀၇၅၀ ဦးချစ်အောင် မှ တရားလိုပြုလုပ်၍ တာချီလိတ်မြို့မရဲစခန်း (ပ)၁၃၆/၂၀၁၆၊ CMLL ပုဒ်မ ၂၂/၃၂၊ ရာဇသတ်ကြီးပြစ်မှုဆိုင်ရာ ကျင့် ၅၁၂၊ (ပ)၁၃၇/၂၀၁၆၊ AMLL ပုဒ်မ ၄၃ တို့ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး ၂၉-၇-၂၀၁၆ ရက်နေ့တွင် တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၎င်းတရားရုံးမှ ပြစ်မှုကြီးအမှတ် ၈၄/၂၀၁၆၊ ပြစ်မှု အထွေထွေအမှတ် ၂၁/၂၀၁၆ ဖြင့်လည်းကောင်း၊ ပြစ်မှုကြီးအမှတ် ၈၅/၂၀၁၆၊ ပြစ်မှုအထွေထွေအမှတ် ၂၂/၂၀၁၆ ဖြင့်လည်းကောင်း လက်ခံ၍ ကြားနာစစ်ဆေးဆဲ ဖြစ်ပါသည်။

( ဂ ) စိစစ်ရေးအဖွဲ့ (၆၁/၂၀၁၅) နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (၃/၂၀၁၆) တို့ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သော အမှုမှ မူးယစ်တရားခံ အားဖာ (ခ) ဖားဖာ အား အထူး စုံစမ်း စစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ စ/၀၇၅၀ ဦးချစ်အောင် မှ တရားလို ပြုလုပ်၍ တာချီလိတ်မြို့မရဲစခန်း (ပ) ၁၃၅/၂၀၁၆၊ CMLL ပုဒ်မ ၂၂ တို့ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး ၂၉-၇-၂၀၁၆ ရက်နေ့တွင် တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၎င်းတရားရုံးမှ ပြစ်မှုကြီးအမှတ် ၈၃/၂၀၁၆ ဖြင့် လက်ခံ၍ ကြားနာစစ်ဆေးဆဲ ဖြစ်ပါသည်။

(ဃ ) စိစစ်ရေးအဖွဲ့ (၁၉/၂၀၁၅) နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (၇/၂၀၁၅) တို့ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သော အမှုမှ မူးယစ်တရားခံပြေး မြင့်နွယ် (ခ) မောင်မောင် နှင့် ၎င်း၏ဇနီး နှင်းနှင်းဝေ တို့အား အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး စ/၀၇၅၇ ဦးစိုးလွင် မှ တရားလိုပြုလုပ်၍ တာမွေမြို့မရဲစခန်း (ပ)၆၈၇/၂၀၁၆၊ CMLL ပုဒ်မ ၂၂/၃၂၊ ရာဇသတ်ကြီးပြစ်မှုဆိုင်ရာ ကျင့် ၅၁၂၊

(ပ)၆၈၈/၂၀၁၆၊ AMLL ပုဒ်မ ၄၃ တို့ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး ၂၂-၉-၂၀၁၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၎င်းတရားရုံးမှ ပြစ်မှုအထွေထွေအမှတ် ၁၀၄/၂၀၁၆၊ ၁၀၅/၂၀၁၆ တို့ဖြင့် လက်ခံ၍ ကြားနာစစ်ဆေးဆဲ ဖြစ်ပါသည်။

( င ) စိစစ်ရေးအဖွဲ့ (၅၇/၂၀၁၅) နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (၁/၂၀၁၆) တို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော အမှုမှ တရားခံ မျိုးဝင်း နှင့် ၎င်း၏ဇနီး ချိုသွေးလင်း တို့အားအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး စ/၀၉၇၈ ဦးညီဝင်း မှ တရားလိုပြုလုပ်၍ ကြည့်မြင်တိုင်မြို့မရဲစခန်း (ပ)၅၈၈/၂၀၁၆၊ CMLL ပုဒ်မ ၂၃ ဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး ၁-၁၁-၂၀၁၆ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၎င်းတရားရုံးမှ ပြစ်မှုကြီးအမှတ် ၈၈၉/၂၀၁၆ ဖြင့် လက်ခံ၍ ကြားနာစစ်ဆေးဆဲ ဖြစ်ပါသည်။

**၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေအရ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမိန့်ထုတ်ပြန်ပြီး စီးပွါးရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့သို့ တင်ပြ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့မှုအခြေအနေ**

၂၆။ (က) **အမှုအမှတ်(၅/၂၀၁၄)အမှုမှ ဘဏ္ဍာသိမ်းမိန့်အမှတ်(၂/၂၀၁၅)။** ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း မယ(ပ)၉/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အမှုမှ မူးယစ်တရားခံပြေး မလှလှဌေး (ခ) မလင်းလင်း ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ မြေနှင့်အဆောက်အဦ(၁၁)လုံး၊ မြေကွက်အလွတ်(၄)ကွက်နှင့် ထောက်ကြန့်မြို့၊ ဇကရာဇ်ရပ်ကွက်၊ ရတနာသိဒ်လမ်း၊ လမ်းသွယ်(၂)၊ အမှတ်(၅၃)နေအိမ်မှ သိမ်းဆည်းခဲ့သော အသုံးအဆောင်ပစ္စည်း(၄)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဘိုးငွေ ကျပ်(၂,၁၂၁.၅)သိန်း တို့သည် မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းချရာမှ ရရှိသောအကျိုးအမြတ်များဖြင့် ဝယ်ယူပြီး အသွင်ပြောင်းလဲထားကြောင်း အထင်အရှားပေါ်ပေါက်၍ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေဖြင့် ဘဏ္ဍာသိမ်းမိန့်အမှတ် (၂/၂၀၁၅) ထုတ်ပြန်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပါသည်။ အဆိုပါဘဏ္ဍာသိမ်းမိန့် အမှတ် (၂/၂၀၁၅) အား ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွါးရေးရာကော်မတီ၏ ၂၅-၅-၂၀၁၆ ရက်နေ့ ကျင်းပပြုလုပ်သော အမှတ်စဉ် (၃/၂၀၁၆) အစည်းအဝေးမှ ပြည်ထောင်စုအစိုးအရအဖွဲ့သို့ ဆက်လက်တင်ပြအတည်ပြုချက်

ရယူရန် ဆုံးဖြတ်ခဲ့သဖြင့် ၁၈-၇-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ ပြည်ထောင်စုအစိုးအရဖွဲ့၏ ၂၂-၇-၂၀၁၆ ရက်နေ့ ကျင်းပပြုလုပ်သော အမှတ်စဉ် (၇/၂၀၁၆) အစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်သဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ ၂၇-၈-၂၀၁၆ ရက်နေ့တွင် လွှဲပြောင်းအပ်နှံခဲ့ပြီးဖြစ်ပါသည်။

( ခ ) **အမှုအမှတ်(၂/၂၀၁၃)အမှုမှ ဘဏ္ဍာသိမ်းမိန့်အမှတ်(၂/၂၀၁၄)။** ဖားကန့်မြို့မရဲစခန်း မယ(ပ)၄၄/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အမှုဖွင့်အရေးယူထားရှိသော မူးယစ်တရားခံ တင်ထွန်းအောင် (ခ) အိုက်ပီး ပိုင်ဆိုင်သည့် ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ၊ ရပ်ကွက်(၁)၊ နတ်ကြီးစင်ရပ်၊ အမှတ်(၁/၁၉၆)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်နှစ်ထပ်တိုက်အဆောက်အဦ ခန့်မှန်းတန်ဖိုးကျပ် (၁၁၅) သိန်း တရားခံ တင်ထွန်းအောင် (ခ) အိုက်ပီး အပ်နှံထားသည့် ကမ္ဘောဇဘဏ် (ဖားကန့်ဘဏ်ခွဲ) ရှိ ငွေစာရင်းအမှတ် 0131210076902 စာရင်းပိတ်လက်ကျန်ငွေ (၁,၀၈၄,၀၁၀ ကျပ် ၉၄ ပြား) ဆယ်သိန်းရှစ်သောင်းလေးထောင့်တစ်ဆယ်ကျပ် ကိုးဆယ့်လေးပြား၊ ဖခင်ဖြစ်သူ ဦးတင်လှ အပ်နှံထားသည့် ကမ္ဘောဇဘဏ် (ဖားကန့်ဘဏ်ခွဲ) ရှိ ငွေစာစာရင်းအမှတ် 0131210069153 စာရင်းပိတ်လက်ကျန်ငွေ (၂၂၀၇၀၄၆၇ ကျပ် ၄၇ ပြား) နှစ်ရာနှစ်ဆယ်သိန်းခုနှစ်သောင်းလေးရာခြောက်ဆယ့် ခုနှစ်ကျပ်လေးဆယ့်ခုနှစ်ပြားနှင့် ဖခင်ဖြစ်သူ ဦးတင်လှ နှင့် မရီး ဖြစ်သူ မဇာနည်လွင် တို့ တွဲဖက်စာရင်းအမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (မိုးညှင်းဘဏ်ခွဲ) ရှိ ငွေစုစာအုပ်အမှတ် SH-187 စာရင်းပိတ်လက်ကျန်ငွေကျပ် (၁၀၅၂၈၈၂၂ ကျပ် ၅၆ ပြား) တစ်ရာငါးသိန်းနှစ်သောင်းရှစ်ထောင်ရှစ်ရာနှစ်ဆယ့် နှစ်ကျပ်ငါးဆယ့်ခြောက်ပြား၊ စုစုပေါင်းတန်ဖိုးကျပ် (၄၅၁၈၃၃၀၀ ကျပ် ၉၇ပြား) လေးရာငါးဆယ့်တစ်သိန်း ရှစ်သောင်းသုံးထောင်သုံးရာကျပ်ကိုးဆယ့်ခုနှစ်ပြားတို့သည် မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းချရာမှ ရရှိသောအကျိုးအမြတ်များဖြင့် ဝယ်ယူပြီး အသွင်ပြောင်းလဲထားကြောင်း အထင်အရှားပေါ်ပေါက်၍ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေဖြင့် ဘဏ္ဍာသိမ်းမိန့်အမှတ် (၂/၂၀၁၄) ထုတ်ပြန်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပါသည်။ အဆိုပါ ဘဏ္ဍာသိမ်းမိန့်အမှတ် (၂/၂၀၁၄)အား ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွါးရေးရာကော်မတီ၏ ၄-၇-၂၀၁၆ ရက်နေ့ ကျင်းပပြုလုပ်သော အမှတ်စဉ်(၄/၂၀၁၆)အစည်းအဝေးမှ ပြည်ထောင်စု

အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြအတည်ပြုချက်ရယူရန် ဆုံးဖြတ်ခဲ့သဖြင့် ၂၉-၇-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၂-၇-၂၀၁၆ ရက်နေ့ ကျင်းပပြုလုပ်သော အမှတ်စဉ် (၇/၂၀၁၆) အစည်းအဝေးမှ အတည်ပြု ဆုံးဖြတ်ခဲ့ပြီးဖြစ်သဖြင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်သို့ အခြေပစ္စည်းများအားလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ငွေကြေးများအားလည်းကောင်း ၇-၉-၂၀၁၆ ရက်နေ့တွင် လွှဲပြောင်းအပ်နှံခဲ့ပြီးဖြစ်ပါသည်။

**၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ရောင်းချရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှု အခြေအနေ**

၂၇။ (က) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေး အဖွဲ့၏ အမှုအမှတ်(၂/၂၀၁၄)မှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမိန့် (၃/၂၀၁၄) ထုတ်ပြန် သိမ်းဆည်းခဲ့သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း(၁၁)မျိုးနှင့်ပတ်သက်၍ ပြည်ထဲရေး ဝန်ကြီးဌာနမှ တာဝန်ယူရောင်းချသင့်ကြောင်းနှင့် ရောင်းချရငွေအား ပြည်ထဲရေး ဝန်ကြီးဌာန၏ ငွေလုံးငွေရင်းစာရင်းတွင် ထည့်သွင်းဖော်ပြပြီး (၆) လ (၁) ကြိမ် စာရင်းစစ် စစ်ဆေးခံရမည်ဖြစ်ကြောင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှ ခွင့်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုး ဥက္ကဋ္ဌအဖြစ်ပါဝင်သော ရောင်းချရေး အဖွဲ့အား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၁၉-၁-၂၀၁၆ ရက်နေ့တွင် ဖွဲ့ စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ၎င်းအဖွဲ့မှ ရွှေ့ပြောင်းနိုင်သောပစ္စည်း(၁၁)မျိုးအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ပြီး ရောင်းချရရှိခဲ့သည့် ကျပ် (၇၉.၅၅) သိန်းအား (၆)လ (၁)ကြိမ် ပုံမှန်စာရင်းစစ်ဆေးခံနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး ငွေထုတ်စာရင်းအမှတ်၊ MD 010667 သို့ ၁၉-၂-၂၀၁၆ ရက်နေ့တွင် လွှဲပြောင်းပေးသွင်းခဲ့ပါသည်။

(ခ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေး အဖွဲ့၏ အမှုအမှတ်(၅/၂၀၁၄)မှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမိန့်(၂/၂၀၁၅) ထုတ်ပြန် သိမ်းဆည်းခဲ့သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း(၄)မျိုးနှင့်ပတ်သက်၍ ပြည်ထဲရေး ဝန်ကြီးဌာနမှ တာဝန်ယူရောင်းချသင့်ကြောင်းနှင့် ရောင်းချရငွေအား ပြည်ထဲရေး ဝန်ကြီးဌာန၏ ငွေလုံးငွေရင်းစာရင်းတွင် ထည့်သွင်းဖော်ပြပြီး (၆) လ (၁) ကြိမ်

စာရင်းစစ် စစ်ဆေးခံရမည်ဖြစ်ကြောင်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှ ခွင့်ပြုချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝ ဥက္ကဋ္ဌအဖြစ်ပါဝင်သော ရောင်းချရေး အဖွဲ့အား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၂၃-၁၁-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၎င်းအဖွဲ့မှ ရောင်းချဆဲဖြစ်ပါသည်။

**အခြေပြဇယားများ**

၂၈။ ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ ပြဋ္ဌာန်းသည့် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)အရ စုံစမ်းစစ်ဆေးရေးအဖွဲ့(၄၉)ဖွဲ့ အား ၂၀၀၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဥပဒေပုဒ်မ ၈(ဈ)၊ နည်း ဥပဒေပုဒ်မ ၃၂(ခ)တို့အရ ဘဏ္ဍာသိမ်းဆည်းမိန့်(၂၁)ခု ထုတ်ပြန်၍ ကျပ်သန်းပေါင်း ၂၃,၁၆၆.၂၈ အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ခဲ့ပါသည်။ အဆိုပါ ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေတို့အား **<u>နောက်ဆက်တွဲ(ဃ)(င)</u>** တို့ဖြင့် ဖော်ပြထားရှိပါသည်။

၂၉။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ ပြဋ္ဌာန်းသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၃ အရ ၂၀၁၄ ခုနှစ်တွင် စိစစ်ရေးအဖွဲ့(၄)ဖွဲ့၊ ၂၀၁၅ ခုနှစ်တွင် စိစစ်ရေးအဖွဲ့(၁၀)ဖွဲ့၊ ၂၀၁၆ ခုနှစ်တွင် စိစစ်ရေးအဖွဲ့(၁၀)ဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အမှု(၅)မှုအား သက်ဆိုင်ရာတရားရုံး များသို့ တရားစွဲတင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် တရားစွဲတင်ထားရှိမှု အခြေအနေတို့အား **<u>နောက်ဆက်တွဲ(စ)(ဆ)</u>** ဖြင့် ဖော်ပြထားရှိပါသည်။

၃၀။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဘဏ်ချေးငွေမှန်ကန်မှု ရှိ/မရှိ နှင့် ငွေကြေးခဝါချမှု ကင်းရှင်းခြင်း ရှိ/မရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ တည်ထောင်ခြင်း၊ အစုရှယ်ယာများ ထည့်ဝင်ခြင်း/လွှဲပြောင်းရောင်းချခြင်း တို့တွင် ငွေကြေးခဝါချမှု ကင်းရှင်းခြင်း ရှိ/မရှိ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ တို့မှ သတင်းပို့ချက်များ၌ သံသယဖြစ်ဖွယ် ငွေသွင်း/ငွေထုတ် ဆောင်ရွက်ချက်များအပေါ် ငွေကြေးခဝါချမှု ကင်းရှင်းခြင်း ရှိ/မရှိ စိစစ်ရန် ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် စိစစ်ရေးအဖွဲ့ (၈)ဖွဲ့၊ ၂၀၁၅ ခုနှစ်တွင် စိစစ်ရေးအဖွဲ့(၆၇)ဖွဲ့၊ ၂၀၁၆ ခုနှစ်တွင် စိစစ်ရေးအဖွဲ့(၇၃)ဖွဲ့တို့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါ ဖွဲ့စည်းတာဝန်ပေးအပ်မှု အခြေအနေတို့အား **<u>နောက်ဆက်တွဲ(ဇ)</u>** ဖြင့် ဖော်ပြထားရှိပါသည်။

၃၁။ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ စိစစ်ခဲ့သော အမှုများနှင့်ပတ်သက်၍ တရားခံများ၏ ပိုင်ဆိုင်မှုများအနက် မြန်မာငွေ ကျပ်သန်း (၄၂၀.၆၇၃) အခွန်စည်းကြပ်ထားရှိပြီး မြန်မာငွေ ကျပ်သန်း(၂၄,၂၂၄.၈၇၇)၊ အမေရိကန်ဒေါ်လာ (၄၈,၇၁၃၈.၂)၊ စင်္ကာပူဒေါ်လာ (၂,၆၂၀)၊ မလေးရှားရင်းဂစ် (၂၉)၊ ထိုင်းဘတ်ငွေ (၈၅,၁၆၃.၀၅)

နှင့် မော်တော်ယာဉ် (၇)စီးတို့အား ယာယီသိမ်းဆည်းထားရှိခဲ့ပါသည်။ အဆိုပါ အခွန်စည်းကြပ်မှု နှင့် ယာယီသိမ်းဆည်းထားရှိမှု အခြေအနေတို့အား **နောက်ဆက်တွဲ(ဈ)(ည)** တို့ဖြင့် ဖော်ပြထား ရှိပါသည်။

## အပိုင်း ( ၄ )

## စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်မှုများ

၃၂။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်မှုများအား အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

**( က ) သင်တန်းကျောင်းများသို့ သွားရောက်ပို့ချမှု**

( ၁ ) ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ ရဲအရာရှိ လေ့ကျင့်ရေးသင်တန်းကျောင်း(ဇီးပင်ကြီး)တွင် ဖွင့်လှစ်သည့် ဒုတိယရဲအုပ်လောင်းသင်တန်း၊ အမှတ်စဉ်(၈၁/၂၀၁၅)ရှိ သင်တန်းသားများအား ဒုတိယရဲမှူးကြီး အောင်ထွဋ်ကျော် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

( ၂ ) ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ ရဲအရာရှိ အတတ်သင်ကျောင်းတွင်ဖွင့်လှစ်သည့် ကာကွယ်ရေးဝန်ကြီးဌာနမှ၊ ပြည်ထဲရေးဝန်ကြီးဌာနသို့ အမြဲတမ်းပြောင်းရွှေ့ ရောက်ရှိလာသော အရာရှိကြီးများအတွက် ရဲအရာရှိများလုပ်ငန်းခွင်ဝင်သင်တန်း၊ အမှတ်စဉ်(၁/၂၀၁၅)ရှိ သင်တန်းသား (၁၄) ဦး အား ဒုတိယရဲမှူးကြီး အောင်ထွဋ်ကျော် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

( ၃ ) ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း၊ အမှတ်စဉ်(၂၇)ရှိ သင်တန်းသားများအား ရဲမှူး ရဲထွဋ်လှိုင် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

( ၄ ) ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ သတင်းရဲတပ်ဖွဲ့၊ အောင်သပြေရဲရိပ်သာတွင် ဖွင့်လှစ်သည့် အခြေခံ လုံခြုံရေးနှင့် ထောက်လှမ်းရေး (အရာရှိ) သင်တန်း၊ အမှတ်စဉ်(၁၇/၂၀၁၅)ရှိ သင်တန်းသားများအား ရဲမှူး ရဲထွဋ်လှိုင် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

( ၅ ) ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင်ဖွင့်လှစ်သည့် သံတမန်ရေးရာသင်တန်း၊ အမှတ်စဉ်(၅/၂၀၁၅)

ရှိ သင်တန်းသားများအား ရဲမှူးကြီး ကျော်ဝင်းသိန်း မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

( ၆ ) ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့၌ နေပြည်တော်၊ ထောက်ပံ့ အကူ (ဖြုတ်ခွဲ) တွင် ဖွင့်လှစ်သည့် အဆင့်မြင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး (အရာရှိ) သင်တန်း၊ အမှတ်စဉ်(၁/၂၀၁၆)ရှိ သင်တန်းသား (၅၀) ဦးအား ဒုတိယရဲမှူး လှမြင့် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

( ၇ ) ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့၌ နေပြည်တော်၊ သတင်းရဲတပ်ဖွဲ့ သင်တန်း ခန်းမဆောင်တွင် ဖွင့်လှစ်သည့် အခြေခံ လုံခြုံရေးနှင့် ထောက်လှမ်းရေး (အခြားအဆင့်) သင်တန်း၊ အမှတ်စဉ်(၁၀/၂၀၁၅)ရှိ သင်တန်းသား(၅၀)ဦးအား ဒုတိယရဲမှူး ကြူကြူစိန် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

( ၈ ) ၂၀၁၆ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်း မြို့နယ်၊ ကမ္ဘာ့ရတနာဘဏ်တွင် ဖွင့်လှစ်သည့် ဘဏ်ဝန်ထမ်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆိုင်ရာများ သင်တန်းရှိ သင်တန်းသား (၁၀၀) ဦးအား ဒုတိယရဲမှူး ကြူကြူစိန် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

( ၉ ) ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့၌ နေပြည်တော်၊ ထောက်ပံ့အကူ (ဖြုတ်ခွဲ)တွင် ဖွင့်လှစ်သည့် အဆင့်မြင့်မူးယစ်ဆေးဝါး(အခြားအဆင့်) သင်တန်း၊ အမှတ်စဉ် (၁/၂၀၁၆) ရှိ သင်တန်းသား (၅၀) ဦးအား ဒုတိယရဲမှူး ကြည်လင် မှ သင်ခန်းစာပို့ချ ပေးခဲ့ပါသည်။

(၁၀) ၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့၌ နေပြည်တော်၊ သတင်းရဲတပ်ဖွဲ့၊ လုံခြုံရေးနှင့် ထောက်လှမ်းရေးသင်တန်းခန်းမတွင် ဖွင့်လှစ်ခဲ့သည့် ကက(ကြည်း)မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့အမှုထမ်းဆောင်သည့် အရာရှိကြီး/အရာရှိများအား ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ သင်ကြားခြင်းနှင့်ပတ်သက် ၍ သင်တန်းသား (၁၇) ဦး အား ဒုတိယရဲမှူးကြီး မျိုးမင်းထိုက် မှ သင်ခန်းစာပို့ချပေးခဲ့ပါသည်။

(၁၁) ၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ ရဲအရာရှိ လေ့ကျင့်ရေး သင်တန်းကျောင်း (ဇီးပင်ကြီး) တွင် ဖွင့်လှစ်သည့်

ဒုတိယရဲအုပ်လောင်းသင်တန်း၊ အမှတ်စဉ်(၈၄/၂၀၁၅)ရှိ သင်တန်းသား (၃၀၃)ဦးအား ဒုတိယရဲမှူး ကြည်လင် မှ သင်ခန်းစာပို့ချပေးခဲ့ပါသည်။

(၁၂) ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်သည့် ဘဏ်ဝန်ထမ်းများအား ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာများ သင်တန်းရှိ သင်တန်းသား (၂၁) ဦး အား ဒုတိယရဲမှူး ကြူကြူစိန် နှင့် ဒုတိယရဲအုပ် စန်းစန်းသီ တို့မှ သင်ခန်းစာပို့ချပေးခဲ့ပါသည်။

(၁၃) ၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့၌ နေပြည်တော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အစည်းအဝေးခန်းမ(၂)တွင် ဖွင့်လှစ်သည့် ကက(ကြည်း)မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့အမှုထမ်းဆောင်သည့် အရာရှိကြီး/အရာရှိများအား ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများအား ဒုရဲမှူးကြီး မျိုးမင်းထိုက် မှ သင်ခန်းစာပို့ချပေးခဲ့ပါသည်။

(၁၄) ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မှုခင်းရဲတပ်ဖွဲ့တွင် ဖွင့်လှစ်သည့် စုံထောက်အရာရှိသင်တန်း၊ အမှတ်စဉ်(၁၇၅/၂၀၁၆)ရှိ သင်တန်းသား (၁၂၀) ဦးအား ဒုတိယရဲမှူး စန်းစန်းမြင့် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၁၅) ၂၀၁၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ ရိုးမဘဏ်တွင် ဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာများ နှင့်ပတ်သက်၍ ဒုတိယရဲမှူး စန်းစန်းမြင့် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၁၆) ၂၀၁၆ ခုနှစ်၊ မေလ ၂၁ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ ရိုးမဘဏ်တွင် ဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာများ နှင့်ပတ်သက်၍ ဒုတိယရဲမှူး ကြည်လင်နှင့် ဒုတိယရဲမှူး ကြူကြူစိန် တို့မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၁၇) ၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ ရဲအရာရှိအတတ်သင်ကျောင်းတွင် ဖွင့်လှစ်သည့် ရဲအရာရှိများ လုပ်ငန်းခွင်

သင်တန်း၊ အမှတ်စဉ် (၂/၂၀၁၆) ရှိ သင်တန်းသား (၃၁) ဦးအား ရဲမှူးကြီး ကျော်ဝင်းသိန်း မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၁၈) ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ အောင်သပြေ ရဲရိပ်သာ၊ သတင်းရဲတပ်ဖွဲ့တွင် ဖွင့်လှစ်သည့် အခြေခံ လုံခြုံရေးနှင့် ထောက်လှမ်းရေး (အရာရှိ) သင်တန်း၊ အမှတ်စဉ် (၁၈/၂၀၁၆) သို့ ဒုတိယရဲမှူး သင်းသင်းခိုင် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၁၉) ၂၀၁၆ ခုနှစ်၊ မေလ ၂၉ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတွင် ဖွင့်လှစ်သည့် မြန်မာ နိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ စာရင်းစစ်၊ စာရင်း ကိုင်များအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ သင်တန်းသား(၂၀၀) ဦးအား ရဲမှူးကြီး ကျော်ဝင်းသိန်း နှင့် ဦးစီးအရာရှိ ဦးသူရိန်အောင် တို့မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၂၀) ၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးတွင် ဖွင့်လှစ်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း၊ အမှတ်စဉ် (၁/၂၀၁၆) ရှိ သင်တန်းသား (၂၀) ဦးအား ရဲမှူး မြင့်စိုး မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၂၁) ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့၌ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး သင်တန်းတွင် ဖွင့်လှစ်သည့် ရဲအရာရှိများ အထူးမွမ်းမံ သင်တန်း (၂၄/၂၀၁၆)ရှိ သင်တန်းသား(၂၅၀)ဦးအား ဒုတိယရဲမှူးကြီးမျိုးမင်းထိုက် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၂၂) ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့၌ နေပြည်တော်၊ Aureaum Palace Hotel တွင် ဖွင့်လှစ်သည့် အရေးကြီး တောရိုင်းတိရိစ္ဆာန် မှုခင်းများ စုံစမ်းစစ်ဆေးခြင်းသင်တန်းရှိ သင်တန်းသား (၄၀) ဦးအား ရဲမှူးကြီး ကျော်ဝင်းသိန်း မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၂၃) ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ့ ရွှေဆောင်ဘဏ်၊ ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲ (အပေါ်ထပ်)၊ ဘဏ် သင်တန်းကျောင်းခန်းမတွင်ဖွင့်လှစ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲရှိ သင်တန်းသား (၅၂) ဦးအား ဒုတိယရဲမှူး

ကြူကြူစိန် နှင့် ဦးစီးအရာရှိ ဦးသူရိန်အောင် တို့မှ သင်ခန်းစာပို့ချပေးခဲ့ပါသည်။

(၂၄) ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ ကမ္ဘောဇဘဏ်၊ ရန်ကုန်သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဘာသာရပ်နှင့် CTR/STR များပေးပို့ပုံ/ပေးပို့နည်း သင်တန်းရှိ သင်တန်းသား (၁၀၈) ဦးအား ရဲမှူး မြင့်စိုး နှင့် ရဲမှူး ရဲထွဋ်လှိုင် တို့မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၂၅) ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့၌ နေပြည်တော်၊ ရုံးအမှတ်(၃၈)၊ သတင်းရဲတပ်ဖွဲ့တွင် ဖွင့်လှစ်သည့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းခြင်းနှင့်ပတ်သက်၍ သင်တန်းသား (၅၀) ဦးအား ဒုတိယရဲမှူး ကြူကြူစိန် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၂၆) ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့ရှေ့ဆောင်ဘဏ်တွင် ဖွင့်လှစ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ပညာပေးအလုပ်ရုံဆွေးနွေးပွဲရှိ သင်တန်းသား(၄၅)ဦးအား ဒုတိယရဲမှူး ကြူကြူစိန် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၂၇) ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့၌ မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်းတွင်ဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း၊ အမှတ်စဉ်(၂၈) ရှိ သင်တန်းသား(၄၀)ဦးအား ရဲမှူးကြီး ကျော်ဝင်းသိန်း၊ ရဲမှူး မြင့်စိုး နှင့် ဦးစီးအရာရှိ ဦးသူရိန်အောင် တို့မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၂၈) ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ ကမ္ဘာဇ အုပ်စု၊ Strand Square Office တွင်ဖွင့်လှစ်သည့် ဘဏ်ဝန်ထမ်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း ဆိုင်ရာသင်တန်းရှိ သင်တန်းသား(၃၀)ဦးအား ဒုရဲမှူး စန်းစန်းမြင့် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၂၉) ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်မှ ၂၁ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြဝတီဘဏ်တွင် ဖွင့်လှစ်သည့် မြဝတီဘဏ်ရှိ အရာထမ်းများအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းခြင်းနှင့် ပတ်သက်သည့် သင်တန်းရှိ သင်တန်းသားများအား ရဲမှူး မြင့်စိုး မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၃၀) ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ ဘဏ်သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် ဘဏ်ဒီပလိုမာသင်တန်းတွင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာသင်တန်းရှိ သင်တန်းသားများအား ရဲမှူး မြင့်စိုး မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၃၁) ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ Chatrium Hotel တွင် ဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲရှိ သင်တန်သား (၆၀) ဦးအား ရဲမှူး မြင့်စိုး မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၃၂) ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မှူခင်းရဲတပ်ဖွဲ့တွင် ဖွင့်လှစ်သည့် စုံထောက်အရာရှိ သင်တန်း (၁၇၆/၂၀၁၆) ရှိ သင်တန်းသား (၁၅၀) ဦးအား ဒုတိယရဲမှူး စန်းစန်းမြင့် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၃၃) ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့၌ နေပြည်တော်၊ ပုဗ္ဗသီရိ မြို့နယ်၊ ထောက်ပံ့အကူ (ဖြုတ်ခွဲ) တွင် ဖွင့်လှစ်သည့် အဆင့်မြင့်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးသင်တန်း၊ အမှတ်စဉ် (၁/၂၀၁၆) ရှိ သင်တန်းသား(၂၅)ဦးအား ဒုတိယရဲမှူး ကြူကြူစိန် နှင့် ဒုတိယရဲအုပ် မင်းမင်းဦး တို့မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၃၄) ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ ရဲအရာရှိလေ့ကျင့်ရေးသင်တန်းကျောင်း(ဇီးပင်ကြီး)တွင် ဖွင့်လှစ်သည့် ဒုတိယရဲအုပ်လောင်းသင်တန်း၊ အမှတ်စဉ် (၈၇/၂၀၁၆) မီးသတ်ရှိ သင်တန်းသား (၄၁၅) ဦးအား ဒုတိယရဲမှူးကြီး အောင်ထွန်းကျော် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၃၅) ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ သတင်းရဲတပ်ဖွဲ့၊ အောင်သပြေရဲရိပ်သာတွင် ဖွင့်လှစ်သည့် အခြေခံလုံခြုံရေးနှင့် ထောက်လှမ်းရေး (အရာရှိ) သင်တန်းရှိ သင်တန်းသား (၄၉) ဦးအား ဒုရဲမှူး စန်းစန်းမြင့် မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၃၆) ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အမှတ်(၆၀)၊ ရွှေတိဂုံဘုရားလမ်းတွင်

ဖွင့်လှစ်သည့် ဆောက်လုပ်ရေးနှင့်အိမ်ယာဖွံ့ဖြိုးရေးဘဏ်ရှိ သင်တန်းသား (၂၄) ဦးအား ရဲမှူး မြင့်စိုးမှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

(၃၇) ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့၌ နေပြည်တော်၊ ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)တွင် ဖွင့်လှစ်သည့် အလယ်အလတ်အဆင့်အရာရှိ (မွမ်းမံ) သင်တန်း၊ အမှတ်စဉ်(၁)သို့ ရဲမှူး အောင်ကျော်စိုး မှ သင်ခန်းစာ ပို့ချပေးခဲ့ပါသည်။

( ခ ) **စွမ်းရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်မှု။** ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၆-၁၀-၂၀၁၆ ရက်နေ့တွင် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် အမိန့်အမှတ်(၃/၂၀၁၆)ဖြင့် ထုတ်ပြန်ခဲ့ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဖွဲ့စည်းသည့် စိစစ်ရေးအဖွဲ့များတွင်လည်း ဥပဒေနှင့်အညီဖြစ်စေရေး ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အရာရှိများအား အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည် ဖြစ်သည့်အတွက် အဖွဲ့ဝင်အဖြစ်တာဝန်ပေးအပ်မည့် အရာရှိများအား ငွေကြေးခဝါချမှုနှင့် ပတ်သက်၍ အမှုစစ်ဆေးခြင်းများ အကျွမ်းတဝင်ဖြစ်စေရေး ရုံးအမှတ်(၃၈)၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အစည်းအဝေးခန်းမ၌ ၁၅-၁၁-၂၀၁၆ ရက်နေ့တွင် ရဲ ၃၃၉၀ ရဲမှူး အောင်ကျော်စိုး မှ ငွေကြေးခဝါချမှုဥပဒေနှင့် အမှုစုံစမ်းစစ်ဆေးခြင်းအားလည်းကောင်း၊ ၁၆-၁၁-၂၀၁၆ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ စ/၀၉၇၈ လက်ထောက်ညွှန်ကြားရေးမှူး ဦးညိုဝင်း ငွေကြေးခဝါချမှု စုံစမ်းစစ်ဆေးခြင်းအားလည်းကောင်း သင်ကြားပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းသို့ ဒုတိယရဲမှူး (၂) ဦး၊ ရဲအုပ် (၈) ဦး၊ ဒုတိယရဲအုပ် (၁၃) ဦး၊ စုစုပေါင်း (၂၃) ဦး တက်ရောက်ခဲ့ပါသည်။

## အပိုင်း ( ၅ )

## နိုင်ငံတကာ ဆက်ဆံရေး

၃၃။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံတကာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့များနှင့် သတင်းဖလှယ်မှုမှာ ထိုင်းနိုင်ငံ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးရုံးမှ သတင်းပေးပို့မှု (၂)ကြိမ်၊ စင်္ကာပူနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့မှ သတင်းတောင်းခံမှု (၁)ကြိမ်၊ မလေးရှားနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့မှ သတင်းတောင်းခံမှု (၁)ကြိမ် လက်ခံရရှိခဲ့ပါသည်။

၃၄။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အောက်ပါအတိုင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ ပါ သည်-

(က) ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာမှုခင်းရုံး(UNODC)မှ မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ Mr.Troels Vester ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၌ UNODC ၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး အစီအစဉ်နှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် လာရောက်တွေ့ဆုံခဲ့ပါသည်။

(ခ) အမေရိကန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နည်းပညာ အကူအညီပေးရေးရုံး၊ စီးပွားရေးမှုခင်းအဖွဲ့ (ECT) မှ အကြီးတန်း အကြံပေး Mr. Daniel Neau ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ အီလက်ထရောနစ်ဖြင့် သတင်းပို့ခြင်းကိစ္စရပ်များ စိစစ်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ နည်းစနစ်များရေးဆွဲထုတ်ပြန်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲအား ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အဖွဲ့ဝင်များ (၂၈) ဦး တက်ရောက်ခဲ့ပါသည်။

(ဂ) ထိုင်းနိုင်ငံ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံးမှ အထွေထွေအတွင်းရေးမှူးချုပ် Police Colonel Seehanat Prayoonrat ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ ၅ ရက်နေ့အထိ AML/CFT နှင့် အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်မှု တို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် နေပြည်တော်၊ ရုံးအမှတ်

(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

(ဃ) အမေရိကန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နည်းပညာ အကူအညီပေးရေးရုံး၊ စီးပွားရေးမှုခင်းအဖွဲ့ (ECT) မှ အကြီးတန်း အကြံပေး Mr. Daniel Neau သည် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ သတင်းပို့ချက်များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ နည်းပညာအကူအညီပေးအပ်နိုင်ရေးအစည်းအဝေးအား နေပြည်တော်၊ ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၌ ကျင်းပခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ဝင်များနှင့် နောင်ရိုးကုမ္ပဏီမှ ကိုယ်စားလှယ် (၁၉) ဦး တက်ရောက်ခဲ့ပါသည်။

(င) အမေရိကန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နည်းပညာ အကူအညီပေးရေးရုံး၊ စီးပွားရေးမှုခင်းအဖွဲ့ (ECT) မှ အကြီးတန်းအကြံပေး Mr. Daniel Neau ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ သတင်းပို့ချက်များဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ နည်းပညာအကူအညီပေးရေး အလုပ်ရုံဆွေးနွေးပွဲအား ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင် (၁၀)ဦး တက်ရောက်ခဲ့ပါသည်။

(စ) အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) မှ အမှုဆောင်အရာရှိ Ms. Michelle Harwood ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေး ဆောင်ရွက်ချက်များအား ကွင်းဆင်းလေ့လာရန်နှင့်ပတ်သက်၍ နေပြည်တော်၊ ရုံးအမှတ်(၈)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အစည်းအဝေးခန်းမ(၁)၌ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ငွေကြေးဆိုင်ရာ

စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့ တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

(ဆ) ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာမှုခင်းရုံး(UNODC)မှ ကျွမ်းကျင်သူ အရာရှိ Mr. Christ Batt သည် ငွေကြေးခဝါချခြင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း၊ ပမာဏများပြားသည့် ငွေသားများ မှောင်ခိုသယ်ဆောင်ခြင်းများနှင့် ပတ်သက်၍ အထောက်အကူပြုစေမည့် အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ပြီး ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် အကောက်ခွန်ဦးစီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

(ဇ) ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာမှုခင်းရုံး(UNODC)မှ ကျွမ်းကျင်သူ အရာရှိ Mr. Christ Batt သည် ငွေကြေးခဝါချခြင်း၊ ငွေကြေးဆိုင်ရာ စစ်ဆေးခြင်း၊ ပမာဏများပြားသည့် ငွေသားများ မှောင်ခိုသယ်ဆောင်ခြင်းများနှင့်ပတ်သက်၍ အထောက်အကူပြုစေမည့် နည်းပညာ အကူအညီပေးရေး အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် နေပြည်တော်၊ ရုံးအမှတ်(၃၈)၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၌ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ် (၁၃) ဦး တက်ရောက်ခဲ့ပါသည်။

(ဈ) ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာမှုခင်းရုံး(UNODC)မှ ကျွမ်းကျင်သူ အရာရှိ Mr. Christ Batt သည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် (၅) ကြိမ်မြောက် ဒေသတွင်း ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ပြန်လည်သိမ်းဆည်းခြင်းအတွက် တွေ့ဆုံဆွေးနွေးရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမတွင် တွေ့ဆုံခဲ့ပါသည်။

( ည ) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)မှ အကြီးတန်း ငွေရေးကြေးရေး ကဏ္ဍာ ကျွမ်းကျင်သူအရာရှိ Mr. Ian Carrington ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စ အလွတ်သဘောတွေ့ဆုံပွဲအား ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်း ထောက်လှမ်းရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင် (၁၁) ဦး တက်ရောက်ခဲ့ပါသည်။

( ဋ ) အမေရိကန်နိုင်ငံ၊ အခွန်ဝန်ကြီးဌာန၊ ဘဏ္ဍာရေးလက်ထောက် အတွင်းဝန် Mr. Daniel L. Glaser ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ဆွေးနွေးပွဲအား ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်(၁၅)ဦး တက်ရောက်ခဲ့ပါသည်။

( ဌ ) ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ ကျွမ်းကျင်သူအရာရှိ Mr. Christ Batt သည် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသိပညာ ဆွေးနွေးပွဲအား ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေရေးကြေးရေးမဟုတ်သော အဖွဲ့အစည်းများမှ စုစုပေါင်း ကိုယ်စားလှယ် (၆၀) ဦး တက်ရောက်ခဲ့ပါသည်။

( ၃ ) ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) မှ ကျွမ်းကျင်သူအရာရှိ Tom Hansen သည် ဩဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၂ ရက်နေ့အထိ ရန်ကုန်မြို့၊ ပါရမီဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအား စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အခြေခံသင်တန်းသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ သတင်းရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ် စုစုပေါင်း (၃၀) ဦး တက်ရောက်ခဲ့ပါသည်။

(ပ) အမေရိကန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နည်းပညာ အကူအညီပေးရေးရုံး၊ စီးပွားရေးမှုခင်းအဖွဲ့ (ECT) မှ အကြီးတန်း အကြံပေးအရာရှိ Ms. Carol Kelley ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် Online Reporting System ပတ်သက်သည့် အစည်းအဝေးအား ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပြီး ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

(ဖ) ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့်ဆုံးရှုံးနိုင်ခြေအဖွဲ့ (GovRisk) မှ AML/CFT ဆိုင်ရာ အကြံပေး အရာရှိ Mr.Alejandro Montesdoca ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းအဖွဲ့ အစည်းအဝေးအား ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

(တ) ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့်ဆုံးရှုံးနိုင်ခြေအဖွဲ့ (GovRisk) မှ AML/CFT ဆိုင်ရာ အကြံပေး အရာရှိ Mr.Alejandro Montesdoca သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Conference Hall ၌ သံသယဖြစ်ဖွယ် သတင်းပို့ချက်များဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးတို့အား ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းပြုသူများ တက်ရောက်ခဲ့ကြပါသည်။

(ထ) အမေရိကန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နည်းပညာ အကူအညီပေးရေးရုံး၊ စီးပွားရေးမှုခင်းအဖွဲ့ (ECT) မှ အကြီးတန်းအကြံပေးအရာရှိ Mr. Daniel Neau ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ဆက်လက်ဆောင်ရွက်မည့်

နည်းပညာအကူအညီပေးရေးအစည်းအဝေးအား ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

( ဒ ) ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာမှုခင်းရုံး(UNODC)မှ ကျွမ်းကျင်သူအရာရှိ Mr. Christ Batt သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်တွင် နေပြည်တော်၊ Hilton Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့ တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

( ဓ ) ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့်ဆုံးရှုံးနိုင်ခြေအဖွဲ့ (GovRisk) မှ AML/CFT ဆိုင်ရာ အကြံပေး အရာရှိ Mr. Alejandro Montesdeoca ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့ထိ နေပြည်တော် Hilton Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် အပြန်အလှန်အကဲဖြတ်ရေး အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ တို့မှ ကိုယ်စားလှယ် (၃၅) ဦး တက်ရောက်ခဲ့ပါသည်။

( န ) ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့်ဆုံးရှုံးနိုင်ခြေအဖွဲ့ (GovRisk) မှ AML/CFT ဆိုင်ရာ အကြံပေး အရာရှိ Mr. Alejandro Montesdeoca ဦးဆောင်သောအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၇

ရက်နေ့အထိ ရန်ကုန်မြို့၊ မြန်မာနိုင်ငံဘဏ်များအသင်း၌ ကျင်းပပြုလုပ်ခဲ့သည့် ဘဏ်နှင့်ငွေရေးကြေးရေးမဟုတ်သောအဖွဲ့အစည်းများအတွက် APG အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ အဖွဲ့ဝင် (၅) ဦး တက်ရောက်ခဲ့ပါသည်။

( ပ ) ထိုင်းနိုင်ငံ၊ Standard Chartered Bank မှ အဖွဲ့ခေါင်းဆောင် Gary Wilson သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၌ တွေ့ဆုံခဲ့ပါသည်။

( ဖ ) ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာမှုခင်းရုံးမှ Mr. Tom Hansen သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ နေပြည်တော်၊ ရုံးအမှတ်(၆)၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်မှုစံလုပ်ထုံး လုပ်နည်းသတ်မှတ်ချက်နှင့် ပတ်သက်သည့် (တတိယအကြိမ်) အစည်းအဝေးသို့ အဖွဲ့ဝင် (၂၃) ဦး တက်ရောက်ခဲ့ပါသည်။

( ဗ ) ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့်ဆုံးရှုံးနိုင်ခြေအဖွဲ့ (GovRisk) မှ AML/CFT ဆိုင်ရာ အကြံပေးအရာရှိ Mr. Alejandro Montesdeoca သည် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် Technical Compliane နှင့် ပတ်သက်၍ မေးခွန်းများဖြေဆိုခြင်း အကြိုအစည်းအဝေးအား ရုံးအမှတ်(၃၈)၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင် (၁၅) ဦး တက်ရောက်ခဲ့ပါသည်။

( ဘ ) ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေအဖွဲ့ (GovRisk) မှ AML/CFT ဆိုင်ရာ အကြံပေး အရာရှိ Mr. Alejandro Montesdeoca သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်းလုပ်ငန်းဆိုင်ရာ အကြိုမေးခွန်းများဖြေဆိုခြင်း အစည်းအဝေးအား ရုံးအမှတ်(၃၈)၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင် (၉) ဦး တက်ရောက်ခဲ့ပါသည်။

( မ ) ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့်ဆုံးရှုံးနိုင်ခြေအဖွဲ့ (GovRisk) မှ ဒါရိုက်တာ Mr. Nicolas Le Moignan ဦးဆောင်သောအဖွဲ့သည် ၂၀၁၆

ခုနှစ်၊ ဒီဇင်ဘာလ ၂၂ရက်နေ့တွင် အမျိုးသားအဆင့် မဟာဗျူဟာ ရေးဆွဲရေး နှင့်ပတ်သက်သည့် အစည်းအဝေးအား ရုံးအမှတ်(၆)၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင် (၁၂) ဦး တက်ရောက်ခဲ့ပါသည်။

**နိုင်ငံတကာနှင့် ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာများ**

၃၅။ **စင်္ကာပူနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးရာဌာန၊ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်ဆိုင်ရာရုံး။** မြန်မာနိုင်ငံ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် စင်္ကာပူနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးရာဌာန၊ သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်ဆိုင်ရာရုံး တို့အကြား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ရာတွင် အဆင်ပြေချောမွေ့စေရေး နားလည်မှုစာချွန်လွှာအား စင်္ကာပူနိုင်ငံ၌ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ <u>နောက်ဆက်တွဲ(ဠ)</u>

၃၆။ **ပြည်ပအလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေး တက်ရောက်ခဲ့မှုများ**

(က) ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့၏ မျက်နှာချင်းဆိုင်အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်း၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်ဝင်းသိန်း နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင် တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စရိတ်ဖြင့် တက်ရောက်ခဲ့ပါသည်။

(ခ) မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ၂၀၁၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် လူအများအပြားသေစေသော လက်နက်များ မပြန့်ပွားစေရေးအတွက် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်ဝင်းသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်လင်းမောင် နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရိန်အောင် တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား APG စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(ဂ) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးသင်တန်းကျောင်းတွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အမေရိကန်နိုင်ငံ၊ Federal Bureau of Investigation-FBI မှ သင်ကြားပို့ချခဲ့သော လူတွေ့မေးမြန်းခြင်းနှင့် စစ်ကြောခြင်းနည်းပညာဆိုင်ရာသင်တန်းသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး အောင်ကျော်စိုးသည် အမေရိကန်သံရုံး စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(ဃ) ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် ငါးဖမ်းစက်ရုံများတွင် ဖြစ်ပွားခဲ့သော လူကုန်ကူးမှုများအား ဥပဒေရေးရာအရ နိုင်ငံပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး မြင့်စိုး သည် IOM စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(င) ထိုင်းနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဖိုရမ်သို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး ရဲထွဋ်လှိုင် သည် IOM စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(စ) တရုတ်နိုင်ငံ၊ မကာအိုမြို့တွင် ၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် APG အကဲဖြတ်သူလေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနောင်ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်း နှင့် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး မြင့်စိုး တို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား APG စရိတ်ကျခံမှုဖြင့်(၁)ဦး၊ နိုင်ငံတော်စရိတ်ကျခံမှုဖြင့် (၃) ဦး တက်ရောက်ခဲ့ပါသည်။

(ဆ) ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၃ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံဒေသတွင်း နည်းလမ်းသစ်များဖြင့် ငွေကြေးဆိုင်ရာ ဖော်ထုတ်ချက်များအား ချဉ်းကပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး မြင့်စိုး သည် ကမ္ဘာ့ဘဏ် စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(ဇ) ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပပြုလုပ်သည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးသို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်ဝင်းသိန်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန မှ ဦးစီးအရာရှိ ဦးသူရိန်အောင် တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား GovRisk စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(ဈ) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်သည့် ASEAN Seminor on Assest Forfeiture in Drug Trafficking and Production Cases ဆွေးနွေးပွဲသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး ခင်မောင်အေး သည် ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(ည) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးသင်တန်းကျောင်းတွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အများပြည်သူဆိုင်ရာ အဂတိလိုက်စားမှုများအတွက် ငွေကြေးဆိုင်ရာနှင့် ပြစ်မှုစုံစမ်းစစ်ဆေးခြင်းသင်တန်းသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး ခင်မောင်အေး၊ ဒုတိယရဲမှူး အောင်ကျော်စိုး၊ ဒုတိယရဲမှူး သင်းသင်းခိုင် နှင့် ဒုတိယရဲမှူး ကြူကြူစိန် တို့သည် အမေရိကန်သံရုံး စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(ဋ) အင်ဒိုနီးရှားနိုင်ငံ၊ ဆီမာရမ်မြို့တွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်သည့် အာရှ-ပစိဖိတ်ဒေသရှိ အရှေ့တောင်အာရှ အကြမ်းဖက်သမားများတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်ဝင်းသိန်း သည် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (Interpol) စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(ဌ) အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (ဒုတိယအကြိမ်) အစည်းအဝေးသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်ဝင်းသိန်း၊ ရဲမှူး မြင့်စိုး နှင့် ဦးစီးအရာရှိ

ဦးသူရိန်အောင် တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား AUSTRAC စရိတ်ဖြင့် တက်ရောက်ခဲ့ပါသည်။

( ဍ ) ကိုရီးယားနိုင်ငံ၊ ဆိုလ်းမြို့တွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် လူအများအပြားသေစေသော လက်နက်များ မပြန့်ပွားစေရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်ဝင်းသိန်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်လင်းမောင် နှင့် အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရိန်အောင် တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား Korea FIU စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ ပါသည်။

( ဎ ) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးသင်တန်း ကျောင်းတွင် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းသင်တန်းသို့ ငွေကြေး ဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး အောင်ကျော်စိုး နှင့် ရဲအုပ် ဝင်းနိုင်ထွန်း တို့သည် အမေရိကန်သံရုံး စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ ပါသည်။

( ဏ ) မလေးရှားနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် (ဒုတိယ စက်ဝန်း) အစိုးရ ကျွမ်းကျင်ပညာရှင်များအား လေ့ကျင့်ရေးသင်တန်းသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မှ ရဲမှူးကြီး ကျော်ဝင်းသိန်း သည် အမေရိကန်သံရုံး စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

( တ ) စင်္ကာပူနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်မှ ၁၈ ရက်ထိ ကျင်းပပြု လုပ်သည့် AML/ CFT Asseseed Country Course သို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်ဝင်းသိန်း နှင့် ဦးစီးအရာရှိ ဦးသူရိန်အောင် တို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား STI စရိတ် ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(ထ) စင်္ကာပူနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် (ဒုတိယအကြိမ်) စီးပွားရေးဆိုင်ရာ အာဆီယံနိုင်ငံများ အလုပ်ရုံဆွေးနွေးပွဲသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရဲမှူး မြင့်စိုး တက်ရောက်ခဲ့ပါသည်။

(ဒ) မလေးရှားနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ်ဒေသရှိ အရှေ့တောင်အာရှ အကြမ်းဖက်သမားများတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး မျိုးမင်းထိုက် သည် Interpol စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(ဓ) ဆော်ဒီအာရေးဗီးယားနိုင်ငံ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ ကျင်းပပြုလုပ်သည့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ နည်းပုံစံများနှင့် စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး မြင့်စိုး သည် နယူးဇီလန် စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

(န) စင်္ကာပူနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် သစ်တောကဏ္ဍဆိုင်ရာ အကျင့်ပျက်ခြစားမှုနှင့် ငွေကြေးဆိုင်ရာမှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ညီလာခံသို့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး အောင်ထွဋ်ကျော် သည် Interpol စရိတ်ကျခံမှုဖြင့် တက်ရောက်ခဲ့ပါသည်။

၃၇။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ကိုယ်စားပြု၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်အတွင်း ဆက်သွယ်ဆောင်ရွက်ခဲ့သော နိုင်ငံတကာအဖွဲ့အစည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့

(ခ) အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့

(ဂ) ဒေသတွင်း အပြန်အလှန်လေ့လာသုံးသပ်ရေးအဖွဲ့

(ဃ) ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာမှုခင်းရုံး

( င ) အမေရိကန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နည်းပညာ အကူအညီပေးရေးရုံး၊ စီးပွားရေးမှုခင်းများအဖွဲ့၊

( စ ) ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ အုပ်ချုပ်မှုနှင့်ဆုံးရှုံးနိုင်ခြေအဖွဲ့၊

(ဆ) ဩစတြေးလျ ပြည်ထောင်စုရဲအဖွဲ့

( ဇ ) ထိုင်းနိုင်ငံ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ရုံး

( ဈ ) အင်ဒိုနီးရှားနိုင်ငံ၊ ငွေကြေးလွှဲပြောင်းမှုစိစစ်ရေး ဗဟိုဌာန

(ည) ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့

( ဋ ) ကိုရီးယားနိုင်ငံ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့

( ဌ ) ရုရှားနိုင်ငံ၊ ဘဏ္ဍာရေးစောင့်ကြည့်စစ်ဆေးရေးဗဟိုဌာန

( ဍ ) သီရိလင်္ကာနိုင်ငံ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့

( ဎ ) နီပေါနိုင်ငံ၊ ငွေကြေးဆိုင်ရာသတင်းအချက်အလက်ဌာန

(ဏ) ဂျပန်နိုင်ငံ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးဗဟိုဌာန

( တ) စင်္ကာပူနိုင်ငံရဲတပ်ဖွဲ့၊ စီးပွားရေးရာဌာန၊ သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်ဆိုင်ရာရုံးအဖွဲ့

( ထ ) ကမ္ဘောဒီးယားနိုင်ငံ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့

( ဒ ) အိန္ဒိယနိုင်ငံ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့

( ဓ ) တရုတ်နိုင်ငံ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့

၃၈။ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) ၏ အကြံပြုချက်များအရ နိုင်ငံများအနေဖြင့် နိုင်ငံတကာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် Egmount group of FIUs သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် လိုအပ်ပါသည်။ အဖွဲ့ဝင်အဖြစ်လျှောက်ထားသည့် လုပ်ငန်းစဉ်များတွင် ထောက်ခံမည့် အဖွဲ့ဝင်နိုင်ငံ(၂)နိုင်ငံ လိုအပ်ပါသည်။ မြန်မာနိုင်ငံမှအဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေးအတွက် ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ တို့မှ ထောက်ခံမည်ဖြစ်ကြောင်း သဘောတူညီချက်ရရှိပြီးဖြစ်ပါသည်။ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းပြီးနောက် လျှောက်ထားခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃၉။ မြန်မာနိုင်ငံသည်ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းတွင် ပြစ်မှုကျူးလွန်သူများ၏ ရေသောက်မြစ်များကို ဖြတ်တောက်ရန်အတွက် ကိုရီးယား သမ္မတနိုင်ငံတွင် ဖွဲ့စည်းထားရှိသည့် ပြစ်မှုကျူးလွန်ရာမှ ရရှိသောပစ္စည်းများ ပြန်လည်သိမ်းဆည်း

ရမိရေးကွန်ယက် (Asset Recovery Interagency Network Asia Pacific-ARIN-AP) သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

၄၀။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ စံလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures-SOPs) ကို ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nation Office on Drugs and Crime-UNODC) ၏ နည်းပညာအကူအညီဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

၄၁။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေအဖွဲ့ (GovRisk) ၏ နည်းပညာအကူအညီဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

## အပိုင်း (၆)

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းဆောင်ရွက်မှုများ

**နိဒါန်း**

၄၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ဂ)တွင် "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်ကိုအကဲဖြတ်ခြင်း ဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများ၊ သတင်းပို့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အန္တရာယ်ကိုအခြေပြုချဉ်းကပ်ခြင်း နည်းလမ်းများ အသုံးပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ်တစ်ရပ်လုံးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း" ဟုလည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)တွင် "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ် ဖော်ထုတ်အကဲဖြတ်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၊ ဖော်ထုတ်အကဲဖြတ်မှု၏ နောက်ဆုံးရလဒ်များကို ထိန်းသိမ်းခြင်း၊ ယင်းရလဒ်များအနက် သင့်လျော်သည့် သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့စေခြင်း" ဟုလည်းကောင်း ဖော်ပြပါရှိပါသည်။

၄၃။ ထို့ပြင် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force - FATF) ၏ အကြံပြုချက် အမှတ်(၁)တွင်လည်း "နိုင်ငံများသည် မိမိတို့နိုင်ငံအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များကို ဖော်ထုတ်ခြင်း၊ အကဲဖြတ်ချင့်တွက်ခြင်းများ ဆောင်ရွက်ရမည့်အပြင် နားလည်သဘောပေါက်မှု ရှိရမည်။ ထို့အပြင် အဆိုပါ အန္တရာယ်များအား ထိရောက်မှုရှိရှိဖြင့် လျော့နည်းကျဆင်းသွားစေရန် ရည်ရွယ်၍ အန္တရာယ် ချင့်တွက်ရေး၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုအား ပြုလုပ်နိုင်ရေးအတွက် အာဏာပိုင်ခန့်အပ်ခြင်း သို့မဟုတ် လုပ်ထုံးလုပ်နည်းသတ်မှတ်ခြင်း၊ အရင်းအမြစ်များ အသုံးပြုခြင်းအပါအဝင် အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။ နိုင်ငံများသည် အဆိုပါ အကဲဖြတ်မှုများကို အခြေပြုကာ မိမိတို့၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တားဆီးကာကွယ်ရေး သို့မဟုတ် လျော့နည်းကျဆင်းစေရေး အရေးယူဆောင်ရွက်ချက်များသည် ထိုဖော်ထုတ်ရရှိသည့် အန္တရာယ်များနှင့် အချိုးညီမျှမှုရှိစေရေးသေချာစေရန် အန္တရာယ် အခြေပြုချဉ်းကပ်ဆောင်ရွက်မှု (Risk Base Approach-RBA) တစ်ရပ်ကို ချမှတ်ကျင့်သုံးရမည်။ အဆိုပါချဉ်းကပ်ဆောင်ရွက်မှုသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti-Money

Laundering and Countering the Financial of Terrorism-AML/CFT) စနစ်နှင့် FATF အကြံပြုချက်များအပေါ် အန္တရာယ်အခြေပြု အကောင်အထည်ဖော် ဆောင်ရွက်မှုများအတွက် အရင်းအမြစ်များ လုံလောက်စွာ နေရာချထားရေးတွင် ပဓာနကျသော အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်စေရမည်။ နိုင်ငံများအနေဖြင့် အဆင့်မြင့်အန္တရာယ်များကို ဖော်ထုတ်တွေ့ရှိပါက မိမိတို့၏ AML/CFT စနစ်သည် ထိုအန္တရာယ်များကို လုံလောက်စွာ ကိုင်တွယ် ဖြေရှင်းနိုင်မှုရှိစေရမည်။ နိုင်ငံများအနေဖြင့် အဆင့်နိမ့်အန္တရာယ်များကို ဖော်ထုတ်တွေ့ရှိပါကလည်း အဆိုပါနိုင်ငံများ အနေဖြင့် စိတ်ချသေချာသော အခြေအနေများအောက်တွင် FATF အကြံပြုချက် အချို့အတွက် ရိုးရှင်းသော အရေးယူဆောင်ရွက်မှုများကို ခွင့်ပြုရေးဆုံးဖြတ်နိုင်သည်။ နိုင်ငံများအနေဖြင့် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် သတ်မှတ်ထားသည့် ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုပညာရှင်များ (Designated Non Financial Businesses and Professions-DNFBPs) အား ၎င်းတို့၏ AML/CFT အန္တရာယ်များ ဖော်ထုတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ယင်းတို့ကိုလျော့ပါးရေးဆိုင်ရာ ဆောင်ရွက်မှုများကို ထိရောက်စွာ ဆောင်ရွက်စေရမည်" ဖော်ပြပါရှိပါသည်။

**အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း၏ အဓိပ္ပာယ်**

၄၄။ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းဆိုသည်မှာ နိုင်ငံတော်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ် (AML/CFT Regime) တစ်ရပ်လုံးတွင်ရှိသည့် ခြိမ်းခြောက်မှု (Threat) များ၊ အားနည်းချက် (Vulnerability) များနှင့် အကျိုးဆက် (Consequence) များကို ရှာဖွေဖော်ထုတ် အကဲဖြတ်ပြီး လိုအပ်သော မူဝါဒများ၊ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၄၅။ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ် (AML/CFT Regime) ပိုမိုထိရောက်ခိုင်မာစေရန်၊

(ခ) မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ်၏ အားနည်းချက်များ၊ ခြိမ်းခြောက်မှုများကို ရှာဖွေဖော်ထုတ် အကဲဖြတ်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များ လျော့နည်းကျဆင်းစေရန်၊

( ဂ ) ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားသော သက်ဆိုင်သည့် အစိုးရဌာန အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အမျိုးသားအဆင့် အန္တရာယ် အကဲဖြတ်ခြင်း ဆောင်ရွက်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ်နှင့်သက်ဆိုင်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရန်။

**အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ ရည်မှန်းချက်တာဝန်များ**

၄၆။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ ရည်မှန်းချက်တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်

(က) နိုင်ငံတွင်းရှိ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များကို ဖော်ထုတ်ရန်၊ ခွဲခြမ်းစိတ်ဖြာ စိစစ်ရန်နှင့် နားလည်သဘောပေါက်မှု ရှိစေရန်၊

( ခ ) ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ အကြံပြုချက်အမှတ်(၁)နှင့် ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရန်၊

( ဂ ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းစဉ်မှ ထွက်ပေါ်လာမည့် ရလာဒ်များအပေါ်အခြေပြုကာ မိမိတို့၏နိုင်ငံအတွင်း လက်ရှိအခြေအနေတွင် ဖြစ်ပေါ်နေသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အားနည်းချက်များကို နားလည်သဘောပေါက်စေရန်၊

(ဃ) အထက်ဖော်ပြပါ အားနည်းချက်များကို ကုစားနိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ အရင်းအမြစ်များကို ဦးစားပေးကဏ္ဍအလိုက် ခွဲဝေချထားပေးခြင်းများ ပြုလုပ်နိုင်စေရန်၊

( င ) ငွေကြေးခဝါချမှု အန္တရာယ်မှ ကင်းဝေးသည့် တည်ငြိမ်သော စီးပွားရေးပတ်ဝန်းကျင်နှင့် အကြမ်းဖက်မှု အန္တရာယ်မှ ကင်းဝေးသော ငြိမ်းချမ်းသည့် လူမှုအသိုင်းအဝိုင်းကို တည်ဆောက်နိုင်စေရန်။

**အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

၄၇။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ် အကဲဖြတ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်

(က) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဂ)အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ကိုယ်စား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ကိစ္စနှစ်ခုအပေါ် ဆောင်ရွက်ခြင်းကို ဆုံးဖြတ်ချက်ချမှတ်ခြင်း၊

(ဃ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင်သာ ဆောင်ရွက်မည် သို့မဟုတ် ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်မည်ကို ဆုံးဖြတ်ချက်ချမှတ်ခြင်း၊

(င) ကော်မတီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူ ပြုစေရန်အတွက် အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီရုံးအဖွဲ့ ဖွဲ့စည်းခြင်း၊

(စ) အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည့် ပြည်တွင်းပေါင်းစပ်ညှိနှိုင်းရေး တာဝန်ခံ (National Coordinator) ခန့်အပ် တာဝန်ပေးအပ်ခြင်း၊

(ဆ) အကဲဖြတ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ကော်မတီအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည့် နိုင်ငံတကာဆက်သွယ်ရေး တာဝန်ခံများ (Contact Person) များ ခန့်အပ် တာဝန်ပေးအပ်ခြင်း၊

(ဇ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အန္တရာယ် အကဲဖြတ်ချက်အစီရင်ခံစာအပေါ်အခြေခံ၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှု

ကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များ လျော့နည်းစေရန်အတွက် အန္တရာယ် အခြေပြုနည်းလမ်း (Risk-Based Approach-RBA) ကို အကောင် အထည်ဖော် ဆောင်ရွက်ခြင်း၊

( ဈ ) ပြည်တွင်း/ပြည်ပမှပညာရှင်များနှင့် ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်း အဝေးများ ပြုလုပ်၍ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ည ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းမှ ရရှိလာသော ရလဒ်များ ကို အခြေခံ၍ လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန် နိုင်ရေး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ထံ အမျိုးသားအဆင့် အန္တရာယ် အကဲဖြတ်ချက် အစီရင်ခံစာ (NRA Report) တင်ပြခြင်း၊

( ဋ ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ကျ မည့် ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ထံ တင်ပြတောင်းခံခြင်း၊

( ဌ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသား အဆင့် အန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာကို ခေတ်ကာလနှင့် ကိုက်ညီမှု ရှိစေရေး စဉ်ဆက်မပြတ် အကဲဖြတ်ဆောင်ရွက်ခြင်း။

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရသည့်အကြောင်းအရင်း**

၄၈။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အကြောင်းအရင်းများ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

( က ) မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (Asia/Pacific Group on Money Laundering-APG) အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ပြီး APG အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ငွေကြေး ဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) ၏ အကြံပြုချက်(၄၀)ကို လိုက်နာဆောင်ရွက်ရခြင်း၊

( ခ ) ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အကြံပြုချက် အမှတ်(၁)တွင် နိုင်ငံများအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ် (Risks) များကို ရှာဖွေဖော်ထုတ်ရန်

(Identify)၊ အကဲဖြတ်ရန် (Assess) နှင့် သိရှိနားလည်အောင် ဆောင်ရွက်ရန် (Understand) ဖော်ပြပါရှိခြင်း၊

(ဂ) ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၇(ဂ) နှင့် ပုဒ်မ ၈ (က)ပါ ပြဋ္ဌာန်းချက်များအရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့် အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့်အတွက် ကော်မတီဖွဲ့စည်း ဆောင်ရွက်ခြင်း။

**FATF ၏ အများပြည်သူသို့ ထုတ်ပြန်ကြေညာချက် (Public Statement) မှ ပယ်ဖျက်ပေးခြင်းနှင့် အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ခြင်း**

၄၉။ APG ၏ အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ် (Mutual Evaluation-ME) အရ မြန်မာနိုင်ငံကို ၂၀၀၈ ခုနှစ်တွင် ပထမအကြိမ် အကဲဖြတ်ခဲ့ပြီး ၂၀၁၁ခုနှစ်၊ ဇွန်လ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် Public Statement တွင် မြန်မာနိုင်ငံအား ဆုံးရှုံးနိုင်ခြေဖြစ်ပေါ်နိုင်သော နိုင်ငံများစာရင်း၌ ထည့်သွင်းသတ်မှတ်ခဲ့ပြီး အောက်ဖော်ပြပါအချက်များဆောင်ရွက်ရန် အကြံပြုခဲ့ပါသည်

(က) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအား ပြစ်မှုအဖြစ် ပြဋ္ဌာန်းရန်၊
Adequately criminalizing terrorist financing. (Special Recommendation II)

(ခ) အကြမ်းဖက်သမားများ၏ ပိုင်ဆိုင်မှုများအား ဖော်ထုတ်ထိန်းချုပ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများချမှတ်ဆောင်ရွက်ရန်၊
Establishing and implementing adequate procedures to identify and freeze terrorist assets. (Special Recommendation III)

(ဂ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ တရားခံလွှဲပြောင်းရေး မူဘောင်များ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရန်၊
Further strengthening the extradition framework in relation to terrorist financing. (Recommendation 35 and Special Recommendation I)

(ဃ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်၊
Ensuring a fully operational and effectively functioning Financial Intelligence Unit. (Recommendation 26)

(င) ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုပွင့်လင်းမှု (Financial Transparecy) ရှိစေရန်၊
Enhancing financial transparency. (Recommendation 4)

(စ) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ရေးလုပ်ငန်းများ (Customer Due Diligence-CDD) တိုးတက်ဆောင်ရွက်ရန်။
Strengthening customer due diligence measures. (Recommendation 5)

၅၀။ မြန်မာနိုင်ငံအနေဖြင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အကြံပြုချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ/နည်းဥပဒေများ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများကို ပြဌာန်းခြင်း၊ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းတို့ကြောင့် ၂၄-၆-၂၀၁၆ ရက်နေ့တွင် ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့၌ ကျင်းပပြုလုပ်သည့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) အစည်းအဝေးတွင် မြန်မာနိုင်ငံအား အများပြည်သူသို့ ထုတ်ပြန်ကြေညာချက် (Public Statement) မှ ဖယ်ရှားပေးခဲ့ပါသည်။

၅၁။ သို့သော် ငွေကြေးဆိုင်ရာ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (APG) ၏ အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ် (Mutual Evaluation-ME) အရ စေလွှတ်သည့် အကဲဖြတ်ရေးအဖွဲ့သည် ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်၍ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အကြံပြုချက်အမှတ်(၄၀)အပေါ် လိုက်နာဆောင်ရွက်မှုများအား အကဲဖြတ်မည်ဖြစ်ရာ အကြံပြုချက်အမှတ်(၁)တွင် ဖော်ပြပါရှိသည့် အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းကို ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးအကြောင်း**

၅၂။ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းအဆင့် (၂)ဆင့်မှာ-

(က) **ပထမအဆင့်။** နိုင်ငံတော်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ် (Anti Money Laundering and Countering the Financing of Terrorism-AML/CFT Regime) ကို ထိခိုက်စေနိုင်သည့် အန္တရာယ်များ (Risks) ဖြစ်သည့် ခြိမ်းခြောက်မှုများ (Threats)၊

အားနည်းချက်များ (Vulnerability) နှင့် အကျိုးဆက်များ (Consequence) ကို ရှာဖွေဖော်ထုတ်အကဲဖြတ်ပြီး အမျိုးသားအဆင့်အန္တရာယ် အကဲဖြတ်ချက် အစီရင်ခံစာ (NRA Report) ထုတ်ပြန် ဆောင်ရွက်ခြင်း၊

(ခ) **ဒုတိယအဆင့်။** အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ (NRA Report) တွင် ပါရှိသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များကို လျော့နည်းစေရန်အတွက် အန္တရာယ်အခြေပြုချဉ်းကပ်ခြင်း နည်းလမ်း (Risk-Based Approach-RBA) ကို အသုံးပြုပြီး ထိရောက်သည့် မူဝါဒများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန် ဆောင်ရွက်ခြင်း။

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ်**

၅၃။ မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းစဉ်များမှာ ယေဘုယျအားဖြင့် အောက်ပါအတိုင်း လုပ်ငန်းအဆင့်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးဆောင်ရွက်မည့် ယန္တရားတစ်ရပ် ထူထောင်ခြင်း၊ (ကော်မတီ၊ လုပ်ငန်းအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းခြင်း)

(ခ) ခြိမ်းခြောက်မှု (Threat)၊ အားနည်းချက် (Vulnerability)၊ အကျိုးဆက် (Consquence) သတင်းအချက်အလက်များ စုဆောင်းခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (Money Laundering and Financing of Terrorism-ML/FT) အန္တရာယ် (Risks) များကို အကဲဖြတ်ခြင်း၊

(ဃ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ ထုတ်ပြန်ခြင်း၊ လိုအပ်သော မူဝါဒများ၊ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊

(င) အန္တရာယ်အခြေပြု ချဉ်းကပ်ခြင်း နည်းလမ်းအသုံးပြုခြင်း၊ (Risk-Based Approach-RBA)

(စ) စောင့်ကြည့်ထိန်းချုပ်ခြင်း (Monitering)၊ လက်ရှိအခြေအနေနှင့်ကိုက်ညီအောင် ဆောင်ရွက်ခြင်း။ (Up-to-date)

**မူဝါဒ ချမှတ်ပေးခြင်း**

၅၄။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၆-၆-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၅၀၆ (၂၅၄)/ ၁၂ / သမ္မတရုံးဖြင့် ဦးဆောင်ဝန်ကြီးဌာန (Focal Ministry) အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သွားရန် မူဝါဒချမှတ်ပေးခဲ့ပါသည်။

**အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၅၅။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းကို အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး ကော်မတီတစ်ရပ်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့အား ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် စိုးမြိုင် ဦးဆောင်၍ အဖွဲ့ဝင်(၂၈)ဦးဖြင့် ၄-၂-၂၀၁၄ ရက်နေ့တွင် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။ လုပ်ငန်းအဖွဲ့ အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်မှု လုပ်ငန်းစဉ်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သို့ အကူအညီတောင်းခံခဲ့ရာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂျပန်နိုင်ငံ၏ ငွေကြေးအကူအညီ ရရှိခဲ့ပါသည်။

**အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ နည်းပညာ အကူအညီပေးမည့် အစီအစဉ်**

၅၆။ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းစဉ်ဖြစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (Money Laundering and Terrorist Financing - ML/TF) ဆိုင်ရာ အချက်အလက်များစုဆောင်းရာတွင် ဝက်ဆိုက်အခြေပြု သဘောထားစစ်တမ်း (Web-based perception suvery) များဖြင့်လည်းကောင်း၊ အကဲဖြတ်ခြင်း (Assessment) ဆောင်ရွက်ရာတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

၅၇။ ထို့အပြင် အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ (National Risk Assessment Report-NRA Report) ထုတ်ပြန်ခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့တွင်လည်း ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းစဉ် (၈) ရပ်**

၅၈။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းကို အောက်ပါအတိုင်း လုပ်ငန်းစဉ် (၈) ရပ် ချမှတ်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်-

(က) **လုပ်ငန်းစဉ်(၁) ကြိုတင်ပြင်ဆင်ခြင်း**

(၁) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အဖွဲ့ဝင် သတ်မှတ်ခြင်း၊

(၂) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ ဖွဲ့စည်းခြင်း၊

(၃) အမျိုးသားအဆင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ရည်ရွယ်ချက်များ သတ်မှတ်ခြင်း၊

(၄) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း ရည်ရွယ်ချက်၊ နယ်ပယ်အတိုင်းအတာနှင့် အမျိုးအစားသတ်မှတ်ခြင်း၊

(၅) စီမံချက်များအား အဓိကအာဏာပိုင်အကြီးအကဲများထံသို့ ဖြန့်ဝေခြင်း၊

(၆) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း နည်းပညာအကြောင်းကို အာဏာပိုင်များထံ တင်ပြခြင်း၊

(၇) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းစဉ်များကို အာဏာပိုင် အဖွဲ့အစည်းများထံ တင်ပြခြင်း၊

(၈) အချက်အလက်များ အတည်ပြုရေးဆွဲခြင်း။

(ခ) **လုပ်ငန်းစဉ်(၂) ခြိမ်းခြောက်မှုဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း**

(၁) ပြစ်မှုကျူးလွန်ရာမှရရှိသော အကျိုးအမြတ်များ (Proceeds Of Crimes -POC) နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (Financing of Terrorism-FT) ပမာဏဆိုင်ရာ သက်သေခံအထောက်အထားများကို အာဏာပိုင်အဖွဲ့ အစည်းများထံမှ တောင်းခံခြင်း၊

(၂) ပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များ (POC) ဆိုင်ရာ ပမာဏအတွက် အများပြည်သူထံမှရရှိနိုင်သော သတင်းအချက်အလက်များကို စုဆောင်းခြင်း၊

(၃) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (FT) ဆိုင်ရာ ပမာဏအတွက် အများပြည်သူထံမှ ရရှိနိုင်သော သတင်းအချက်အလက်များကို စုဆောင်းခြင်း၊

( ၄ ) အာဏာပိုင်အဖွဲ့အစည်းများထံမှ ငွေကြေးခဝါချမှု (Money Laundering -ML) ခြိမ်းခြောက်မှု ခန့်မှန်းပမာဏကို တိုင်းတာရယူခြင်း၊

( ၅ ) အာဏာပိုင်အဖွဲ့အစည်းများထံမှ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (FT) ခြိမ်းခြောက်မှု ခန့်မှန်းပမာဏကို တိုင်းတာရယူခြင်း၊

( ၆ ) အတည်ပြုပြီးသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/FT) ခြိမ်းခြောက်မှုဆိုင်ရာ အချက်အလက်များကို စုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာမှု ဆောင်ရွက်ခြင်း။

**( ဂ ) လုပ်ငန်းစဉ်(၃) ခြိမ်းခြောက်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း**

( ၁ ) ငွေကြေးခဝါချမှု (ML) ဆိုင်ရာ ခြိမ်းခြောက်မှုကို ခွဲခြမ်းစိတ်ဖြာခြင်းအား ရှင်းလင်းခြင်း၊

( ၂ ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (FT) ဆိုင်ရာ ခြိမ်းခြောက်မှုကို ခွဲခြမ်းစိတ်ဖြာခြင်းအား ရှင်းလင်းခြင်း၊

( ၃ ) ခြိမ်းခြောက်မှုဆိုင်ရာ အတည်ပြုဆောင်ရွက်ရန် ပြင်ဆင်ခြင်း၊

( ၄ ) ငွေကြေးခဝါချမှု (ML) ခြိမ်းခြောက်မှုဆိုင်ရာ ရှာဖွေတွေ့ရှိမှုများအား ပဏာမ အတည်ပြုခြင်း၊

( ၅ ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (FT) ခြိမ်းခြောက်မှုဆိုင်ရာ ရှာဖွေတွေ့ရှိမှုများအား ပဏာမအတည်ပြုခြင်း၊

( ၆ ) ငွေကြေးခဝါချမှု (ML) ခြိမ်းခြောက်မှုဆိုင်ရာ အကဲဖြတ်မှုများကို မူကြမ်းရေးဆွဲရေးနှင့် ပြန်လည်သုံးသပ်ခြင်း၊

( ၇ ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (FT) ခြိမ်းခြောက်မှုဆိုင်ရာ အကဲဖြတ်မှုများကို မူကြမ်းရေးဆွဲရေးနှင့် ပြန်လည်သုံးသပ်ခြင်း။

**( ဃ ) လုပ်ငန်းစဉ်(၄) အားနည်းချက်ဆိုင်ရာအချက်အလက်များစုဆောင်းခြင်း**

( ၁ ) လိုအပ်ပါက အများပြည်သူဆိုင်ရာသတင်းအရင်းအမြစ်မှ အားနည်းချက်ဆိုင်ရာ အချက်အလက်များအား စုဆောင်းခြင်း သို့မဟုတ် လက်ရှိအခြေအနေနှင့် ကိုက်ညီစေခြင်း၊

( ၂ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/FT) အားနည်းချက်နှင့်ဆက်နွယ်နေသော စာရင်းအင်းများအား အာဏာပိုင်အဖွဲ့အစည်းများထံမှ ခန့်မှန်းတိုင်းတာချက်ရယူခြင်း၊

(၃) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/FT) အားနည်းချက်နှင့် ဆက်နွယ်နေသော သဘောထားအမြင်များအား အာဏာပိုင်အဖွဲ့အစည်းများထံမှ ခန့်မှန်းတိုင်းတာချက် ရယူခြင်း၊

(၄) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/FT) အားနည်းချက်ဆိုင်ရာ သဘောထားအမြင်များကို အဓိက ဆက်သွယ်ဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများထံ ခန့်မှန်းတိုင်းတာချက် ရယူခြင်း၊

(၅) စိစစ်အတည်ပြုပြီးသော ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/FT) ဆိုင်ရာ အားနည်းချက်များအား အန္တရာယ် ခွဲခြမ်းစိတ်ဖြာခြင်း ဆောင်ရွက်ခြင်း။

**( င) လုပ်ငန်းစဉ်(၅) အားနည်းချက်များအား ခွဲခြမ်းစိတ်ဖြာခြင်း**

(၁) ငွေကြေးခဝါချမှု (ML) အားနည်းချက်အား ခွဲခြမ်းစိတ်ဖြာခြင်းကို ရှင်းလင်းခြင်း၊

(၂) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (FT) အားနည်းချက်အား ခွဲခြမ်းစိတ်ဖြာခြင်းကို ရှင်းလင်းခြင်း၊

(၃) အာဏာပိုင်များမှ အားနည်းချက်ဆိုင်ရာ အတည်ပြုခြင်း လုပ်ငန်းစဉ်များအား ဆောင်ရွက်ခြင်း၊

(၄) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/FT) အားနည်းချက်ဆိုင်ရာ တွေ့ရှိချက်များကို ပဏာမအတည်ပြုခြင်း၊

(၅) ငွေကြေးခဝါချမှု(ML)ဆိုင်ရာ အားနည်းချက်နှင့် ဖြစ်နိုင်ခြေအကဲဖြတ်မှုများကို မူကြမ်းရေးသားခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊

(၆) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (FT) ဆိုင်ရာ အားနည်းချက်နှင့် ဖြစ်နိုင်ခြေအကဲဖြတ်မှုများကို မူကြမ်းရေးသားခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။

**(စ) လုပ်ငန်းစဉ်(၆) အကျိုးဆက်ဆိုင်ရာ အချက်အလက်များကို စုဆောင်းခြင်း**

(၁) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/FT) အကျိုးဆက်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှု ရှင်းလင်းခြင်း၊

(၂) ငွေကြေးခဝါချမှု (ML) ဆိုင်ရာ အကျိုးဆက်များနှင့် ဆက်နွယ်နေသော သဘောထားအမြင်များကို အာဏာပိုင်အဖွဲ့အစည်းများထံမှ ခန့်မှန်းချက် တိုင်းတာ ရယူခြင်း၊

( ၃ ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (FT) ဆိုင်ရာ အကျိုးဆက်များနှင့် ဆက်နွယ်နေသော သဘောထားအမြင်များကို အာဏာပိုင်အဖွဲ့အစည်းများထံမှ ရယူခြင်း၊

( ၄ ) စိစစ်အတည်ပြုပြီးသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/FT) ဆိုင်ရာ အားနည်းချက်များအား အန္တရာယ်ခွဲခြမ်းစိတ်ဖြာခြင်း ဆောင်ရွက်ခြင်း။

**( ဆ ) လုပ်ငန်းစဉ်(၇) အကျိုးဆက်များအား ခွဲခြမ်းစိတ်ဖြာခြင်း**

( ၁ ) ငွေကြေးခဝါချမှု (ML) ဆိုင်ရာ အကျိုးဆက်များအား ခွဲခြမ်းစိတ်ဖြာခြင်းကို ရှင်းလင်းခြင်း၊

( ၂ ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (FT) ဆိုင်ရာ အကျိုးဆက်များအား ခွဲခြမ်းစိတ်ဖြာခြင်းကို ရှင်းလင်းခြင်း၊

( ၃ ) အာဏာပိုင်များမှအကျိုးဆက်များအား အတည်ပြုခြင်းနှင့်လုပ်ငန်းစဉ်များအား ပြင်ဆင်ဆောင်ရွက်ခြင်း၊

( ၄ ) ငွေကြေးခဝါချမှု (ML) အကျိုးဆက်ဆိုင်ရာ တွေ့ရှိချက်များကို ပဏာမအတည်ပြုခြင်း၊

( ၅ ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (FT) အကျိုးဆက်ဆိုင်ရာ တွေ့ရှိချက်များကို ပဏာမ အတည်ပြုခြင်း၊

( ၆ ) ငွေကြေးခဝါချမှု (ML) ဆိုင်ရာ အကျိုးဆက်များနှင့် ဖြစ်နိုင်ခြေအကဲဖြတ်မှုများကို မူကြမ်းရေးသားခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊

( ၇ ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု(FT)ဆိုင်ရာ အကျိုးဆက်များနှင့် ဖြစ်နိုင်ခြေအကဲဖြတ်မှုများကို မူကြမ်းရေးသားခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။

**( ဇ ) လုပ်ငန်းစဉ်(၈) မူကြမ်းရေးဆွဲခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း**

( ၁ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/FT) အန္တရာယ်ကိုရရှိစေရန် ခြိမ်းခြောက်မှု၊ အားနည်းချက်နှင့် အကျိုးဆက်ကို ပေါင်းစပ်ခြင်း၊

( ၂ ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ တွေ့ရှိချက်များကို အဆင့်မြင့်အရာရှိကြီးများမှ ပဏာမအကဲဖြတ်ခြင်း၊

( ၃ ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ အစီရင်ခံစာကို မူကြမ်းနှင့် အပြီးသတ်ရေးသားခြင်း၊

( ၄ ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ အစီရင်ခံစာကို ပေးပို့ခြင်း၊

( ၅ ) နည်းပညာ အကူအညီဆိုင်ရာ အစီရင်ခံစာပေးပို့ခြင်း။

**အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၅၉။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းများအားဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်၍ အဖွဲ့ဝင်(၂၉)ဦးပါဝင်သော ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး ကော်မတီကို အမိန့်အမှတ် (၅/၂၀၁၅) ဖြင့် ၃၀-၁၂-၂၀၁၅ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၆၀။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်အမှတ်(၅/၂၀၁၅)ဖြင့် ဖွဲ့စည်းထားရှိသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး ကော်မတီကို လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရန် အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သော အဖွဲ့ဝင်(၃၇)ဦး ပါဝင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ် အကဲဖြတ်ရေး ကော်မတီကို ၁၈-၆-၂၀၁၆ ရက်တွင် အမိန့်အမှတ် (၂/၂၀၁၆) ဖြင့် တိုးချဲ့ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။ __နောက်ဆက်တွဲ(ဌ)__

**လုပ်ငန်းစဉ်(၂) အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ခြိမ်းခြောက်မှု သတင်းအချက်အလက်များ စုဆောင်းခြင်း**

၆၁။ လုပ်ငန်းစဉ်(၂)အရ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ခြိမ်းခြောက်မှု သတင်းအချက်အလက်များ စုဆောင်းခြင်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဝက်ဘ်ဆိုက်အခြေပြုစစ်တမ်းများဖြစ်သည့် အောက်ပါစစ်တမ်း(၂)မျိုးကို အသုံးပြု၍ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်တွင် စုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်-

( က ) ငွေကြေးခဝါချမှုဆိုင်ရာ ခြိမ်းခြောက်မှုများနှင့်စပ်လျဉ်းသည့် ပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များစစ်တမ်း (ML Threat POC Perception Survey)

( ခ ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ခြိမ်းခြောက်မှုများနှင့်စပ်လျဉ်းသည့် ပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များစစ်တမ်း (FT Threat POC Perception Survey) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်

ရာမှရရှိသော အကျိုးအမြတ်များ၏ ခြိမ်းခြောက်မှုများ (Threats) အလုပ်ရုံဆွေးနွေးကျင်းပ ပြုလုပ်ခြင်း။

**လုပ်ငန်းစဉ် (၃) အရ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုကျူးလွန်ရာမှ ရရှိသောအကျိုးအမြတ်များ၏ ခြိမ်းခြောက်မှုများ (Threats) ခွဲခြမ်းစိတ်ဖြာခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ ပြုလုပ်ခြင်း**

၆၂။ လုပ်ငန်းစဉ်(၄)အရ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အားနည်းချက် သတင်းအချက်အလက် စုဆောင်းခြင်းလုပ်ငန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဝက်ဘ်ဆိုက်အခြေပြု စစ်တမ်းများဖြစ်သည့် အောက်ပါသဘောထားစစ်တမ်း (Perception Survey) (၄)ခုနှင့် စာရင်းဇယား စစ်တမ်း (Statistics Survey) (၉) ခုတို့ကို အသုံးပြု၍ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် စုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်-

(က) **Perception Survey**။ Perception Survey (၄)ခုကို ကော်မတီဝင်များမှ မိမိတို့၏လုပ်ငန်းအတွေ့အကြုံ ဗဟုသုတများဖြင့် အင်တာနက်လိပ်စာ (URL Links)များ ဝင်ရောက်ဖြေဆိုခဲ့ပါသည်-

(၁) အထွေထွေစီရင်ပိုင်ခွင့်အာဏာဆိုင်ရာ သဘောထားစစ်တမ်း (General Jurisdiction Perception Survey)

(၂) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ပြစ်မှုကျူးလွန်သူများအား တရားစီရင်မှုဆိုင်ရာ သဘောထားစစ်တမ်း (FIU, Law Enforcement Agency and Criminal Justice Perception Survey)

(၃) အဖွဲ့အစည်းများဆိုင်ရာသဘောထားစစ်တမ်း (Agencies Perception Survey)

(၄) ကုမ္ပဏီ/အဖွဲ့အစည်းများဆိုင်ရာ သဘောထားစစ်တမ်း (The Sectors and Firms Perception Survey)

(ခ) **Statistics Survey**။ Statistics Survey (၉)ခုကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဌာနများမှ စာရင်းဇယားအချက်အလက်များဖြင့် တစ်ပေါင်းတည်း ဖြည့်စွက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်-

(၁) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် သတင်းပို့အဖွဲ့အစည်းများဆိုင်ရာစာရင်းဇယားစစ်တမ်း (FIU and Reporting Statistics Survey)
(၂) ပြစ်မှုကျူးလွန်သူများအား တရားစီရင်မှု စနစ်ဆိုင်ရာ စာရင်းဇယားစစ်တမ်း (Criminal Justice System Statistics Survey)
(၃) နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် နယ်စပ်စိစစ်ရေးဆိုင်ရာ စာရင်းဇယားစစ်တမ်း (International Cooperation and Border Scrutiny Statistics Survey)
(၄) ငွေရေးကြေးရေး အဖွဲ့အစည်းများ (ဘဏ်များ၊ ငွေကြေးလွှဲပြောင်းမှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများ) ဆိုင်ရာ စာရင်းဇယားစစ်တမ်း (Financial Institutions (Banks, MVTs, Others)Statistics Survey)
(၅) ငွေရေးကြေးရေးအဖွဲ့အစည်းများ (ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းနှင့် အာမခံလုပ်ငန်းများ) ဆိုင်ရာ စာရင်းဇယားစစ်တမ်း (Financial Institutions (Securities, Insurance)Statistics Survey)
(၆) ဥပဒေဆိုင်ရာ စီစဉ်ဆောင်ရွက်သူများနှင့် ပရဟိတအသင်းအဖွဲ့များဆိုင်ရာ စာရင်းဇယားစစ်တမ်း (Legal Persons/ Arrangments and NOPs Statistics Survey)
(၇) ငွေရေးကြေးရေးမဟုတ်သော စီးပွားရေး လုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ငွေရေးကြေးရေး မဟုတ်သော အဖွဲ့အစည်းများဆိုင်ရာ စာရင်းဇယားစစ်တမ်း (DNFBPs and Non-Financial Firms Statistics)
(၈) စည်းမျဉ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်စစ်ဆေးရေးဆိုင်ရာ စာရင်းဇယားစစ်တမ်း (Regulatory and Supervisory Statistics Survey)
(၉) အဖွဲ့အစည်းများဆိုင်ရာ စာရင်းဇယားစစ်တမ်း (Agencies Statistics Survey)

**အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်မှု**

၆၃။ အမျိုးသားအဆင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်အကဲဖြတ်ခြင်းအတွက် အောက်ပါအတိုင်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်-

(က) လုပ်ငန်းစဉ်(၂)အရ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ခြိမ်းခြောက်မှုဆိုင်ရာ အချက်အလက်များစုဆောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊

(ခ) လုပ်ငန်းစဉ်(၅)အရ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အားနည်းချက်များ (Vulnerability) ခွဲခြမ်းစိတ်ဖြာခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊

(ဂ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး ကော်မတီဝင်များ ပထမအကြိမ် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊

(ဃ) အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး ကော်မတီဝင်များ ဒုတိယအကြိမ် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊

(င) အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ကျင်းပပြုလုပ်ခြင်း၊

(စ) အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၆) ကျင်းပပြုလုပ်ခြင်း၊

(ဆ) အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆) ကျင်းပပြုလုပ်ခြင်း၊

(ဇ) အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆) ကျင်းပပြုလုပ်ခြင်း၊

(ဈ) အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ကျင်းပပြုလုပ်ခြင်း။

**နိဂုံး**

၆၄။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး ကော်မတီအနေဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ နည်းပညာအကူအညီဖြင့် လုပ်ငန်းစဉ်(၈)ရပ်ချမှတ်ခဲ့ရာ လုပ်ငန်းစဉ်(၅)ဖြစ်သည့် အားနည်းချက်များအား ခွဲခြမ်းစိတ်ဖြာခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း လုပ်ငန်းစဉ်(၆)ဖြစ်သည့် အကျိုးဆက်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း လုပ်ငန်းအားလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ မတ်လနှင့် ဧပြီလအတွင်း အကျိုးဆက်ဆိုင်ရာ သတင်းအချက်အလက်များအား ခွဲခြမ်းစိတ်ဖြာခြင်း လုပ်ငန်းအားလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ (မူကြမ်း) ရေးသားခြင်း လုပ်ငန်းအားလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# အပိုင်း ( ၇ )

# ဥပဒေများ ပြင်ဆင်ရေးဆွဲမှု

**တရားခံ လွှဲပြောင်းရေးဥပဒေ(မူကြမ်း) ရေးဆွဲဆောင်ရွက်မှု**

၆၅။ မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ်၊ မတ်လ ၉ ရက်တွင် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering-APG) တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပြီး အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (APG) ၏ ၁၀-၇-၂၀၀၈ ရက်တွင် ထုတ်ပြန်သည့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးအဖွဲ့ ၏ အစီရင်ခံစာတွင်လည်းကောင်း၊ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) ၏ ၂၄-၆-၂၀၁၁ ရက်တွင် ထုတ်ပြန်သော အများပြည်သူသို့ ထုတ်ပြန်ကြေညာချက် (Public Statement) တွင်လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် တရားခံ လွှဲပြောင်းရေးမူဘောင်များ ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်ရန် အကြံပြုချက်ပါရှိခဲ့ပါသည်။

၆၆။ မြန်မာနိုင်ငံ အနေဖြင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အများပြည်သူသို့ ထုတ်ပြန်ကြေညာချက် (Public Statement) တွင် ထည့်သွင်းဖော်ပြခဲ့သည့် အချက်(၆)ချက်နှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် (၂) ချက်၊ အောက်တိုဘာလ ၂၃ ရက်တွင် (၁) ချက် ပယ်ဖျက်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် ကျန်ရှိသည့် အချက်(၃)ချက်အား ပယ်ဖျက်၍ အများပြည်သူသို့ ထုတ်ပြန်ကြေညာချက် (Public Statement) မှ ဖယ်ရှားပေးခဲ့ပါသည်။

၆၇။ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (APG) ၏ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများအပေါ် အကဲဖြတ်မည်ဖြစ်ပြီး တရားခံလွှဲပြောင်းရေးဆိုင်ရာ မူဘောင်များ တိုးတက် ခိုင်မာအောင်ဆောင်ရွက်ထားခြင်းမရှိပါက မြန်မာနိုင်ငံအား အများပြည်သူသို့ထုတ်ပြန်ကြေညာချက် (Public Statement) တွင် ပြန်လည်ထည့်သွင်းရန် စဉ်းစားသုံးသပ်မည့် အချက်တစ်ချက် ဖြစ်လာ နိုင်ပါသည်။

၆၈။ ထို့ပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ ဇယား(၁)၊ နိုင်ငံခြားရေးကဏ္ဍ၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဆ)တွင် ပြစ်မှုကျူးလွန်သူများ အား သက်ဆိုင်ရာနိုင်ငံသို့ တရားခံလွှဲပြောင်းပေးအပ်ရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေး အချက်အား ဖော်ပြပါရှိပါသည်။

၆၉။ မြန်မာနိုင်ငံတွင် တရားခံလွှဲပြောင်းရေးနှင့် စပ်လျဉ်း၍ ၁၉၀၄ ခုနှစ် The Burma Extradition Act ကို ပြဋ္ဌာန်းထားရှိပြီး ဖြစ်သော်လည်း ယင်းဥပဒေမှာ ပြဋ္ဌာန်းသည့်ကာလ ကြာမြင့်ပြီး အသက်ဝင်မှုမရှိခြင်း၊ ခေတ်နှင့်မလျော်ညီခြင်းတို့ကြောင့် အသစ်ပြင်ဆင်ရေးဆွဲရန် လိုအပ်လာခြင်း ဖြစ်ပါသည်။

၇၀။ တရားခံလွှဲပြောင်းရေးဥပဒေ(မူကြမ်း)ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော တရားခံလွှဲပြောင်းရေး စာချုပ်များအရ ဖြစ်စေ၊ တရားခံလွှဲပြောင်းရေးနှင့်သက်ဆိုင်သည့် သဘောတူစာချုပ်များအရ ဖြစ်စေ၊ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန် သဘောတူညီချက်အရ တရားခံလွှဲပြောင်းရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံဖြတ်ကျော်မှုခင်းများအား ထိရောက်စွာ တိုက်ဖျက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်။

၇၁။ မြန်မာနိုင်ငံတွင် တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ ၁၉၀၄ ခုနှစ် The Burma Extradition Act ကို ပြဋ္ဌာန်းထားရှိပြီး ဖြစ်သော်လည်း ယင်းဥပဒေမှာ ပြဋ္ဌာန်းသည့်ကာလ ကြာမြင့်ပြီး အသက်ဝင်မှု မရှိခြင်း၊ ခေတ်နှင့်မလျော်ညီခြင်းတို့ကြောင့် အသစ်ပြင်ဆင်ရေးဆွဲရန် နိုင်ငံတော်သမ္မတရုံးမှ ဦးဆောင်ဝန်ကြီးဌာန (Focal Ministry) အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအား တာဝန်ပေးအပ်ခဲ့ပါသည်။

၇၂။ ပြည်ထဲရေးဝန်ကြီးဌာန၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကျန်းမာရေးနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်(၁၆)ဦးဖြင့် တရားခံလွှဲပြောင်းရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၇၃။ တရားခံလွှဲပြောင်းရေးဥပဒေ (မူကြမ်း) ရေးဆွဲရေး လုပ်ငန်းအဖွဲ့သည် စတင်ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ လုပ်ငန်းအဖွဲ့အစည်းအဝေး (၁၀)ကြိမ်၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာမှုခင်းများရုံးတို့နှင့် အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ်

အသီးသီး ကျင်းပပြုလုပ်ခဲ့ပြီးနောက် အခန်းပေါင်း (၇)ခန်း၊ ပုဒ်မပေါင်း (၄၂)၊ ဇယား (၁)ခု၊ ပုံစံ(၂)ခု တို့ဖြင့် ဥပဒေ (မူကြမ်း) အား ရေးဆွဲခဲ့ပါသည်။

၇၄။ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၆) မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရန် သဘောတူကြောင်း ဆုံးဖြတ်ချက်အရ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြထားရှိပြီး ဖြစ်ပါသည်။

**ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ရေးဆွဲဆောင်ရွက်မှု**

၇၅။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) ၏ အကြံပြုချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီစေရေး ပြင်ဆင်ရေးဆွဲရန် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင် (၁၀) ဦးပါ ဝင်သော ဥပဒေပြင်ဆင်ရေးဆွဲရေးကော်မတီအား ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ၁၅-၃-၂၀၁၆ ရက်နေ့တွင် <u>နောက်ဆက်တွဲ(၃)</u> ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ၎င်းအဖွဲ့မှ အစည်းအဝေးများအား အောက်ပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်-

(က) ပထမအကြိမ် အစည်းအဝေးအား ဥပဒေပြင်ဆင်ရေးဆွဲရေး ကော်မတီ ဥက္ကဋ္ဌ ရဲမှူးကြီးကျော်ဝင်းသိန်း ဦးဆောင်၍ အဖွဲ့ဝင်(၉)ဦး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင် (၆)ဦး၊ စုစုပေါင်း (၁၅)ဦးဖြင့် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရှိ အစည်းအဝေးခန်းမတွင် ၄-၄-၂၀၁၆ ရက်နေ့ ၁၀၀၀ အချိန်မှ ၁၅၃၀ အချိန်အထိ ပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

(၁) ဗဟိုအဖွဲ့ (သို့) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့အား ဆက်လက်ထားရှိပြီး ယခင် ဖွဲ့စည်းပုံအင်အား (၁၅)ဦး အစား (၅)ဦးသို့ လျှော့ချဖွဲ့စည်းနိုင်ရေး လျာထားရန်၊ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာ ဖော်ပြရန်၊

(၂) ကြီးကြပ်ရေးအာဏာပိုင် ခန့်အပ်ထားခြင်းမရှိသည့် DNFPBs များ အပေါ် တွင်အရေးယူမှုအား ဗဟိုအဖွဲ့မှဆောင်ရွက်နိုင်ရေး ထည့်သွင်းရေးဆွဲရန်၊

(၃) FIU အား ၎င်း၏ Core Function သီးသန့်ကိုသာ ဆောင်ရွက်စေပြီးဗဟိုဘဏ်အောက်တွင် ဖွဲ့စည်းထားရှိနိုင်ရေး ထည့်သွင်းရေးဆွဲရန်၊

( ၄ ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃(ပ) ၏အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ FATF ၏ အကြံပြုချက်အမှတ်(၃)နှင့် ကိုက်ညီမှုရှိသော်လည်း ပုဒ်မ ၅ တွင် ဖော်ပြထားသည့် ဤဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုများ (Predicate Offences) ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ပုဒ်မ ၃(ပ) နှင့် အပြန်အလှန်ချိတ်ဆက်ထားမှု ကင်းမဲ့နေခြင်းတို့အား ပြန်လည်ပြင်ဆင်ရေးဆွဲရန်၊

( ၅ ) ဥပဒေပုဒ်မ ၆၁ (ဂ) ပါ ပြစ်မှုကျူးလွန်သူအသိအမြင်၊ ရည်ရွယ်ချက်နှင့် ကြံရွယ်ချက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအား ရှင်းလင်းစွာ ပြင်ဆင်ရေးသား တင်ပြရန်၊

( ၆ ) ပုဒ်မ ၃(ပ)(၄) တွင် ဖော်ပြထားသည့် အားပေးကူညီသည့်ပြစ်မှုကို သီးခြားပုဒ်မတစ်ခုအဖြစ် ပြစ်မှုနှင့်ပြစ်ဒဏ်တွင် ထည့်သွင်းရေးဆွဲရန်၊

( ၇ ) ဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် ပြစ်ဒဏ်ပမာဏသတ်မှတ်ချက်ဖြင့် သတ်မှတ်ခြင်း၊ စာရင်းထုတ်ပြန်၍ သတ်မှတ်ခြင်းနှင့် ယင်းအချက်(၂)ချက်အား ပေါင်းစပ်၍ သတ်မှတ်ခြင်းအဖြစ် ရေးဆွဲတင်ပြရန်၊

( ၈ ) ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်ကို ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းနိုင်ခြင်း ပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂ ကို ပြန်လည်ပြင်ဆင် ရေးဆွဲရန်၊

( ၉ ) ဥပဒေ ပုဒ်မ ၅၂ တွင် တရားရုံး၌ပိုင်ဆိုင်မှုများအား စီမံခန့်ခွဲခွင့် အမိန့်ချမှတ်နိုင်သည့်အာဏာ ရှိ/မရှိ ပြင်ဆင်ရေးသားရန်၊

(၁၀) ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းခွင့်အား မြေပြင်တွင် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြဋ္ဌာန်းချက်များကို ဥပဒေတွင်ဖြစ်စေ၊ နည်းဥပဒေများတွင်ဖြစ်စေ ထည့်သွင်းပြဋ္ဌာန်းရန်အတွက် FIU အစည်းအဝေးတွင် Outcome ရယူပြီးမှ ဆောင်ရွက်ရန်၊

(၁၁) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့ခြင်းနှင့် ဆက်နွယ်မှုရှိသည့် မူလပြစ်မှုများအား စုံစမ်းစစ်ဆေးရန် တာဝန်ရှိသည့် ဥပဒေစိုးမိုးရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ စုံစမ်းစစ်ဆေးရေး လုပ်ပိုင်ခွင့်အပြည့်ပေးခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်းနှင့် ရုပ်သိမ်းခြင်း (၃)ရက် အထက်ကျော်လွန်ပါက တရားရုံး၏ခွင့်ပြုချက်ရယူရေး ဥပဒေတွင်ပြဋ္ဌာန်းရန် (မှတ်ချက်။ အာဏာအပ်

နှင်းခြင်းခံရသော် အလွဲသုံးစားမှု မပြုလုပ်နိုင်ရေး ထည့်သွင်းစဉ်းစားရန်)၊

(၁၂) စိစစ်ရေးအဖွဲ့က ဗဟိုအဖွဲ့ထံ လျှောက်လွှာတင်သွင်းရာတွင် FIU မှတစ်ဆင့် ဆောင်ရွက်နေရသည့် ပြဋ္ဌာန်းချက်များအား ပယ်ဖျက်ရန်၊

(၁၃) ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများထံတွင် FATF အကြံပြုချက်(၃၂)တွင် ဖော်ပြထားသည့် လုပ်ပိုင်ခွင့်များရှိစေရန် ဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းရန်၊

(၁၄) ဥပဒေတွင်စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ Special Technic အား ထည့်သွင်းပြဋ္ဌာန်းရန်၊

(၁၅) စုံစမ်းစစ်ဆေးရေးအဖွဲ့ (၁)ဖွဲ့တည်းထားရှိပြီး ဆက်လက်တရားစွဲဆိုနိုင်ရေး ထည့်သွင်းပြဋ္ဌာန်းရန်၊

(၁၆) ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုနှင့် မူလပြစ်မှု (Predicate Offences) ကို အပြိုင်ဆောင်ရွက်ရေးအတွက် ပြဋ္ဌာန်းရန်၊

(၁၇) FIU၏လွတ်လပ်မှုနှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို FATF အကြံပြုချက်(၂၉)နှင့်အညီ ရေးဆွဲပြဋ္ဌာန်းရန်၊

(၁၈) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၈) ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် အန္တရာယ်အကဲဖြတ်ခြင်းနှင့်ပတ်သက်၍ ပြင်ဆင်ရေးဆွဲရန်၊

(၁၉) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၄ ပြဋ္ဌာန်းချက် (Structuring ကို သတင်းပို့ရန်) ပယ်ဖျက်ရန်၊

(၂၀) ကြီးကြပ်ရေး အာဏာပိုင်များဆိုင်ရာ ပြဋ္ဌာန်းချက်တွင် အန္တရာယ်အကဲဖြတ်မှုကို ပြန်လည်သုံးသပ်ရန်၊ ပြည်တွင်းပြည်ပအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်း ရှိစေရေး ပြဋ္ဌာန်းရန်၊

(၂၁) သတင်းပို့အဖွဲ့အစည်းများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းလည်ပတ်မှုတွင် အခြားသော အံဝင်ခွင်ကျဖြစ်စေမည့် လုပ်ငန်းများ အစားထိုးပြဋ္ဌာန်းရန်နှင့် DNFBP များအတွက် အလားတူ ပြဋ္ဌာန်းချက်များပြဋ္ဌာန်းရန်၊

(၂၂) ဒုတိယအကြိမ် အစည်းအဝေးအား ဧပြီလ စတုတ္ထအပတ်တွင် ပြုလုပ်ရန်။

( ခ ) ဒုတိယအကြိမ် အစည်းအဝေးအား ဥပဒပြင်ဆင်ရေးဆွဲရေး ကော်မတီ ဥက္ကဋ္ဌ ရဲမှူးကြီး ကျော်ဝင်းသိန်း ဦးဆောင်၍ အဖွဲ့ဝင်(၉)ဦး၊ ငွေကြေးဆိုင်ရာ မှုခင်း တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင် (၆)ဦး၊ စုစုပေါင်း (၁၅)ဦးဖြင့် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရှိ အစည်းအဝေးခန်းမတွင် ၉-၆-၂၀၁၆ ရက်နေ့ ၁၀၀၀ အချိန်မှ ၁၆၃၀ အချိန်အထိ ပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

( ၁ ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အခန်း(၁)၊ ပုဒ်မ ၃(ဆ)(၁) ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် သီးသန့်ဘဏ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှ အပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများ လက်ခံခြင်း ဟု ပြဋ္ဌာန်းထားရာ (Private banking and receving deposits and other able funds from the public) အား အဓိပ္ပါယ် ဖွင့်ဆိုရန်၊

( ၂ ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၁)၊ ပုဒ်မ ၃(ဇ) သဏ္ဍာန် ဆောင်ဘဏ်ဆိုသည်မှာ နိုင်ငံအတွင်းတရားဝင်စီးပွါးရေး လုပ်ငန်းအဖွဲ့ တည်ထောင်ထားပြီး လိုင်စင်ရယူထားခြင်း (သို့) အခြေစိုက်ထားခြင်း ဖြစ်သော်လည်း ရုပ်ဒြပ်အရ တည်ရှိနေခြင်း မရှိသည့်အပြင် ထိရောက် ခိုင်မာစွာကြီးကြပ်မှုခံရသော ငွေရေးကြေးရေးအုပ်စုတစ်ခုနှင့် ပေါင်းစည်း ထားခြင်းမရှိသည့် ဘဏ်တွင်ပါဝင်သော ရုပ်ဒြပ်အရတည်ရှိခြင်းဆိုသည့် စကားရပ်ကိုပါ အဓိပ္ပါယ်ဖွင့်ချက်တွင် စုစည်းဖော်ပြရန်၊

( ၃ ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အခန်း(၁)၊ ပုဒ်မ ၃(ဈ) တစ်ဦး တစ်ယောက်သောသူ၊ သူတစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်ဆိုရာတွင် ဥပဒေ အရ ဖွဲ့စည်းသည်ဖြစ်စေ၊ မဖွဲ့စည်းသည်ဖြစ်စေ ကုမ္ပဏီ၊ အသင်း၊ အဖွဲ့ အစည်းတစ်ခုခု သို့မဟုတ် လူပုဂ္ဂိုလ်များ ပါဝင်သည့် အုပ်စုတို့ ပါဝင် သည်ဟု ပါရှိသော ဥပဒေရေးရာပုဂ္ဂိုလ် (Legal person) တွင် အကျုံး ဝင်မှု ရှိစေရန်အတွက် ပြင်ဆင်အဓိပ္ပါယ်ဖွင့်ဆိုရန်၊

( ၄ ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၁၀)၊ ငွေကြေး သို့မဟုတ် ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံ ဖြတ်ကျော် သယ်ယူပို့ဆောင်မှုအား ပြင်ဆင်ဖြည့်စွက်ရန်ရှိသော အချက် များအား ကြိုတင်လေ့လာပြင်ဆင်ထားရန်၊

( ၅ ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေမူကြမ်းအား Soft Copy ဖြင့် ဖြန့်ဝေပေးထားမည်ဖြစ်၍ မိမိဌာနနှင့်သက်ဆိုင်သော အခန်းကဏ္ဍများ ပြင်ဆင်ရန်အချက်များအား ကြိုတင်လေ့လာထားရန်၊

( ၆ ) တတိယအကြိမ် အစည်းအဝေးအား ဇူလိုင်လ တတိယပတ်တွင် ပြုလုပ်ရန်။

( ဂ ) တတိယအကြိမ် အစည်းအဝေးအား ဥပဒေပြင်ဆင်ရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ ရဲမှူးကြီး ကျော်ဝင်းသိန်း ဦးဆောင်၍ အဖွဲ့ဝင်(၉)ဦး၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင်(၆)ဦး၊ စုစုပေါင်း (၁၅)ဦး ဖြင့် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရှိ အစည်းအဝေးခန်းမ တွင် ၂၉-၉-၂၀၁၆ ရက်နေ့ ၁၂၀၀ အချိန်မှ ၁၆၃၀ အချိန်အထိ ပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

( ၁ ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၁)၊ ပုဒ်မ ၃ (ဈ) Legal Person အား တစ်ဦးတစ်ယောက်သောသူ၊ သူတစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်ဆိုရာတွင် ဥပဒေအရဖွဲ့စည်းသည်ဖြစ်စေ၊ မဖွဲ့စည်းသည်ဖြစ်စေ ဥပဒေအရ တရားစွဲဆိုခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိသည့် ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်း တစ်ခုခုကိုဆိုသည် ဟု ဖော်ပြရန်၊

( ၂ ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၁)၊ ပုဒ်မ ၃ (ဆ) (၁) ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် သီးသန့်ဘဏ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှအပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများ လက်ခံခြင်းဟု ပြဋ္ဌာန်းထားရာ (Private banking and receving deposits and other able funds from the public) အား အဓိပ္ပါယ်ဖွင့်ဆိုရန်၊

( ၃ ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၁)၊ ပုဒ်မ ၃(ဇ) သဏ္ဌာန် ဆောင်ဘဏ်၏ အဓိပ္ပါယ်ဖော်ပြချက် အောက်တွင် ရှင်းလင်းချက်၌ ရုပ်ဒြပ်အရတည်ရှိခြင်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွင်း ဘဏ်လုပ်ငန်း အား လက်တွေ့အကောင်အထည် ဖော်လိုသော ဆန္ဒအပြည့်အဝဖြင့် ဆောင်ရွက်လိုစိတ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာများ တည်ရှိပါကလည်းကောင်း၊ မတည်ရှိပါက ကြိုတင် လေ့လာထားရန်လည်းကောင်း၊ ဒေသခံ ကိုယ်စားလှယ် သို့မဟုတ် ရာထူးအဆင့်နိမ့် ဝန်ထမ်းများသာ ခန့်ထား

ခြင်းဖြင့်လည်းကောင်း ရုပ်ဒြပ်အရ တည်ရှိခြင်းတွင် အကျုံးဝင်ခြင်း မရှိပါစာသားအား ဖော်ပြရန်၊

( ၄ ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၁)၊ ပုဒ်မ ၃(ထ) ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ (သို့မဟုတ်) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများဆိုသည်မှာ မူလပြစ်မှုတစ်ရပ်ရပ် သို့မဟုတ် အခြားပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ခြင်းဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ဆိုသည်။ အဆိုပါစကားရပ်တွင် အဆိုပါငွေကြေးနှင့်ပစ္စည်းများကို အခြေပြုထားသည့် ငွေကြေး သို့မဟုတ် ပစ္စည်းများလည်း ပါဝင်သည် ဟု ဖော်ပြရန်၊

( ၅ ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အခန်း(၃) ၏ ခေါင်းစဉ်အား ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် ပြစ်မှုများ ဟု ဖော်ပြရန်၊

( ၆ ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၄)၊ ပုဒ်မ ၆ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သင့်လျော်သော နိုင်ငံသားများအား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် ဗဟိုအဖွဲ့ကို အနည်းဆုံး အဖွဲ့ဝင်(၅)ဦးဖြင့် ဖွဲ့စည်းရမည်ဟု ဖော်ပြရန်၊

( ၇ ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အခန်း(၅)တွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များအား ဖော်ပြရန်၊

( ၈ ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အခန်း(၆) နှင့် အခန်း(၇)အား ပေါင်း၍ အခန်း(၆)တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များအား ဖော်ပြရန်၊

( ၉ ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ရေးဆွဲရေး ကော်မတီဝင်များမှ FATF ၏ အကြံပြုချက်(၄၀)အား အစည်းအဝေးမတက်ရောက်မီ ကြိုတင်လေ့လာထားရန်၊

(၁၀) စတုတ္ထအကြိမ်အစည်းအဝေးကို အောက်တိုဘာလ နောက်ဆုံးပတ်တွင် ပြုလုပ်ရန်။

(ဃ) စတုတ္ထအကြိမ် အစည်းအဝေးအား ဥပဒေပြင်ဆင်ရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ ရဲမှူးကြီး ကျော်ဝင်းသိန်း ဦးဆောင်၍ အဖွဲ့ဝင်(၃)ဦး၊ ငွေကြေးဆိုင်ရာ မှုခင်း တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင် (၇)ဦး၊ စုစုပေါင်း (၁၀)ဦးဖြင့် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရှိ အစည်းအဝေးခန်းမတွင် ၁၆-၁၂-၂၀၁၆ ရက်နေ့ ၁၂၀၀ အချိန်မှ ၁၅၃၀ အချိန် အထိ ပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

(၁) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၅)၊ ပုဒ်မ ၉(က)(ခ) တို့ အစား ပုဒ်မ ၉ တွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ မှုခင်း တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ယူတာဝန်ခံ၍ အကောင်အထည် ဖော်ဆောင်ရွက်ရမည်ဟု ဖော်ပြရန်၊

(၂) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ တွင် ငွေကြေး ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို လုပ်ငန်း ပိုင်းဆိုင်ရာနှင့် အကောင်ထည်ဖော်မှုများ လွတ်လပ်စွာဆောင်ရွက်နိုင် ကြောင်း ဖော်ပြရန်၊

(၃) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၁ တွင် ငွေကြေး ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များ ဖော်ပြရန်၊

(၄) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၂(က)(ခ)အစား ပုဒ်မ ၁၂ တွင် သံသယဖြစ်ဖွယ် လွှဲပြောင်းမှု သတင်းပို့ချက်များ၊ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က လက်ခံရရှိသည့် အခြားသောလွှဲပြောင်း ဆောင်ရွက်မှု သတင်းပို့ချက်များဆိုင်ရာ အသေးစိတ်အချက်အလက် များသည် လျှို့ဝှက်ချက်အဖြစ် ထားရှိရမည်ဟု ဖော်ပြရန်၊

(၅) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၅)တွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၌ တာဝန်ထမ်းဆောင်သူများ သို့မဟုတ် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်ဆောင်ရွက်ပေးသူများသည် တာဝန်အရ လက်ခံရရှိသည့် သတင်းအချက်အလက်တိုင်းကို တာဝန်ပြီးဆုံးသည့် တိုင်အောင် ဆက်လက်၍ လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရမည်ဟု ပုဒ်မ ၁၃ အဖြစ် ဖြည့်စွက်ဖော်ပြရန်၊

(၇) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၅)တွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် ဤဥပဒေအရ လက်ခံရရှိသည့် သတင်း အချက်အလက်များအား အသုံးပြုမှု၊ ယင်းတို့အား ခွဲခြမ်းစိတ်ဖြာ စိစစ်မှု၊ ဖြန့်ဝေမှု၊ နိုင်ငံရပ်ခြား မိတ်ဖက်အဖွဲ့အစည်းများ ဖလှယ်မှုနှင့် ထိုကဲ့သို့သော သတင်းအချက်အလက်များ ရယူအသုံးပြုမှုတို့အား စီမံခန့်ခွဲရန်နှင့် လျှို့ဝှက် လုံခြုံမှုရှိစေရန်တို့အတွက် လုပ်ငန်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများအားချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းများ ပြုလုပ်ရမည်ဟု ပုဒ်မ ၁၄ အဖြစ် ဖြည့်စွက် ဖော်ပြရန်၊

(၈) ပဉ္စမအကြိမ် အစည်းအဝေးအား ဇန်နဝါရီလ နောက်ဆုံးအပတ်တွင် ပြုလုပ်ရန်။

## အပိုင်း (၈)

## မြန်မာနိုင်ငံ၏ Public Statement မှ ပယ်ဖျက်ရေး ဆောင်ရွက်ချက်များ

၇၆။ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) မှ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းတိုက်ဖျက်ရေး တစ်ကမ္ဘာလုံးဆိုင်ရာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု တိုးတက်သည့်စာရင်း (ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်) တွင် မြန်မာနိုင်ငံအား စတင်ထည့်သွင်းသတ်မှတ်ခဲ့ရာမှာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းတိုက်ဖျက်ရေး လုပ်ငန်းများတွင် သိသာထင်ရှားသော တိုးတက်ဆောင်ရွက်မှုများ မရှိသည့်အတွက် ၂၀၁၁ ခုနှစ်၊ ဖွေ့လ ၂၄ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာချက် (Public Statement) ဖြစ်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်မြင့်မားခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိသောနိုင်ငံနှင့် ဒေသများစာရင်း (High-risk and non-cooperative jurisdictions) တွင် ထည့်သွင်းသတ်မှတ်ခဲ့ပါသည်။

၇၇။ Public Statement မှ ပယ်ဖျက်နိုင်ရေးအတွက် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော ဗီယင်နာကွန်ဗင်းရှင်း၊ ပါလာမိုကွန်းဗင်းရှင်း နှင့် ၁၉၉၉ ခုနှစ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတို့တွင် တရားခံလွှဲပြောင်းရေးနှင့် ပတ်သက်၍ ခြွင်းချက်ပြုထားမှုအား ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပြန်လည်ရုတ်သိမ်းခြင်း၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ကို ရဲမှူးချုပ် တစ်ဦး တပ်ဖွဲ့မှူး အဖြစ် ဦးဆောင်၍ ဖွဲ့စည်းခြင်း၊ ၂၀၁၃ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးမှုခင်းအဖွဲ့နှင့် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်စာလွှာ (Terms of Reference) လက်မှတ်ရေးထိုးခြင်း၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအဖြစ် အသစ်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြစ်မှုများအားတားဆီးနှိမ်နင်းခြင်း နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ တရားခံလွှဲပြောင်းရေးအက်ဥပဒေအား ပြင်ဆင်ရေးဆွဲနိုင်ရေးဆောင်ရွက်ခြင်း၊

ရုရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံတို့မှ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့များနှင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့နှင့် ၁၇ ရက်နေ့တို့တွင် APG နှစ်ပတ်လည်အစည်းအဝေး၌ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ဂျပန်နိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးဗဟိုဌာနနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေး ကော်မတီဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

### ဥပဒေ/နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း

၇၈။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအား ပြစ်မှုအဖြစ် ပြဋ္ဌာန်းရန် ဆိုသည့် အကြံပြုချက်နှင့်ပတ်သက်၍ ၂၀၁၀ခုနှစ်၊ဇွန်လ(၄)ရက်တွင် အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာဖြင့် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေတွင် ပြစ်မှုအဖြစ် ထည့်သွင်းပြဋ္ဌာန်းခဲ့သော်လည်း မူလ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ မရှိသည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အသိအမှတ်မပြုခဲ့ခြင်းဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ဥက္ကဋ္ဌ၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ ကျွမ်းကျင်သူကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၇၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီသည် အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့မှ ကျွမ်းကျင်သူပညာရှင်များနှင့် အစည်းအဝေးများပြုလုပ်ခဲ့ပြီး နိုင်ငံတကာ စံနှုန်းများနှင့်အညီ ပြည်တွင်းဥပဒေများနှင့်ကိုက်ညီစေရန် ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

၈၀။ ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၃)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ဥပဒေတွင် အခန်း(၁၉)ခန်းပါရှိ၍ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေးနှင့်ပတ်သက်၍ အခန်း(၁၂)တွင် ပြည့်စုံစွာ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသည်အထိ ဆောင်ရွက်ပါက အချိန်ကာလကြာမြင့်နိုင်သဖြင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး

တပ်ဖွဲ့မှ ဦးဆောင်၍ ရေးဆွဲခဲ့ရာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ်(၁၂၀၂/၂၀၁၅)ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

၈၁။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေအား နိုင်ငံတကာအကြံပြုချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်ခဲ့သော်လည်း နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုမရှိသည့်အတွက် ၂၇-၉-၂၀၁၁ ရက်နေ့တွင် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ က ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ဒုတိယဥက္ကဋ္ဌ အဖြစ် ပါဝင်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ ကျွမ်းကျင်သူကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၈၂။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မတီသည် အစည်းအဝေးများ အကြိမ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) တို့မှ ကျွမ်းကျင်သူ ပညာရှင်များနှင့် အစည်းအဝေးများ ပြုလုပ်ခဲ့ပြီး နိုင်ငံတကာ စံနှုန်းများနှင့်အညီ ပြည်တွင်းဥပဒေများနှင့် ကိုက်ညီစေရန် ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

၈၃။ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁)ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေတွင် အခန်း(၁၅)ခန်း ပါရှိပြီး ငွေကြေးခဝါချမှု အဓိပ္ပါယ်အား ပြည့်စုံစွာ ဖော်ပြထားခြင်း၊ ပစ္စည်းနှင့်ပတ်သက်၍ အဓိပ္ပါယ်ပြည့်စုံစွာ ဖော်ပြထားခြင်း၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော ပြစ်မှုများအား ပြည့်စုံလုံလောက်စွာဖော်ပြထားခြင်း၊ ငွေကြေးခဝါချမှု ကျူးလွန်သူများ သာမက အားပေးကူညီသူများကိုပါ အရေးယူနိုင်ရန်ဖော်ပြထားခြင်း၊ ငွေကြေးခဝါချမှုများနှင့်ပတ်သက်၍ လူပုဂ္ဂိုလ်များသာမက အဖွဲ့အစည်းများကိုပါ အရေးယူနိုင်ရန် ပါရှိခြင်း၊ ပြစ်ဒဏ်နှင့်ပတ်သက်၍ ပြစ်မှုကြောင်းအရသာမက အုပ်ချုပ်မှုပိုင်းဆိုင်ရာ (သို့မဟုတ်) စီမံခန့်ခွဲမှုပိုင်းဆိုင်ရာအရပါ အရေးယူနိုင်ရန် ပါရှိခြင်း အစရှိသဖြင့် ပြည့်စုံလုံလောက်စွာ ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး နည်းဥပဒေများကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ ဦးဆောင်၍ ရေးဆွဲခဲ့ရာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ်(၁၂၀၁/၂၀၁၅)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

၈၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂၄/၂၀၁၅)ဖြင့် ၃၀-၃-၂၀၁၅ ရက်နေ့တွင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအပါအဝင် ပြစ်မှု(၁၄)မျိုးအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် ထပ်မံထည့်သွင်း ပြဋ္ဌာန်းခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၁ နှင့် ၄၄ တို့အရ အကြမ်းဖက်မှုလုပ်ရပ်များ၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများအပေါ် ငွေကြေးထောက်ပံ့ခြင်းတို့သည် ဥပဒေအရပြစ်မှုမြောက်ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ၁၃-၁၀-၂၀၁၅ ရက်နေ့တွင် ဥပဒေအကြံပြုချက် ပေးပို့ခဲ့ပါသည်။

၈၅။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော ဗီယင်နာ ကွန်ဗင်းရှင်း၊ ပါလာမို ကွန်ဗင်းရှင်း နှင့် ၁၉၉၉ ခုနှစ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းတို့တွင် တရားခံလွှဲပြောင်းရေးနှင့်ပတ်သက်၍ ချွင်းချက်ပြုထားမှုအား ပြန်လည်ရုတ်သိမ်းခဲ့ပါသည်။ ၁၉၀၄ ခုနှစ်၊ တရားခံလွှဲပြောင်းရေးအက်ဥပဒေအား အသစ်ပြင်ဆင်ရေးဆွဲနိုင်ရန် တရားခံလွှဲပြောင်းရေးဥပဒေ(မူကြမ်း)ရေးဆွဲရေးလုပ်ငန်းအဖွဲ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ဥက္ကဋ္ဌ အဖြစ်ပါဝင်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့တို့မှ ကျွမ်းကျင်သူကိုယ်စားလှယ်များဖြင့် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ တရားခံလွှဲပြောင်းရေးနှင့်ပတ်သက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေတို့တွင်လည်း အခန်းတစ်ခန်းအနေဖြင့် ပြဋ္ဌာန်းပါရှိပါသည်။ အသစ်ပြင်ဆင် ရေးဆွဲလျက်ရှိသည့် တရားခံလွှဲပြောင်းရေး ဥပဒေတွင်လည်း အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြစ်မှုများအား တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုအဖြစ် သတ်မှတ်ထားရှိပါသည်။

**အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း**

၈၆။ **ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့။** ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အမိန့်ကြော်ငြာစာအမှတ်(၅၆/၂၀၁၄) ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ တပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး အဖြစ်ပါဝင်ပြီး စုစုပေါင်း(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာ(၂၇/၂၀၁၆)ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် အတွင်းရေးမှူး၊ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး)၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး၊ တွဲဖက် အတွင်းရေးမှူး အဖြစ် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ပါဝင်ပြီး စုစုပေါင်း အဖွဲ့ဝင်(၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၈၇။ **အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့။** ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ်(၁၁၉/၂၀၁၅)ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် အတွင်းရေးမှူး၊ သတင်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး နှင့် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး တွဲဖက်အတွင်းရေးမှူး အဖြစ်ပါဝင်ပြီး စုစုပေါင်း(၂၀)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါအဖွဲ့အား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၆) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၈၈။ **အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ။** ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ အမိန့်အမှတ်(၂/၂၀၁၆)ဖြင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့် ဆက်နွယ်သည့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ သတင်းရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့) တို့မှ ကိုယ်စားလှယ် စုစုပေါင်း(၇)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ __နောက်ဆက်တွဲ(ဃ)__

၈၉။ **ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့။** ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အမိန့်အမှတ်(၁/၂၀၁၄)ဖြင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ တပ်ဖွဲ့မှူး အဖွဲ့ခေါင်းဆောင် အဖြစ်ပါဝင်၍ ဒုတိယအဖွဲ့ခေါင်းဆောင်များအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများကို တာဝန်ပေးအပ်ပြီး အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန တို့မှ

ကိုယ်စားလှယ် စုစုပေါင်း(၂၁)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ အမိန့်အမှတ်(၁/၂၀၁၅)ဖြင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ခေါင်းဆောင် အဖြစ်ပါဝင်၍ ဒုတိယအဖွဲ့ခေါင်းဆောင်များ အဖြစ် အထူးစုံစမ်းစစ်ဆေးရေးဦးစီး ဌာနမှ ညွှန်ကြားရေးမှူးများနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး တို့ကို တာဝန်ပေးအပ်ပြီး အဖွဲ့ဝင်များအဖြစ် ပြည်နယ်/တိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေး ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)တို့မှ ဒုတိယညွှန်ကြားရေးမှူး များ၊ ကိုယ်စားလှယ်စုစုပေါင်း(၃၂)ဦးဖြင့် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် အမိန့်အမှတ်(၃/၂၀၁၆)ဖြင့် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၉၁။ **ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့။** ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၇/၂၀၁၂) ခွင့်ပြုချက်ဖြင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့အား ရဲမှူးချုပ်တစ်ဦး တပ်ဖွဲ့မှူးအဖြစ် ဦးဆောင် ၍ သတင်းပို့ချက်များ လက်ခံခြင်း၊ စိစစ်ခြင်း၊ ဖြန့်ဝေခြင်း၊ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ခြင်း နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း မှုခင်းများအား စုံစမ်းဖော်ထုတ် စစ်ဆေးခြင်းတို့ဆောင်ရွက်နိုင်ရန် ငွေကြေးနှင့်ပစ္စည်းများစီမံခန့်ခွဲရေးဌာန၊ စုံစမ်းထောက်လှမ်းရေး ဌာနခွဲ၊ သတင်းပို့ချက်များ လက်ခံ/စိစစ်ရေး/ပြန်လည်သုံးသပ်ရေးဌာနခွဲ၊ ဆက်ဆံရေးဌာနခွဲ၊ အုပ်ချုပ်ထောက်ပံ့ဌာနခွဲဟူ၍ ဌာနခွဲ(၅)ခုဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေတွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဟု ပါရှိခဲ့သည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းခဲ့သည့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဟု အမည်ပြောင်းလဲခဲ့ပြီး သတင်းပို့ချက်များ လက်ခံ/စိစစ်ရေး/ပြန်လည်သုံးသပ်ရေးဌာနခွဲအား စုံစမ်း စစ်ဆေးရေးဌာနခွဲ(၁)အဖြစ်လည်းကောင်း စုံစမ်းထောက်လှမ်းရေးဌာနခွဲအား စုံစမ်းစစ်ဆေးရေး ဌာနခွဲ(၂)အဖြစ်လည်းကောင်း ငွေကြေးနှင့်ပစ္စည်းများစီမံခန့်ခွဲရေးဌာနခွဲအား မှုဝါဒ၊ စီမံကိန်းနှင့် သုတေသနဌာနခွဲအဖြစ်လည်းကောင်း အမည်ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။

၉၁။ **အမျိုးသားအဆင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းကော်မတီ။** FATF ၏ အကြံပြုချက် အမှတ်(၁)နှင့်အညီ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါ ဝင်ပြီး စုစုပေါင်း(၂၉)ဦးဖြင့် ဖွဲ့စည်းခဲ့တာဝန်ပေးအပ်ခဲ့ပါသည်။ အမျိုးသားအဆင့် အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းစဉ်ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ နည်းပညာအကူအညီ ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် အဖွဲ့ဝင်(၃၇)ဦးဖြင့် ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။

**အမိန့်များထုတ်ပြန်ခြင်း**

၉၂။ **အမိန့်အမှတ်(၁/၂၀၁၅)။** ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ၁၉၈၈ (၂၀၁၁) ကော်မတီမှ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်သည့် တာလီဘန် အကြမ်းဖက်အုပ်စု၊ အယ်လ်ကိုင်ဒါ အကြမ်းဖက်အုပ်စုနှင့် ယင်းအုပ်စုတို့နှင့် ဆက်နွှယ်သူများ၏ ငွေကြေးများ၊ ပစ္စည်းများနှင့် ရန်ပုံငွေ များအား ထိန်းချုပ်တားမြစ်မိန့် ထုတ်ပြန်ခဲ့ပါသည်။

၉၃။ **အမိန့်အမှတ်(၃/၂၀၁၅)။** ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ တွင် နောက်ဆုံးပြင်ဆင်ထုတ်ပြန်သည့် တာလီဘန်အကြမ်းဖက်အုပ်စု၊ အယ်လ်ကိုင်ဒါအကြမ်းဖက် အုပ်စုနှင့် ယင်းအုပ်စုတို့နှင့် ဆက်နွှယ်သူများ၏ ငွေကြေးများ၊ ပစ္စည်းများနှင့် ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်မိန့် ထုတ်ပြန်ခဲ့ပါသည်။

၉၄။ **အမိန့်အမှတ်(၁၁/၂၀၁၅)။** ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်မှ အမိန့်အမှတ်(၂၁/၂၀၁၅)ဖြင့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနှင့်ပတ်သက်၍ လမ်းညွှန်ချက်စာစောင် ထုတ်ပြန်ခြင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် အာမခံလုပ်ငန်းများသို့ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းနှင့်ပတ်သက်၍ လမ်းညွှန်ချက်စာစောင် ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

၉၅။ **အမိန့်အမှတ်(၁/၂၀၁၆)။** ၂၀၁၆ ခုနှစ်၊ အေပြီလ ၂၈ ရက်နေ့တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ၂၀၁၆ ခုနှစ်၊ အေပြီလ ၂၀ ရက်နေ့ တွင် နောက်ဆုံးပြင်ဆင်ထုတ်ပြန်သည့် အိုင်အက်စ်အိုင်အယ်လ် အကြမ်းဖက်အုပ်စု၊ အယ်လ်ကိုင်ဒါ အကြမ်းဖက်အုပ်စုနှင့် ယင်းအုပ်စုတို့နှင့် ဆက်နွှယ်သူများ၏ ငွေကြေးများ၊ ပစ္စည်းများနှင့်ရန်ပုံငွေ များအား ထိန်းချုပ်တားမြစ်မိန့် ထုတ်ပြန်ခဲ့ပါသည်။ **နောက်ဆက်တွဲ(ဏ)**

၉၆။ **အမိန့်အမှတ်(၃/၂၀၁၆)။** ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အမိန့်တစ်ကြိမ် ထုတ်ပြန်တိုင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ တားမြစ်မိန့် ထုတ်ပြန်ဆောင်ရွက်ခြင်းသည် "နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ" ဆိုသည့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီရန် မလွယ်ကူသောကြောင့် တည်မြဲမိန့်ကဲ့သို့သော အမိန့်ထုတ်ပြန်ရန် ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့တို့တွင် လာရောက်ခဲ့သည့် FATF/APG ကွင်းဆင်းလေ့လာသုံးသပ်ရေးအဖွဲ့၏ အကြံပြုချက်အရ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ စဉ်ဆက်မပြတ်ထုတ်ပြန်သတ်မှတ်လျက်ရှိသည့် အကြမ်းဖက်သမားများ၏အမည်စာရင်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အင်တာနက်စာမျက်နှာများသို့ စဉ်ဆက်မပြတ် ကြည့်ရှုရန်နှင့် အဆိုပါစာရင်းပါ အကြမ်းဖက်သမားများ၏ ပိုင်ဆိုင်မှုများကိုတွေ့ရှိပါက ထိန်းချုပ်နိုင်ရန် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် တည်မြဲအမိန့် ထုတ်ပြန်ခဲ့ပါသည်။ နောက်ဆက်တွဲ(တ)

**သတင်းပို့ချက်များ လက်ခံစိစစ်ခြင်း၊ မှုခင်းများ စစ်ဆေးခြင်း**

၉၇။ သတင်းပို့အဖွဲ့အစည်းများမှ ပေးပို့သော သတင်းပို့ချက်များကို ၂၀၀၄ ခုနှစ်မှစ၍ စာတိုက် သို့မဟုတ် လူဆက်သားဖြင့် ပေးပို့လက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်ခဲ့ရာမှ ၂၀၁၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ Online မှ ပေးပို့လက်ခံသည့်စနစ်ကို ပြောင်းလဲကျင့်သုံး ဆောင်ရွက်လျက်ရှိပြီး စာရွက်စာတမ်းများဖြင့် ထိန်းသိမ်းသည့်စနစ်အစား သတင်းအချက်အလက်များ သိုမှီးသည့် စနစ် (Data Base) သို့ ပြောင်းလဲရန် ဆောင်ရွက်လျက်ရှိသည့်အပြင် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများမှ လွှဲပြောင်းပေးပို့သောမှုခင်းများအား စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

**နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်း**

၉၈။ မြန်မာနိုင်ငံအနေဖြင့် NCCT လုပ်ငန်းစဉ်အောက်တွင် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့်သာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း ICRG လုပ်ငန်းစဉ်အောက်တွင် အောက်ဖော်ပြပါ နိုင်ငံ(၆)နိုင်ငံနှင့် နားလည်မှုစာချွန်လွှာများရေးထိုးနိုင်ခဲ့ပါသည်-

(က) ဘင်္ဂလားဒေ့ရှ်နိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့
(Bangladesh Financial Intelligence Unit-BFIU) (၇-၃-၂၀၁၃)

(ခ) ကိုရီးယားနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့
(Korea Financial Intelligence Unit-KoFIU) (၂၇-၈-၂၀၁၃)

(ဂ) ရုရှားနိုင်ငံ၊ ပြည်ထောင်စု ဘဏ္ဍာရေးစောင့်ကြည့်စစ်ဆေးရေးဌာန
(Federal Financial Monitoring Service) (၁၆-၇-၂၀၁၄)

(ဃ) သီရိလင်္ကာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့

(Financial Intelligence Unit of the Central Bank of Sri Lanka)
(၁၇-၇-၂၀၁၄)

( င ) နီပေါနိုင်ငံ ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များဌာန
(Financial Information Unit, Nepal Rastra Bank) (၁၇-၇-၂၀၁၄)

( စ ) ဂျပန်နိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးဗဟိုဌာန
(Japan Finacnial Intelligence Center-JAFIC) (၅-၃-၂၀၁၅)

၉၉။ မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် သင်တန်း နည်းပညာ အကူအညီပေးရေးနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နည်းပညာအကူအညီပေးရေးရုံး၊ စီးပွားရေးမှုခင်းအဖွဲ့နှင့် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်စာလွှာ (Terms of Reference-ToR) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

၁၀၀။ မြန်မာနိုင်ငံအနေဖြင့် FATF ၏ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရသည့်အပြင် APG ၏ အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ်၊ FATF ၏ NCCT၊ ICRG လုပ်ငန်းစဉ်များအရ (၄) လ တစ်ကြိမ် တိုးတက်ဆောင်ရွက်မှုများ (Progress Report) ကို FATF ၏ မျက်နှာစုံညီအစည်းအဝေးများ မတိုင်ခင် APG ၏ ဒေသတွင်း လေ့လာသုံးသပ်ရေးအဖွဲ့ (Regional Review Group-RRG) သို့ ပေးပို့ရပါသည်။ ထိုကဲ့သို့ ပေးပို့ရသည့်အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့ အနေဖြင့် RRG မျက်နှာချင်းဆိုင် အစည်းအဝေးများသို့ တက်ရောက်ပြီး မိမိနိုင်ငံ၏တိုးတက်ဆောင်ရွက်မှုများကို ဆွေးနွေးခြင်း၊ ၎င်းတို့၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့ပြုလုပ်ရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်မှစ၍ RRG မျက်နှာချင်းဆိုင် အစည်းအဝေးများသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များစုဖွဲ့၍ စဉ်ဆက်မပြတ်တက်ရောက်စေခဲ့ပြီး အရေးပါသော မျက်နှာချင်းဆိုင် အစည်းအဝေးများတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဝင်များ ဖြစ်သည့် ဒုတိယရှေ့နေချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူးတို့ ဦးဆောင်၍ တက်ရောက်စေခဲ့ပါသည်။

၁၀၁။ ထို့အပြင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ကျင်းပသည့် (၂၆)ကြိမ်မြောက် FATF မျက်နှာစုံညီအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်၍ ဒုတိယရှေ့နေချုပ်၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

၁၀၂။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် public statements တွင် အကြံပြုချက်(၆)ချက်အနက် (၂)ချက်ကို ပါယ်ဖျက်ပေးခဲ့ပြီး အောက်ဖော်ပြပါ အကြံပြုချက်(၄)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အကြံပြုခဲ့ပါသည်-

(က) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအား ပြစ်မှုအဖြစ် ပြဋ္ဌာန်းရန်၊

(ခ) အကြမ်းဖက်သမားများ၏ ပိုင်ဆိုင်မှုများအား ဖော်ထုတ်ထိန်းချုပ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်၊

(ဂ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်၊

(ဃ) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ရေးလုပ်ငန်းများ တိုးတက် ဆောင်ရွက်ရန်။

၁၀၃။ ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ကျင်းပခဲ့သည့် FATF မျက်နှာစုံညီ အစည်းအဝေးတွင် မြန်မာနိုင်ငံအား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ FATF မျက်နှာစုံညီ အစည်းအဝေးမတိုင်ခင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး နည်းဥပဒေနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေး နည်းဥပဒေတို့အား မပြဋ္ဌာန်းပါက တိုးမြှင့်အရေးယူဆောင်ရွက်မှု ပြုလုပ်နိုင်ရေး အတွက် ခရေပွင့်ပြ သတ်မှတ်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ နည်းဥပဒေ(၂)ခုအား ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့သည့်အပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်နှင့်ပတ်သက်၍ လမ်းညွှန်ချက် စာစောင်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၁၀၄။ ထို့အပြင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ကျင်းပသည့် (၂၇)ကြိမ်မြောက် FATF မျက်နှာစုံညီအစည်းအဝေးသို့ ပြည်ထောင်စု ရှေ့နေချုပ် ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေး အဖွဲ့ခေါင်းဆောင်၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

၁၀၅။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် public statements တွင် အကြံပြုချက်(၁)ချက် ပါယ်ဖျက်ပေးခဲ့ပြီး အောက်ဖော် ပြပါ အကြံပြုချက်(၃)ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုခဲ့ပါသည်-

(က) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအား ပြစ်မှုအဖြစ် ပြဋ္ဌာန်းရန်၊

(ခ) အကြမ်းဖက်သမားများ၏ ပိုင်ဆိုင်မှုများအား ဖော်ထုတ်ထိန်းချုပ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်၊

(ဂ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်။

**Public Statement မှ ပယ်ဖျက်ခြင်း၊ ကွင်းဆင်းလေ့လာရေးအဖွဲ့ လာရောက်ခြင်းနှင့် ICRG လုပ်ငန်းစဉ်အောက်မှ ပယ်ဖျက်ခြင်း**

၁၀၆။ ထိုကဲ့သို့ သိသာထင်ရှားသော တိုးတက်ဆောင်ရွက်မှုများကြောင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ကျင်းပသည့် (၂၇)ကြိမ်မြောက် FATF မျက်နှာစုံညီအစည်းအဝေး၌ မြန်မာနိုင်ငံအား အများပြည်သူသို့ ထုတ်ပြန်ကြေညာချက် (Public Statement) စာရင်းမှပယ်ဖျက်ပြီး AML/CFT တစ်ကမ္ဘာလုံးဆိုင်ရာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု တိုးတက်သည့်စာရင်း (ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်) သို့ ပြောင်းလဲသတ်မှတ်ပြီး ကွင်းဆင်းလေ့လာ သုံးသပ်ရေးအဖွဲ့ (Onsite Visit Mission) စေလွှတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၁၀၇။ FATF/APG မှ စေလွှတ်သည့်အဖွဲ့သည် ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့တို့တွင် နေပြည်တော်နှင့် ရန်ကုန်မြို့များသို့ လာရောက်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သည့် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ကိုယ်စားလှယ်အဖွဲ့သည်၂၀၁၆ ခုနှစ်၊ မေလ၄ ရက်နေ့နှင့် ၅ ရက်နေ့တို့တွင် ICRG စာရင်းပါနိုင်ငံများဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံနှင့် လာအိုနိုင်ငံတို့နှင့် RRG မျက်နှာချင်းဆိုင်အစည်းအဝေးများ ကျင်းပခဲ့ပါသည်။

၁၀၈။ ကွင်းဆင်းလေ့လာသုံးသပ်ရေးအဖွဲ့၏ အစီရင်ခံစာအရ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် FATF မျက်နှာစုံညီအစည်းအဝေး၌ မြန်မာနိုင်ငံအား ICRG လုပ်ငန်းစဉ်မှ ပယ်ဖျက်ခဲ့ပြီး AML/CFT တစ်ကမ္ဘာလုံးဆိုင်ရာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု တိုးတက်သည့်စာရင်း (ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်) တွင် မထားရှိကြောင်း မြန်မာနိုင်ငံအနေဖြင့် APG အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ရေးလုပ်ငန်းစဉ် အကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

# အပိုင်း ( ၉ )

# အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်မှုလုပ်ငန်းစဉ်

**ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)**

၁၀၉။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေး (Anti Money Laundering and Countering the Financing of Terrorism-AML/CFT) လုပ်ငန်းများကို ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force - FATF)က တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ အတွက် အဓိက အန္တရာယ်ဖြစ်သော ငွေကြေးခဝါချမှုကို တိုက်ဖျက်ရန်အတွက် ၁၉၈၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ စက်မှုထိပ်သီး(၇)နိုင်ငံမှ နိုင်ငံအကြီးအကဲများနှင့် ဥရောပကော်မရှင် အကြီးအကဲတို့ ဦးဆောင်၍ FATF ကို ဖွဲ့စည်းခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် AML/CFT လုပ်ငန်းများ ဆောင်ရွက်ရန် FATF၏ အကြံပြုချက်များကို ကုလသမဂ္ဂမှ ထုတ်ပြန်သည့် ဆုံးဖြတ်ချက်များ ကဲ့သို့ပင် လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ FATF မှ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းတိုက်ဖျက်ရေးအတွက် အကြံပြုချက် (၄၀) ထုတ်ပြန်ထားရှိပြီး နိုင်ငံပေါင်း (၁၈၀) ကျော်က လိုက်နာကျင့်သုံး လျက်ရှိပါသည်။

၁၁၀။ FATF သည် နိုင်ငံတကာမှ အစိုးရအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပြီး စတင်ဖွဲ့စည်းချိန်၌ စက်မှုထိပ်သီး(၇)နိုင်ငံ (အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီ၊ အီတလီ၊ ကနေဒါ နှင့် ဂျပန်)၊ ဥပရောပကော်မရှင်နှင့် အခြား(၈)နိုင်ငံ တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ယခုအချိန်၌ အဖွဲ့ဝင်နိုင်ငံပေါင်း (၃၅)နိုင်ငံ နှင့် အဖွဲ့အစည်း(၂)ခု၊ စုစုပေါင်း အဖွဲ့ဝင်(၃၇)နိုင်ငံ နှင့် FATF ကဲ့သို့ ပုံစံတူဖွဲ့စည်းထားသည့် ဒေသတွင်းအဖွဲ့အစည်း (FATF Style Regional Body-FSRB) (၉)ဖွဲ့၊ လေ့လာသူနိုင်ငံ(၂)နိုင်ငံ နှင့် လေ့လာသူအဖွဲ့အစည်းအဖြစ် နိုင်ငံတကာအဖွဲ့အစည်း (၂၂)ဖွဲ့ဖြင့် ဖွဲ့စည်းထားရှိပါသည်။

၁၁၁။ FATF ၏ အဓိကရည်မှန်းချက် တာဝန်များမှာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT)၊ နိုင်ငံတကာ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် ဥပဒေပိုင်းဆိုင်ရာ၊ ကြီးကြပ် ထိန်းသိမ်းမှုပိုင်းဆိုင်ရာနှင့် အရေးယူဆောင်ရွက်မှုပိုင်းဆိုင်ရာ ကဏ္ဍများတွင် နိုင်ငံများအနေဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များ ချမှတ်ပေးခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတို့ ဖြစ်ပါသည်။

၁၁၂။ ၁၉၉၀ ခုနှစ်၊ ဧပြီလတွင် နိုင်ငံများအနေဖြင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ငွေကြေးခဝါချမှု၏ဦးတည်ရာ လမ်းကြောင်းများနှင့် နည်းလမ်းများအား သိရှိနိုင်စေရန် အကြံပြုချက် (၄၀) ကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် အထူးအကြံပြုချက်(၈)ချက် ထုတ်ပြန်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အထူးအကြံပြုချက် အမှတ်(၉)ကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အဆိုပါအကြံပြုချက် ၄၀+၉=၄၉ အား ပြန်လည်ပြင်ဆင်တည်းဖြတ်ပြီး အကြံပြုချက်(၄၀)အဖြစ် ထုတ်ပြန်ခဲ့ပါသည်။

၁၁၃။ FATF သည် အဖွဲ့ဝင်နိုင်ငံများမှ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများအား အကောင်အထည်ဖော် ဆောင်ရွက်မှုများ၏ တိုးတက်မှုများကို စဉ်ဆက်မပြတ် စောင့်ကြည့် အကဲဖြတ်ခြင်း၊ ငွေကြေးခဝါချမှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းနည်းပညာများနှင့် တိုးမြှင့်အရေးယူဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ တစ်ကမ္ဘာလုံးဆိုင်ရာ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပြဋ္ဌာန်းဆောင်ရွက်ခြင်းများ တိုးမြှင့်ဆောင်ရွက်ခြင်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ FATF သည် အခြား နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ ငွေရေးကြေးရေးစနစ်ကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်ရန်ရည်ရွယ်၍ အမျိုးသားအဆင့် အန္တရာယ်များကို ခွဲခြမ်းစိတ်ဖြာခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ FATF သည် တစ်နှစ်လျှင်(၃)ကြိမ် မျက်နှာစုံညီ အစည်းအဝေးများ ကျင်းပပြီး ဆုံးဖြတ်ချက်များချမှတ်သည့် အဖွဲ့အစည်းဖြစ်ပါသည်။

**အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့** (Asia Pacific Group on Money Laundering-APG)

၁၁၄။ APG သည် FATF ကဲ့သို့ ပုံစံတူဖွဲ့စည်းထားသည့် ဒေသတွင်းအဖွဲ့အစည်း (FATF Style Regional Body-FSRB) ဖြစ်ပြီး ၁၉၉၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ စတင်ဖွဲ့စည်းခဲ့၍ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၌ အခြေစိုက်ထားရှိပါသည်။ အာရှပစိဖိတ်ဒေသ အတွင်းရှိ နိုင်ငံများသို့ AML/ CFT နှင့်သက်ဆိုင်သည့် နည်းပညာအကူအညီများပေးခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော AML/CFT စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်မှု ရှိ/မရှိ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။ APG သည် တစ်နှစ်လျှင်တကြိမ် နှစ်ပတ်လည်အစည်းအဝေး (Annual Meeting) ကျင်းပပြီး အဖွဲ့ဝင်နိုင်ငံများမှ ဥပဒေပိုင်းဆိုင်ရာကျွမ်းကျင်သူများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အရာရှိကြီးများ၊ ဘဏ်နှင့်ငွေရေးကြေးအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ဝင်များ တက်ရောက်ကြပါသည်။ အဆိုပါ အစည်းအဝေးနှင့်

တွဲလျက် နည်းပုံစံအလုပ်ရုံဆွေးနွေးပွဲ (Typology Workshop) နှင့် သင်တန်းနည်းပညာအကူအညီ ပေးရေး (Technical Assistant and Training-TA&T) အစည်းအဝေးတို့ကို ပြုလုပ်လျက် ရှိပါသည်။ APG တွင် အဖွဲ့ဝင်နိုင်ငံပေါင်း(၄၁)နိုင်ငံ၊ လေ့လာသူအဖြစ် နိုင်ငံ(၈)နိုင်ငံနှင့် အဖွဲ့အစည်း (၂၈)ဖွဲ့ ရှိပါသည်။

**APG မှ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်း**

၁၁၅။ APG အဖွဲ့ဝင်နိုင်ငံစည်းမျဉ်းများနှင့်အညီ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ပါက အဖွဲ့ဝင် နိုင်ငံများအနေဖြင့် နိုင်ငံတကာ AML/CFT စံနှုန်းများအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှုအဆင့်များအား ဆုံးဖြတ်ရန် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်သည့် စနစ်ကို ဆောင်ရွက်မည်ဆိုသည့်အချက်ကို သဘောတူညီပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၉-၃-၂၀၀၆ ရက်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။

၁၁၆။ ၁၉၉၇ ခုနှစ်မှစ၍ APG သည် အပြန်အလှန်အကဲဖြတ်ရေးကို (၂) ကြိမ် ဆောင်ရွက် ခဲ့ပါသည်။ ဒုတိယအလှည့် အပြန်အလှန်အကဲဖြတ်ခြင်းကို ၂၀၀၅ ခုနှစ်မှ FATF ၏ ၂၀၀၄ ခုနှစ် အပြန်အလှန်အကဲဖြတ်ရေး နည်းပညာဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဇူလိုင်တွင် ပြီးဆုံးခဲ့ပါသည်။ အလှည့်အသစ်ကို FATF ၏ ၂၀၁၂ ခုနှစ် ပြင်ဆင်တည်းဖြတ်ထားသည့် စံနှုန်း များနှင့် ၂၀၁၃ ခုနှစ် အပြန်အလှန်အကဲဖြတ်ရေးနည်းပညာဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက် ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်စည်းမျဉ်းအသစ်များသည် ယခင် နည်းပညာကဲ့သို့ မဟုတ်ဘဲ အောက်ပါ အကဲဖြတ်မှုများကို ပေါင်းစည်းထားပါသည်-

(က) FATF အကြံပြုချက်များအပေါ် APG အဖွဲ့ဝင်နိုင်ငံများ၏ နည်းပညာပိုင်း ဆိုင်ရာ လိုက်နာမှု ("technical"compliance) စနစ်၊

(ခ) AML/CFT နယ်ပယ်၏ အကျိုးသက်ရောက်မှုများ။

၁၁၇။ FATF အကြံပြုချက်များအပေါ် APG အဖွဲ့ဝင်နိုင်ငံများ၏ နည်းပညာပိုင်းဆိုင်ရာ လိုက်နာမှု ("technical" compliance) ကို အောက်ပါအတိုင်း အကဲဖြတ်လျက်ရှိပါသည်-

(က) နည်းပညာပိုင်းဆိုင်ရာ လိုက်နာမှုအကဲဖြတ်ခြင်းတွင် အဖွဲ့ဝင်နိုင်ငံများ၏ FATF အကြံပြုချက် တစ်ခုချင်းစီ၏ အထူးလိုအပ်ချက်များကို လိုက်နာမှုအပေါ် အကဲဖြတ်ခြင်း၊

(ခ) အများအားဖြင့် အကဲဖြတ်ခြင်းခံရသည့် နိုင်ငံ၏ဆက်နွယ်လျက်ရှိသော ဥပဒေ နှင့် အဖွဲ့စည်းပိုင်းဆိုင်ရာမူဘောင်နှင့် အာဏာပိုင်အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့် အာဏာများနှင့် လုပ်ထုံးလုပ်နည်းများကို အကဲဖြတ်ခြင်း၊

(ဂ) AML/CFT စနစ်၏ အခြေခံ အဆောက်အဦးများကို အကဲဖြတ်ခြင်း။

၁၁၈။ နည်းပညာပိုင်းဆိုင်ရာလိုက်နာမှု (“technical” compliance) အဆင့်သတ်မှတ်ခြင်း-

(က) အပြည့်အဝ လိုက်နာဆောင်ရွက်ခြင်း (Compliant-C)၊
(အားနည်းချက်များ မရှိ)

(ခ) ကြီးမားစွာလိုက်နာဆောင်ရွက်ခြင်း (Largely Compliant-LC)၊
(အရေးမပါသော အားနည်းချက်များ ရှိခြင်း)

(ဂ) တစိတ်တပိုင်းလိုက်နာ ဆောင်ရွက်ခြင်း (Partially Compliant-PC)၊
(အသင့်အတင့်ဖြစ်သော အားနည်းချက်များ ရှိခြင်း)

(ဃ) လိုက်နာဆောင်ရွက်မှုမရှိခြင်း (Non Compliant-NC)၊
(အဓိကကျသော အားနည်းချက်များ ရှိခြင်း)

(င) Not Applicable (ဖွဲ့စည်းတည်ဆောက်မှု၊ ဥပဒေ သို့မဟုတ် နိုင်ငံ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ အင်္ဂါရပ်များအစရှိသည့် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ထားမှု မရှိခြင်း)။

၁၁၉။ အဆင့်မြင့်ရည်မှန်းချက်များ ဆိုသည်မှာ ငွေရေးကြေးရေးစနစ်နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးစနစ်တခုလုံးကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း၊ လူအများအပြားသေကြေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့ခြင်း ခြိမ်းခြောက်မှုများမှ အကာအကွယ်ပေးရန်၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ငွေကြေးဆိုင်ရာကဏ္ဍ ဂုဏ်သိက္ခာအား တောင့်တင်းခိုင်မာစေခြင်း၊ အကာအကွယ်ပေးခြင်းနှင့်လုံခြုံမှုတို့ကို ဖြစ်ပေါ်စေခြင်းတို့ဖြစ်စေရန် ဖြစ်ပါသည်။ အဆိုပါ အဆင့်မြင့်ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းအား အဆင့်မြင့် ရလာဒ်များ (Intermediate Outcomes) နှင့် ချက်ခြင်းရလာဒ်များ (Immediate Outcomes) ဟူ၍ အောက်ပါအတိုင်းခွဲခြားကာ အကဲဖြတ်လျက် ရှိပါသည်-

| Intermediate Outcomes | Immediate Outcomes |
|---|---|
| ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များ လျော့ပါးစေရန် မူဝါဒ၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။ | ၁။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များကို နားလည်သိရှိရမည်၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကြေစေသော လက်နက်များ ပြန့်ပွားရေးကိုငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ရန် သင့်လျော်သည့် ပြည်တွင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများကို ပြုလုပ်ခြင်း၊ |

| | |
|---|---|
| | ၂။ သင့်လျော်သည့် သတင်းများ၊ ငွေကြေးဆိုင်ရာ ထောက်လှမ်းရေး သတင်းများ နှင့် သက်သေခံ အထောက်အထားများအား နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ဖြန့်ဝေခြင်း၊ ပြစ်မှုကျူးလွန်သူများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို သိမ်းဆည်းအရေးယူ နိုင်ရေးဆောင်ရွက်ခြင်း။ |
| အကြမ်းဖက်သမားများအား ထောက်ပံ့မည့် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးပစ္စည်း အကျိုးအမြတ်များနှင့် ရန်ပုံငွေများ၊ ငွေရေးကြေးရေး နှင့် အခြားကဏ္ဍများသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ရန် သို့မဟုတ် အဆိုပါကဏ္ဍ များမှ ရှာဖွေခြင်းနှင့် သတင်းပို့ခြင်း။ | ၃။ ကြီးကြပ်ရေးအာဏာပိုင်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် သတ်မှတ်ထားသည့် ငွေရေး ကြေးရေး မဟုတ်သည့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်သူများ အနေဖြင့် ၎င်းတို့၏ အန္တရာယ် များ နှင့်အတူ အချိုးညီသော AML/CFT ဆိုင်ရာ လိုက်နာအကောင်အထည်ဖော်မှုများကို သင့်လျော် သည့် ကြီးကြပ်မှုများ၊ မှတ်တမ်းတင် စောင့်ကြည့်မှု များနှင့် စည်းကမ်းလိုက်နာမှုများ ဆောင်ရွက်ခြင်း။ |
| | ၄။ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် သတ်မှတ် ထားသည့် ငွေရေးကြေးရေးမဟုတ်သည့် အသက်မွေး ဝမ်းကျောင်း ကျွမ်းကျင်သူများ အနေဖြင့် ၎င်းတို့ ၏ အန္တရာယ်များ နှင့်အတူ အချိုးညီသော AML/ CFT ကြိုတင် ကာကွယ်ရေးအတွက် လုံလောက် သည့် ဖြည့်ဆည်း ဆောင်ရွက်မှုများနှင့် သံသယ ဖြစ်ဖွယ်လွှဲပြောင်းမှုများကို သတင်းပို့ခြင်း။ |
| | ၅။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့ခြင်းအတွက် အဖွဲ့အစည်းများနှင့် စီစဉ် ဆောင်ရွက်မှုများကို တလွဲအသုံးချခံရခြင်းမှ ကာကွယ် ရမည်၊ ၎င်းတို့၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်နှင့် ပတ်သက်သည့် သတင်းများကို အဟန့်အတား အနှောက်အယှက်မရှိစေဘဲ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက ရယူနိုင်ခြင်း။ |
| ငွေကြေးခဝါချမှု အန္တရာယ်များကို ရှာဖွေ ဖော်ထုတ်ခြင်းနှင့် ဖြိုခွင်းဖျက် ဆီးခြင်း၊ ပြစ်မှု ကျူးလွန်သူများ၏ တရားမဝင် ပြစ်မှုကျူးလွန်ရာမှ ရရှိ သော ငွေကြေး၊ ပစ္စည်းနှင့် အကျိုး | ၆။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု စုံစမ်းဆေးခြင်းတွင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းများအနေဖြင့် ငွေကြေး ဆိုင်ရာ ထောက်လှမ်းရေး သတင်းအချက်များနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များကို |

| | |
|---|---|
| အမြတ်များကို အရေးယူပိတ်ဆို့ခြင်း။ | သင့်လျော်သလို အသုံးပြုနိုင်ခြင်း။ |
| | ၇။ ငွေကြေးခဝါချမှု ပြစ်မှုများနှင့် ဆောင်ရွက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် ပြစ်မှု ကျူးလွန်သူများကို တရားစွဲတင်ခြင်းနှင့် အကျိုးသက်ရောက်မှု၊ အချိုးညီမှုနှင့် ဥပဒေအရ တားမြစ်ခြင်း အရေးယူမှုများကို ဆောင်ရွက်ခြင်း။ |
| | ၈။ ပြစ်မှု ကျူးလွန်ရာမှ ရရှိသော ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များနှင့် အသုံးပြုပစ္စည်းများကို နိုင်ငံဘဏ္ဍာသိမ်းဆည်းခြင်း။ |
| | ၉။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ပြစ်မှုများနှင့် ဆောင်ရွက်မှုများကို စုံစမ်းစစ်ဆေးခြင်း နှင့် ပြစ်မှု ကျူးလွန်သူများကို တရားစွဲတင်ခြင်း နှင့် အကျိုးသက်ရောက်မှု၊ အချိုးညီမှုနှင့်ဥပဒေအရ တားမြစ်ခြင်း အရေးယူမှုများကို ဆောင်ရွက်ခြင်း။ |
| | ၁၀။ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူများ၏ ရန်ပုံငွေများ တိုးပွားခြင်း၊ ရွှေ့ပြောင်းခြင်း၊ အသုံးပြုခြင်းနှင့် ပရဟိတအဖွဲ့အစည်းများကို တလွဲအသုံးပြုခြင်းမှ ကာကွယ်ခြင်း။ |
| | ၁၁။ လူအများအပြား သေကြေစေသော လက်နက်များ ပြန့်ပွားခြင်းကို ငွေကြေးထောက်ပံ့သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ ရန်ပုံငွေများတိုးပွားခြင်း၊ ရွှေ့ပြောင်းခြင်း၊ အသုံးပြုခြင်းအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့်အညီ ကာကွယ်ခြင်း။ |

၁၂၀။ **အကျိုးသက်ရောက်မှု (Effectiveness) အဆင့်သတ်မှတ်ခြင်း**

(က) အကျိုးသက်ရောက်မှုအဆင့်မြင့်မားခြင်း (High level of effectiveness) (Immediate Outcome အလွန်ကြီးမားစွာ တိုးချဲ့အောင်မြင်မှုရရှိသည်)

(ခ) အကျိုးသက်ရောက်မှုအဆင့် လုံလောက်ခြင်း (Substantial level of effectiveness)

(Immediate Outcome ကြီးမားစွာ တိုးချဲ့အောင်မြင်မှုရရှိသည်၊ အတော်အသင့် တိုးတက်မှုများလိုအပ်သည်။)

(ဂ) အကျိုးသက်ရောက်မှုအဆင့် အတော်အသင့်ရှိခြင်း (Moderate level of effectiveness)

(Immediate Outcome တိုးချဲ့အောင်မြင်မှု အချို့ကိုသာ ရရှိသည်၊ အဓိက တိုးတက်မှုများ လိုအပ်သည်။)

(ဃ) အကျိုးသက်ရောက်မှုအဆင့် နိမ့်ခြင်း (Low level of effectiveness)

(Immediate Outcome ရရှိမှု မရှိခြင်း သို့မဟုတ် မပြောပလောက်သော ရရှိမှုများသာရှိခြင်း၊ အခြေခံပဓာနကျသော တိုးတက်မှုများ လိုအပ်သည်။)

**အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ရေးလုပ်ငန်းစဉ်**

၁၂၁။ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ်တွင် အဖွဲ့ဝင်နိုင်ငံများ၏ AML/CFT စနစ်ကို ရုံးလုပ်ငန်းအခြေပြု (desk-based) ပြန်လည်သုံးသပ်ခြင်းနှင့် အခြား APG အဖွဲ့ဝင်နိုင်ငံများနှင့် APG အတွင်းရေးမှူးချုပ်ရုံးမှ ကျွမ်းကျင်သူများ (ဥပဒေပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ ငွေရေးကြေးရေးနှင့် စည်းမျဉ်းကြီးကြပ်ရေးကျွမ်းကျင်သူများနှင့် တရားဥပဒေ စိုးမိုးရေးပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ) ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းလေ့လာ ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

၁၂၂။ အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ် အချိန်ကာလမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) (၆)လ ကြိုတင်၍ ရုံးလုပ်ငန်းအခြေပြု နည်းပညာပိုင်းဆိုင်ရာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှု စိစစ်ခြင်း၊ မေးခွန်းများ ဖြေဆိုနိုင်ရေး အကဲဖြတ်ခံရမည့်နိုင်ငံနှင့် ဆက်သွယ်ခြင်း၊ အကဲဖြတ်သူများအား အတည်ပြု ရွေးချယ်ခြင်း၊

(ခ) (၃)လ ကြိုတင်၍ နည်းပညာပိုင်းဆိုင်ရာ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်မှု စိစစ်ခြင်း နောက်ဆက်တွဲ ပထမအကြိမ် မူကြမ်းအား အကဲဖြတ်ခံရသည့် နိုင်ငံသို့ပေးပို့ခြင်း၊

(ဂ) (၁)လ ကြိုတင်၍ ရည်မှန်းချက်အကျဉ်းချုပ်၊ အစီအစဉ်နှင့် ပြန်လည်ပြင်ဆင်ထားသည့် နည်းပညာပိုင်းဆိုင်ရာလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်မှု နောက်ဆက်တွဲအား ပေးပို့ခြင်း၊

(ဃ) ကွင်းဆင်းလေ့လာရေးအဖွဲ့ လာရောက်ခြင်း၊

( င ) (၁)လခွဲ ကြာပြီးနောက် အပြန်အလှန်အကဲဖြတ်ရေးအစီရင်ခံစာအား ပေးပို့ခြင်း၊

( စ ) (၃)လခွဲ ကြာပြီးနောက် အပြန်အလှန်အကဲဖြတ်ရေးအစီရင်ခံစာ ဒုတိယအကြိမ်မူကြမ်းအား အကဲဖြတ်ခံရသည့်နိုင်ငံမှ ပြန်လည်သုံးသပ်သူများထံပေးပို့ခြင်း၊

(ဆ) (၄)လ နှင့် (၃)ပါတ် ကြာပြီးနောက် မျက်နှာချင်းဆိုင်အစည်းအဝေး သို့မဟုတ် တယ်လီဖုန်းဖြင့် ညှိနှိုင်းခြင်း၊

( ဇ ) (၅)လခွဲ ကြာပြီးနောက် စီမံခန့်ခွဲမှုအကျဉ်းချုပ်အား နောက်ဆုံးရေးသားခြင်း၊ အပြန်အလှန်အကဲဖြတ်ရေးအစီရင်ခံစာအား ဖြန့်ဝေခြင်း၊

( ဈ ) (၆)လခွဲ ကြာပြီးနောက် နှစ်ပတ်လည်အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းခြင်း။

၁၂၃။ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်မှုအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

( က ) ရုံးလုပ်ငန်းအခြေပြုအတွက် ပြင်ဆင်ခြင်းအပိုင်းတွင် အကဲဖြတ်ခြင်းခံရမည့်နိုင်ငံ၏အန္တရာယ်များ၊ ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများနှင့် လိုက်နာအကောင်အထည်ဖော်မှုများအား စိစစ်ခြင်း၊ အကျိုးသက်ရောက်မှုအတွက် အထောက်အထား စာရွက်စာတမ်းများအား စိစစ်ခြင်း၊

( ခ ) ကွင်းဆင်းလေ့လာရေးအဖွဲ့ လာရောက်သည့်အချိန်တွင် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခြင်းနှင့် စစ်ဆေးမှုများ ပြုလုပ်ခြင်း၊ ကနဦးတွေ့ရှိချက် အစီရင်ခံစာပြုစုခြင်း၊

( ဂ ) ရုံးလုပ်ငန်းအခြေပြုဆောင်ရွက်ခြင်းတွင် အကဲဖြတ်ခံရသည့်နိုင်ငံ၏ အကြံပြုချက်များ တောင်းခံခြင်း၊ နိဂုံးချုပ်နှင့် အကြံပြုချက်ရေးသားခြင်း။

**မြန်မာနိုင်ငံအပေါ် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်း (ပထမအကြိမ်)**

၁၂၄။ မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် APG အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့သည့်အတွက် APG ၏ အဓိက လုပ်ငန်းစဉ်ဖြစ်သော အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်းကို ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ APG ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး FATF၏ အကြံပြုချက် (၄၀+၉) အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအား လေ့လာအကဲဖြတ်ခဲ့ကြပါသည်။ စံနှုန်း သတ်မှတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအား အပြည့်အဝလိုက်နာဆောင်ရွက်ခြင်း (Compliant-C)၊ ကြီးမားစွာလိုက်နာဆောင်ရွက်ခြင်း (Largely Compliant-LC)၊ တစိတ်တပိုင်းလိုက်နာ

ဆောင်ရွက်ခြင်း (Partially Compliant-PC)၊ လိုက်နာ ဆောင်ရွက်မှုမရှိခြင်း (Non Compliant-NC) ဟူ၍ အဆင့်(၄)ဆင့် ခွဲခြားသတ်မှတ်ခဲ့ပြီး အကဲဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် FATF ၏ အကြံပြုချက်(၄၀+၉)တွင် (C) ၂ ချက်၊ (LC) ၂ ချက်၊ (PC) ၂၉ ချက်၊ (NC) ၁၆ ချက် ရရှိခဲ့ပါသည်။ (PC) (NC) အချက်များကို (C) သို့မဟုတ် (LC) အဆင့်သို့ တိုးမြင့်သတ်မှတ်ပေးနိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ FATF ၏ အကြံပြုချက်(၄၀+၉) မှ ပင်မအကြံပြုချက် (Core Recommendation)နှင့် အဓိကအကြံပြုချက်များ (Key Recommendation) ကို ဦးစားပေးအဆင့်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရပါသည်။

၁၂၅။ အပြန်အလှန်အကဲဖြတ်ရေးခရီးစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **၇-၁-၂၀၀၈ ရက် (တနင်္လာနေ့) နေပြည်တော်**

(၁) မိတ်ဆက်အစည်းအဝေး၊

(၂) လေ့လာအကဲဖြတ်ခြင်း (FIU၊ CCDAC၊BSI)၊

(၃) ပြည်ထဲရေးဝန်ကြီးအား တွေ့ဆုံဂါဝရပြုခြင်း၊

(၄) ညစာစားပွဲဖြင့်ဧည့်ခံခြင်း၊

(ခ) **၉-၁-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့) နေပြည်တော်**

(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ အား တွေ့ဆုံဂါဝရပြုခြင်း၊

(၂) လေ့လာအကဲဖြတ်ခြင်း (ဗဟိုဘဏ်၊ ပြည်တွင်းအခွန်)

(၃) ဘဏ္ဍာအခွန်ဝန်ကြီး အား တွေ့ဆုံဂါဝရပြုခြင်း၊

(ဂ) **၁၀-၁-၂၀၀၈ ရက် (ကြာသပတေးနေ့) နေပြည်တော်**

(၁) ဥပဒေများအား ရှင်းလင်းခြင်း (ပြည်ထောင်စုရှေ့နေချုပ်)

(၂) လေ့လာအကဲဖြတ်ခြင်း (တရားရုံးချုပ်၊ နိုင်ငံခြားရေး၊ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ၊ သစ်တော)

(ဃ) **၁၁-၁-၂၀၀၈ ရက် (သောကြာနေ့) နေပြည်တော်**

(၁) လေ့လာအကဲဖြတ်ခြင်း (သတ္တုတွင်း၊ကျောက်မျက်)

(၂) လေ့လာအကဲဖြတ်ခြင်း (ကြေး/မြေ၊အိုးအိမ်၊ရန်ကုန်/မန္တလေးစည်ပင်)

(၃) လေ့လာအကဲဖြတ်ခြင်း (ထွေအုပ်၊ သာသနာရေး၊ လူမှုဝန်ထမ်း)

(၄) လေ့လာအကဲဖြတ်ခြင်း (ဟိုတယ်/ခရီး)

(၅) လေ့လာအကဲဖြတ်ခြင်း (ပို့ဆောင်ရေး၊ရေကြောင်း၊ ရထား၊ ကုန်လမ်း)

(င) **၁၂-၁-၂၀၀၈ ရက် (စနေနေ့) နေပြည်တော်**

ရန်ကုန်မြို့သို့ ထွက်ခွာခြင်း

(စ) **၁၄-၁-၂၀၁၈ ရက် (တနင်္လာနေ့) ရန်ကုန်**

(၁) လေ့လာအကဲဖြတ်ခြင်း (မြန်မာနိုင်ငံဘဏ်များအသင်း)

(၂) လေ့လာအကဲဖြတ်ခြင်း (မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်)

(၃) လေ့လာအကဲဖြတ်ခြင်း (မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်)

(၄) လေ့လာအကဲဖြတ်ခြင်း (ကမ္ဘောဇဘဏ်)

(ဆ) **၁၅-၁-၂၀၁၈ ရက် (အင်္ဂါနေ့) ရန်ကုန်**

(၁) လေ့လာအကဲဖြတ်ခြင်း [ဗဟိုဘဏ် (နိုင်ငံခြားသုံးငွေ)]

(၂) လေ့လာအကဲဖြတ်ခြင်း (ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ရေး)

(၃) လေ့လာအကဲဖြတ်ခြင်း (မြန်မာ့အာမခံလုပ်ငန်း)

(၄) လေ့လာအကဲဖြတ်ခြင်း (အကောက်ခွန်၊ လေဆိပ်)

(ဇ) **၁၆-၁-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ရန်ကုန်**

(၁) လေ့လာအကဲဖြတ်ခြင်း [ဘားကောင်စီ (ရှေ့နေများအသင်း)]

(၂) လေ့လာအကဲဖြတ်ခြင်း (ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း)

(၃) လေ့လာအကဲဖြတ်ခြင်း (ပြည်သူ့စာရင်းကိုင်များအသင်း)

(ဈ) **၁၇-၁-၂၀၁၈ ရက် (ကြာသပတေးနေ့) ရန်ကုန်**
အစီရင်ခံစာမူကြမ်း ရေးဆွဲခြင်း

(ည) **၁၈-၁-၂၀၁၈ ရက် (သောကြာနေ့) ရန်ကုန်**
ပြန်လည်သုံးသပ် ညှိနှိုင်းအစည်းအဝေး

၁၂၆။ APG ၏ (တတိယအကျော့) အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ်အရ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ၂၀၁၇ ခုနှစ်တွင် ဒုတိယအကြိမ် လာရောက်လေ့လာအကဲဖြတ်မည်ဖြစ်ပါသည်။

၁၂၇။ APG မှ နည်းပညာပိုင်းဆိုင်ရာလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်မှု စိစစ်ခြင်းနောက်ဆက်တွဲ ပထမအကြိမ်မူကြမ်း မေးခွန်းများအား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပေးပို့မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် မေလ ၁၉ ရက်နေ့ နောက်ဆုံးထားဖြေဆို ပေးပို့ရမည်ဖြစ်ပါသည်။

၁၂၈။ APG မှ ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ပြီး အောက်ဖော်ပြပါဌာနများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ပါသည်-

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဗဟိုအဖွဲ့များ

(ဂ) ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) နိုင်ငံခြားရေးဝန်ကြီးဌာန

(င) အဖွဲ့အစည်းများ၊ ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများနှင့် ပရဟိတအဖွဲ့အစည်းများအား ကြီးကြပ်သည့်ဌာနများ

(စ) အမျိုးသားအဆင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်အကဲဖြတ်ရေးတွင် ပါဝင်သည့် အဖွဲ့အစည်းများ၊

(ဆ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့

(ဇ) ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ

(ဈ) တရားစွဲအဖွဲ့အစည်းများနှင့် နိုင်ငံဘဏ္ဍာသိမ်းအဖွဲ့အစည်းများ

(ည) အကောက်ခွန်၊ နယ်စပ်အဖွဲ့အစည်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများ

(ဋ) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အခွန်၊ ထောက်လှမ်းရေး သို့မဟုတ် လုံခြုံရေးအဖွဲ့များ

(ဌ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းများ

(ဍ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ

(ဎ) ငွေရေးကြေးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်သူများ (စာရင်းကိုင်များ၊ အိမ်ခြံမြေအကျိုးဆောင်များ၊ ရှေ့နေများ၊ နိုထရီပတ်ဘလစ်များ၊ ကာဆီနိုများ)

၁၂၉။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ FATF ၏ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုနှင့် အကျိုးသက်ရောက်မှု ရှိ/မရှိ သက်ဆိုင်ရာနယ်ပယ်အလိုက် ကိုယ်တိုင်

အကဲဖြတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး လုပ်ငန်းအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၁၃၀။ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) နှင့် ပူးပေါင်း၍ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအား အသိပညာမြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည့်အပြင် အပြည်ပြည် ဆိုင်ရာ အုပ်ချုပ်မှုနှင့်ဆုံးရှုံးနိုင်ခြေအဖွဲ့နှင့် ပူးပေါင်း၍ အသိပညာမြှင့်တင်ခြင်း၊ နည်းပညာပိုင်း ဆိုင်ရာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု မေးခွန်းများဖြေဆိုခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

# အပိုင်း ( ၁၈ )

# အထွေထွေ

**၂၀၁၇ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

၁၃၁။ မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည် ၂၀၁၇ ခုနှစ်အတွင်း အောက်ပါလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန် စီမံလျာထားခဲ့ပါသည်-

| စဉ် | လုပ်ငန်းစဉ် | တာဝန်ခံဌာန | မိတ်ဖက်ဌာန | ကာလ | အရင်းအမြစ် | အကျိုးရလာဒ် |
|---|---|---|---|---|---|---|
| ၁ | **ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit-FIU) အတွက် Online Reporting System နှင့် Data Base ကို တိုးချဲ့မြှင့်တင်ခြင်း** | | | | | |
| ၁.၁ | ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ သတင်းပို့ချက်များအား လက်ခံနိုင်သည့် Web Page ထူထောင်ခြင်း | AFCD, FIU | ECT, STR | Q1-2 | ECT၊ နောင်ရိုးနည်းပညာကုမ္ပဏီလီမိတက် | Web Page အသုံးပြုခြင်း |
| ၁.၂ | ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအတွက် Web Page တွင် တိုက်ရိုက်သတင်းပို့သည့်စနစ် ရေးဆွဲခြင်း | AFCD, FIU | ECT၊ နည်းပညာရှင်၊ ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်း | Q1-2 | နောင်ရိုးနည်းပညာကုမ္ပဏီလီမိတက်၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း | Web Page အသုံးပြု သတင်းပေးပို့ခြင်း |
| ၁.၃ | DNFBPs အတွက် E-Reporting စနစ် တည်ဆောက်ခြင်း | AFCD, FIU | ECT, UMFCCI | Q2 | ECT, UMFCCI | E-Reporting စနစ် အသုံးပြုခြင်း |
| ၁.၄ | သတင်းပို့ချက်များ နည်းပညာဖြင့် စိစစ်သည့် နည်းစနစ် ရေးဆွဲခြင်း | AFCD, FIU | ECT, STR | Q3-4 | ECT၊ နောင်ရိုးနည်းပညာကုမ္ပဏီ | နည်းပညာအသုံးပြု၍ စိစစ်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၁.၅ | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ စံလုပ်ထုံးလုပ်နည်း မူကြမ်းရေးဆွဲခြင်း၊ FIU ၏ Data Base တည်ထောင်ခြင်း | AFCD, FIU | UNODC | Q1 | FIU, UNODC | ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အစည်း အတည်ပြုခြင်း |
| ၂ | **FIU တပ်ဖွဲ့ဝင်များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်းများ လမ်းညွှန် (Standard Operation Procedure-SOP)** | | | | | |
| ၂.၁ | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ စံလုပ်ထုံးလုပ်နည်းမူကြမ်းအား အစိုးရအဖွဲ့ထံမှ အတည်ပြုချက်ရယူခြင်း၊ ထုတ်ပြန်ခြင်း | AFCD, FIU | UNODC | Q2 | FIU, UAGO, UNODC | အစိုးရအဖွဲ့မှ အတည်ပြုခြင်း |
| ၂.၂ | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ စံလုပ်ထုံးဖြန့်ဝေခြင်း | AFCD, FIU | UNODC, UAGO | Q3 | FIU | ဖြန့်ဝေခြင်း |
| ၂.၃ | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ စံလုပ်ထုံးလုပ်နည်းအား လက်တွေ့ လိုက်နာဆောင်ရွက်ခြင်း | AFCD, FIU | | Q4 | FIU | လိုက်နာဆောင်ရွက်ခြင်း |
| ၃ | **ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (Anti Money Laundering Law-AMLL) အား ပြင်ဆင်ခြင်း** | | | | | |
| ၃.၁ | ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ရေးဆွဲသည့် အစည်းအဝေး | AFCD, FIU | ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေ ပြင်ဆင်ရေးဆွဲရေး | Q1 | သက်ဆိုင်ရာဝန်ကြီးဌာနများ | FATF ၏ အကြံပြုချက်များနှင့်အညီ ထပ်မံပြင်ဆင်ဖြည့်စွက် |

| | ကျင်းပခြင်း | | ကော်မတီ | | | ရေးသားခြင်း |
|---|---|---|---|---|---|---|
| ၃.၂ | ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ မူကြမ်းအား ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပေးပို့ခြင်း | AFCD, FIU | ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ ပြင်ဆင် ရေးဆွဲရေး ကော်မတီ | ၂၀၁၇ မေလ | သက်ဆိုင်ရာ ဝန်ကြီးဌာန များ | FATF ၏ အကြံပြုချက်များ နှင့်အညီ ထပ်မံ ပြင်ဆင်ဖြည့်စွက် ရေးသားခြင်း |
| ၃.၃ | ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ အား လွှတ်တော်သို့ တင်ပြနိုင်ရေး ဆောင်ရွက်ခြင်း | AFCD, FIU | ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ ပြင်ဆင် ရေးဆွဲရေး ကော်မတီ | ၂၀၁၇ ဇွန်လ | သက်ဆိုင်ရာ ဝန်ကြီးဌာန များ | FATF ၏ အကြံပြုချက်များ နှင့်အညီ ထပ်မံ ပြင်ဆင်ဖြည့်စွက် ရေးသားခြင်း |
| ၃.၄ | တရားခံလွှဲပြောင်းရေး ဥပဒေ(ကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း | AFCD, FIU | ဥပဒေ(ကြမ်း) ရေးဆွဲရေး လုပ်ငန်း အဖွဲ့ဝင်များ | Q1-2 | | |
| ၄ | **အပြန်အလှန် အကဲဖြတ်ရေးအဖွဲ့ (Matual Evaluation-ME) အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပြင်ဆင်ခြင်း၊ လက်ခံတွေ့ဆုံခြင်း၊ ဆွေးနွေးခြင်း** | | | | | |
| ၄.၁ | အဖွဲ့ဝင်နိုင်ငံအချင်း ချင်း အပြန်အလှန် အကဲဖြတ်ခြင်း လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း၊ မေးခွန်း များ ဖြေကြားခြင်း | AFCD, FIU | ME ကော်မတီ အဖွဲ့ဝင်များ | Q 1-2-3 | သက်ဆိုင်ရာ ဝန်ကြီးဌာန များ | AML/CFT နိုင်ငံ တကာ ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ခြင်း |
| ၄.၂ | ME အဖွဲ့အား လက်ခံတွေ့ဆုံခြင်း၊ အကဲဖြတ်ခြင်း | ME ကော်မတီ | ဆက်စပ်ဌာန များ | Q4 | သက်ဆိုင်ရာ ဝန်ကြီးဌာန များ | AML/CFT နိုင်ငံ တကာ ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ခြင်း |
| ၅ | **မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အနေဖြင့် Egmont Group သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် တင်ရောက်နိုင်ရေး ဆက်သွယ်ဆောင်ရွက်ခြင်း** | | | | | |
| ၅.၁ | ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ | AMLCB, FIU | နိုင်ငံများ အလိုက် | Q 1-2-3 | သက်ဆိုင်ရာ ဝန်ကြီးဌာန | AML/CFT နိုင်ငံ တကာ ပူးပေါင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | လာအို၊ ဘူတန်နိုင်ငံ တို့နှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး နိုင်ရေး | | ကိုယ်စားလှယ် များ | | များ | ဆောင်ရွက်မှု တိုးမြှင့်ခြင်း၊ သတင်းအချက် အလက်များ ဖလှယ်ခြင်း |
| ၅.၂ | Egmont Group သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေး | AMLCB, FIU | CBM, UAGO | Q1-2 | Egmont Group, FATF, APG, MoU Countries | AML/CFT ဆိုင်ရာ နည်းပညာ အကူ အညီများ တိုးမြှင့် ရရှိခြင်းနှင့် နိုင်ငံ တကာပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်နိုင်ခြင်း |
| ၆ | **ကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ ရေးဆွဲခြင်း** | | | | | |
| ၆.၁ | National Strategy ၂၀၁၇-၂၀၂၂ အတွက် မူကြမ်းရေးဆွဲခြင်း | AFCD, FIU | Gov Risk, IMF, OTA | Q2-3 | | နိုင်ငံတကာ အဆင့်မီ National Stratecy ဖြစ်ရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း |
| ၇ | **အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ် (National Risk Assessment-NRA) အား အစီရင်ခံစာ ရေးသားပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ခြင်း** | | | | | |
| ၇.၁ | NRA လုပ်ငန်းစဉ်(၆) Web-base ဖြင့် အကျိုးဆက်ဆိုင်ရာ စစ်တမ်း ကောက်ယူခြင်း | AMLCB, AFCD, FIU | NRA ကော်မတီ | Q1-2 | ဆက်စပ် ဝန်ကြီးဌာန များ၊ IMF | သတင်းအချက် အလက် စုဆောင်းခြင်း |
| ၇.၂ | NRA လုပ်ငန်းစဉ်(၇) အကျိုးဆက်များ ခွဲခြမ်းစိတ်ဖြာခြင်း | AMLCB, AFCD, FIU | NRA ကော်မတီ | Q2 | ဆက်စပ် ဝန်ကြီးဌာန များ၊ IMF | ML/TF ဆိုင်ရာ အန္တရာယ် ဖော်ထုတ်ခြင်း |
| ၇.၃ | NRA လုပ်ငန်းစဉ်(၈) | AMLCB, | NRA | Q2 | ဆက်စပ် | NRA |

| | | | | | | |
|---|---|---|---|---|---|---|
| | NRA Report မူကြမ်း ရေးသားခြင်း | AFCD, FIU | ကော်မတီ | ၂၀၁၇ ဇွန်လ | ဝန်ကြီးဌာန များ၊ IMF | ထုတ်ပြန်ခြင်း |
| ၇.၄ | NRA Report အား အနီးဆုံး AMLCB အစည်းအဝေးသို့ တင်ပြ အတည်ပြုခြင်း | AMLCB, AFCD, FIU | NRA ကော်မတီ | Q2-3 | ဆက်စပ် ဝန်ကြီးဌာန များ၊ IMF | NRA ထုတ်ပြန်ခြင်း |
| ၇.၅ | NRA Report အား အစိုးရအဖွဲ့ရုံးသို့ တင်ပြခြင်း | AMLCB, AFCD, FIU | NRA ကော်မတီ | Q3 | ဆက်စပ် ဝန်ကြီးဌာန များ၊ IMF | NRA ထုတ်ပြန်ခြင်း |
| ၇.၆ | **NRA ရလာဒ်များ ဖြန့်ဝေခြင်း၊ RBA ဆောင်ရွက်ခြင်း** NRA ရလာဒ်မှ သင့်လျော်သည့် သတင်းအချက် အလက်များကို အာဏာပိုင်များနှင့် သတင်းပို့အဖွဲ့အစည်း များသို့ အသိပေး ဖြန့်ဝေခြင်း၊ RBA နည်းလမ်းကို အသုံး ပြု၍ AML/CFT ဆောင်ရွက်ခြင်း | AMLCB, AFCD, FIU | NRA ကော်မတီ | Q3-4 | ဆက်စပ် ဝန်ကြီးဌာန များ၊ FIs, DNFBPs | ML/TF ဆိုင်ရာ အန္တရာယ်များကို လျော့နည်းအောင် ဆောင်ရွက်ခြင်း |
| ၈ | **မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အနေဖြင့် ပြစ်မှုမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ပြန်လည်သိမ်းဆည်းမှုဆိုင်ရာ အာရှ-ပစိဖိတ်ဒေသ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း ကွန်ယက်ချိတ်ဆက်မှုအဖွဲ့ [Asset Recovery Interagency Network-Asia Pacific (ARIN-AP)]သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်း** | | | | | |
| ၈.၁ | ပြစ်မှုမှရရှိသည့် ငွေကြေးနှင့်ပစ္စည်း များ ပြန်လည် သိမ်းဆည်းမှုဆိုင်ရာ | FIU, UAGO | | Q2 | | ပြစ်မှုကျူးလွန်ရာမှ ရရှိသောပစ္စည်း များ ပြန်လည် သိမ်းဆည်းရမိရေး |

| | | | | | | |
|---|---|---|---|---|---|---|
| | အာရှ-ပစိဖိတ်ဒေသ အဖွဲ့ဝင် နိုင်ငံ အချင်းချင်း ကွန်ယက်ချိတ်ဆက်မှု အဖွဲ့သို့အဖွဲ့ဝင်အဖြစ် ဆက်သွယ် ဝင်ရောက်ခြင်း | | | | | ကွန်ယက်ဖြင့် နိုင်ငံ တကာ ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်နိုင်ခြင်း |

**သုံးသပ် တင်ပြချက်**

၁၃၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အနေဖြင့် ငွေကြေးခဝါမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ်တွင် ငွေကြေးဆိုင်ရာ အရေးယူ ဆောင်ရွက်ရေးအဖွဲ့၏ အကြံပြုချက်များနှင့်အညီ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင် ဖြည့်စွက်ခြင်းများ ဆက်လက်ဆောင်ရွက် ရမည်ဖြစ်ပါသည်။

၁၃၃။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးပြီးသော နိုင်ငံများနှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆိုင်ရာ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၃၄။ အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့မှ ၎င်းတို့၏ အဓိကလုပ်ငန်းစဉ် တစ်ရပ်အဖြစ် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အကောင် အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို အကဲဖြတ်ရန် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ ကွင်းဆင်းလေ့လာရေးအဖွဲ့ လာရောက်မည်ဖြစ်သည့်အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့အနေဖြင့် တာဝန်ခံဝန်ကြီးဌာနအနေဖြင့် ဌာနဆိုင်ရာများအားလုံး ပူးပေါင်း ပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၃၅။ သတင်းပို့အဖွဲ့အစည်းများမှ သတင်းပို့ချက်များအား Hard Copy စနစ်ဖြင့် ပေးပို့ လက်ခံစိစစ်သည့်စနစ်မှ Online မှ ပေးပို့နိုင်ရေး ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ကွန်ပျူတာ သတင်းအချက်အလက်သိမ်းသည့် စနစ်တစ်ရပ်ထူထောင်ရေး၊ နည်းဗျူဟာ စိစစ်ခြင်းနှင့် မဟာ ဗျူဟာ စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၃၆။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ်အား ၂၀၁၇ ခုနှစ်အတွင်းအပြီး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိဂုံး**

၁၃၇။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းတိုက်ဖျက်ရေးစနစ် ခိုင်မာစေရန်အတွက် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။